မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၂၈၀)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁ ရက်

၂၀၁၄ ခုနှစ်၊ ဇူလိုင် ၁၂ ရက်၊ စနေနေ့။

တို့တာဝန် အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့တွင် ဥပ္ပါတသန္တိစေတီတော် ရင်ပြင်တော်၌ ညနေဆည်းဆာချိန် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့မြင်ရစဉ်။ (သတင်းစဉ်)

ဝါဆိုလပြည့်ဓမ္မစကြာအခါတော်နေ့ ဥပ္ပါတသန္တိစေတီတော်၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိ

နေပြည်တော် ဇူလိုင် ၁၁

ဝါဆိုလပြည့်နေ့သည် "သန္ဓေတောထွက်ဓမ္မစက်၊ တစ်ချက်ပြာဋိဟာ" ဆိုသည့်အတိုင်း မယ်တော်မာယာ၏ဝမ်းကြာတိုက်၌ ဘုရားအလောင်းတော် ပဋိသန္ဓေ တည်တော်မူသောနေ့၊ သိဒ္ဓတ္ထမင်းသားဘဝတွင်နိမိတ်ကြီးလေးပါးကိုမြင်တော်မူ၍ သံဝေဂရပြီး တောထွက်တော်မူသောနေ့၊ ဘုရားအဖြစ်သို့ ရောက်ရှိပြီး ဓမ္မစကြာတရားဦးကို ပဉ္စဝဂ္ဂီငါးဦးအား ဟောကြားတော်မူသောနေ့၊ တတ္တိတစ်သင်းကိုနှိမ်နင်း၍ တန်ခိုးပြာဋိဟာပြတော်မူသောနေ့တို့ဖြစ်ခြင်းကြောင့် ထူးကဲသောနေ့တစ်နေ့ဖြစ်သည်။

ယနေ့ (၁၃၇၆ ခုနှစ် ဝါဆိုလပြည့်နေ့) အခါသမယ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ကောင်စီနှင့် ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးလိုဏ်တော်အတွင်းရှိ ဗုဒ္ဓပဋိမာကျောက်စိမ်းရုပ်ပွားတော်မြတ်များအား ဆဋ္ဌမအကြိမ် ဝါဆိုရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို အဆိုပါစေတီတော်လိုဏ်အတွင်း ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင် ဦးသန်းဌေး၊ ဦးကံချွန်၊ ဗိုလ်မှူးကြီးမြင့်အောင်သန်းနှင့်

စာမျက်နှာ ၉ ကော်လံ ၅ ❍

သ တင်း မာ တိ ကာ

ဝန်ပိုတင်ဆောင်လာသော ကျောင်းကားရေကန်ထဲထိုးကျ — စာ - ၄

သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်ရမည့် အနည်းဆုံးအခကြေးငွေ (ဆောင်းပါး) — စာ - ၆

အာဇာနည်နေ့ ဗိုလ်ချုပ်ပြတိုက် အခမဲ့ကြည့်ရှုလေ့လာနိုင် — စာ - ၁၀

ရှေးဟောင်းပစ္စည်းဟု ယူဆရသောပစ္စည်းများတွေ့ရှိ — စာ - ၁၃



မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ကျောင်းနှင့် ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့

ဇူလိုင် ၁၃ ရက်နေ့ကို ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့အဖြစ် ပညာရေးဝန်ကြီးဌာနက သတ်မှတ်ထုတ်ပြန်ထားသည်။ ဤသို့ရက်သတ်မှတ်လိုက်ခြင်းမှာ အခြေခံပညာကျောင်းများအားလုံး ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကို အစဉ်တစိုက် အလေးထားဆောင်ရွက်သွားကြရန် အသိပေးတိုက်တွန်းလိုက်ခြင်းပင်ဖြစ်သည်။ ကျောင်းတိုင်းကျောင်းတိုင်း စိမ်းလန်းရမည်။ စိုပြည်ရမည်။ သာယာအောင် ဆောင်ရွက်ရမည်။ သန့်ရှင်းသောကျောင်းဖြစ်ရမည်ဟူသောအချက်များအပေါ် အလေးထားလုပ်ဆောင်သွားရန် တိုက်တွန်းလိုက်ခြင်းလည်း ဖြစ်သည်။

အမှန်စင်စစ် စိမ်းလန်းစိုပြည်ရေးအလုပ်သည် တစ်နေ့တစ်ရက်တည်းလုပ်နိုင်သည့်ကိစ္စမဟုတ်သည်မှာ သေချာသည်။ ဤဇူလိုင် ၁၃ ရက်ကို အကြောင်းပြု၍ အစဉ်တစိုက်လုပ်ကိုင်ဆောင်ရွက်ရမည့် သဘောဖြစ်သည်။ ဤနေရာတွင် စိမ်းလန်းစိုပြည်အောင် စိုက်ပျိုးရေးနှင့် သန့်ရှင်းသောကျောင်းဖြစ်အောင် ဆောင်ရွက်ရေးသည် အရေးအကြီးဆုံးဖြစ်သည်။ စိမ်းလန်းစိုပြည်အောင် ဆောင်ရွက်ရန်မှာကား ကျောင်းနှင့်ပတ်ဝန်းကျင်တစ်ခွင်ဒေသအလိုက်ဖြစ်ထွန်းရှင်သန်မှုအားကောင်းသည့် အရိပ်ရအပင်ကြီးများနှင့် ပန်းအလှပင်များစိုက်ပျိုးသွားရန်ပင် ဖြစ်သည်။ ကျောင်းတိုင်းကျောင်းတိုင်း သန့်ရှင်းရေးကောင်းမွန်သော ကျောင်းများဖြစ်ရန်လည်း အရေးကြီးသည်။ ကျောင်းပတ်ဝန်းကျင်တွင် ချိုးနှယ်ပိတ်ပေါင်းများ၊ အမှိုက်ပုံများ၊ ရေဗွက်ရေအိုင်များရှိမနေသင့်ပါ။ သွေးလွန်တုပ်ကွေးကဲ့သို့သော ကူးစက်ရောဂါများဖြစ်ပွားလာနိုင်သည်။ အထူးသဖြင့် မိုးရွာသွန်းမှုအားကောင်းသော မြန်မာနိုင်ငံအောက်ပိုင်းဒေသရှိ ကျောင်းများ၌ အလေးထားဆောင်ရွက်သင့်သည်။ ကလေးများရောဂါကူးစက်ခံရမှုနှင့် ကျောင်းများသန့်ရှင်းရေးသည် တိုက်ရိုက်ဆက်စပ်ပတ်သက်လာနိုင်သည်။ ထို့ကြောင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးကို အထူးအလေးထားဆောင်ရွက်သင့်သည်။

ဤသို့လုပ်ကိုင်ဆောင်ရွက်နိုင်ရန်မှာ ကျောင်းရှိဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်မပြီးပါ။ သက်ဆိုင်ရာ မြို့နယ်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် ကျောင်းအကျိုးတော်ဆောင် မိဘပြည်သူများကပါ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမှသာလျှင် အဆင်ပြေချောမွေ့နိုင်မည်ဖြစ်သည်။ ကျောင်းကျန်းမာရေး၊ ကျောင်းသန့်ရှင်းရေးသည်အရေးကြီးသည်။ သန့်ရှင်းသောကျောင်းများဖြစ်ပါမှ ကလေးများ ကျန်းမာရေးထိခိုက်မှု လျော့နည်းမည်ဖြစ်သည်။

ကျောင်းဟူသည် ကျောင်းသား ကျောင်းသူတိုင်း၏ ပညာနို့ရည် သောက်သုံးသည့်နေရာများပင်ဖြစ်သည်။ ဤကျောင်း၊ ထိုကျောင်း၊ ၄င်းကျောင်းတို့မှ ပညာနို့ရည်သောက်သုံးကြ၍ လူလားမြောက်ကာ ပညာတတ်များမွေးထုတ်ပေးနိုင်ခဲ့ပေပြီ။ နောင်လည်း ပညာတတ်များ မွေးထုတ်ပေးနေဦးမည်သာဖြစ်သည်။ ဤသို့ပညာတတ်များ မွေးထုတ်ရာကျောင်းများတွင် အရိပ်အာဝါသ ပန်းမန်များနှင့် လှပတင့်တယ်ပြီး သန့်ရှင်းသောကျောင်းများဖြစ်အောင် အစဉ်ကြိုးပမ်းဆောင်ရွက်သင့်ပါကြောင်း။ ။

ထူးချွန်စွာအောင်မြင်ခဲ့ကြသူများအား ဂုဏ်ပြုဆုများချီးမြှင့်

သာစည် ဇူလိုင် ၁၁

ရွှေနှလုံးသား ပညာရေး ထောက်ပံ့ကူညီမှုအဖွဲ့က တက္ကသိုလ်ဝင်စာမေးပွဲတွင် အမှတ်(၁)နယ်မြေအတွင်းမှထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများကို ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည့်အခမ်းအနားကို ဇူလိုင် ၉ ရက် နံနက် ၈ နာရီက သာစည်မြို့ ဂါတ်တန်းဘုန်းတော်ကြီးကျောင်းတိုက်အတွင်းရှိ ဆန္ဒပြည့်ကျောင်းဆောင်တွင် ကျင်းပရာ ရွှေနှလုံးသားပညာရေးထောက်ပံ့ကူညီရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ဝင်း၊ တွဲဖက်အတွင်းရေးမှူး ဦးအောင်ခင်နှင့် မိတ္ထီလာမြို့စီးပွားရေးတက္ကသိုလ်မှ လက်ထောက်ကထိက ဒေါ်စန္ဒာလွင်တို့ကဂုဏ်ထူးဖြင့် အောင်မြင်သူများအား ဂုဏ်ပြုငွေနှင့် လက်မှတ်များ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **မောင်ကို(သာစည်)**

ပြည်တွင်းသတင်း

မွန်ပြည်နယ်တွင် မိုဘိုင်းဖုန်းများအတွက် ကေဘယ်ကြိုးများ တပ်ဆင်မည်

မော်လမြိုင် ဇူလိုင် ၁၁

Myanmar Fiber Optic Communication Network Co., Ltd. (MFOCN) မှ စီမံခန့်ခွဲရေးအရာရှိ ZHANG Yudong ဦးဆောင်သောအဖွဲ့သည် မွန်ပြည်နယ်တွင် မိုဘိုင်းဖုန်းများအတွက် ကေဘယ်ကြိုးများ တပ်ဆင်ရန်ကိစ္စနှင့်ပတ်သက်၍ ဇူလိုင် ၉ ရက် မွန်းတည့် ၁၂ နာရီက မွန်ပြည်နယ်အစိုးရအဖွဲ့ရုံးသို့လာရောက်ပြီး မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးအုန်းမြင့်၊ ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာခင်မောင်သွင်၊ စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာတိုးတိုးအောင်၊ မွန်ပြည်နယ် မြန်မာ့ဆက်သွယ်ရေး ပြည်နယ်ဦးစီးမှူးတို့နှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

(MFOCN) ကုမ္ပဏီမှ စီမံခန့်ခွဲရေးအရာရှိ ZHANG Yudong နှင့် လက်ထောက်အထွေထွေမန်နေဂျာ ဦးသောင်းမင်းထွဋ်တို့က ပြောကြားရာတွင် မိမိကုမ္ပဏီအနေဖြင့် ဖိုင်ဘာကြိုးများကို ပဲခူးတိုင်းဒေသကြီး ဘုရားကြီးမှတစ်ဆင့် စစ်တောင်း၊ မုပ္ပလင်၊ သထုံ၊ မော်လမြိုင်လမ်းကြောင်း ကေဘယ်ကြိုးများကို မြေမြှုပ်တပ်ဆင်မည် ဖြစ်ကြောင်း၊ မော်လမြိုင်မှတစ်ဆင့် ကရင်ပြည်နယ်ဘားအံ၊ မြဝတီဘက်သို့ ဆက်လက်ဆောင်ရွက်မည် ဖြစ်ကြောင်း၊ ကေဘယ်ကြိုးများကို ကားလမ်းဘေးတစ်လျှောက် မြေမြှုပ်တပ်ဆင်မည်ဖြစ်ကြောင်း၊ မကြာမီထုတ်ဝေကြေတော့မည့် တယ်လီနောနှင့် အော်ရီဒူး မိုဘိုင်းဖုန်းများအတွက်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများ၏ ခွင့်ပြုချက်များရရှိပြီးဖြစ်ကြောင်း၊ မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အကူအညီပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်းများကို ပြောကြားကြောင်း သိရသည်။

ထို့နောက် မွန်ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားရာတွင် သက်ဆိုင်ရာဌာနများ၏ ခွင့်ပြုချက်များဖြင့် ရွှေသံလွင်ကုမ္ပဏီ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာမြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့နှင့် ပူးပေါင်းဆောင်ရွက်ရန် လယ်ယာမြေ၊ ခြံမြေများပေါ် ဖြတ်သန်းရပါက လယ်ပိုင်ရှင်၊ ခြံပိုင်ရှင်များ ကျေနပ်အောင် အကျေအလည် ဆောင်ရွက်ရန်လိုကြောင်း၊ ဒီမိုကရေစီစနစ်ဖြစ်၍ အားလုံးသဘောတူရန် အရေးကြီးကြောင်း ပြောကြားသည်။

(လ/ဝ၁၂)

ထင်သာမြင်သာပြုပြင်စရာ

ပါဆယ်သိုလှောင်ရုံအဆောက်အအုံ အသစ်ပြန်လည်ဆောက်လုပ်ရန်လိုအပ်လျက်ရှိ

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်သည် မြန်မာနိုင်ငံတွင် မီးရထားလမ်းဆုံ မြို့တစ်မြို့အဖြစ် ထင်ရှားသောမြို့ဖြစ်သည်။ သာစည်မြို့မှ မီးရထားဖြင့် တောင်ပိုင်း ရှမ်းပြည်နယ်မြို့များသို့လည်းကောင်း၊ မန္တလေးနှင့်ရန်ကုန်မြို့များသို့လည်းကောင်း၊ မိတ္ထီလာ-မြင်းခြံ-နွားထိုးကြီးမြို့များသို့ လည်းကောင်းလွယ်ကူစွာ သွားလာနိုင်သည်။

ထိုသို့ မီးရထားဖြင့် လွယ်ကူစွာ သွားလာနိုင်မှုကြောင့် အဝေးမြို့များမှ ကုန်သည်ပွဲစားများကလည်း ကုန်ရထားများဖြင့် မိမိတို့၏ ကုန်ပစ္စည်းများကိုတင်၍သာစည်ဘူတာ ပါဆယ်ဌာနသို့လာရောက်အပ်နှံကြပြီး ထိုမှတစ်ဆင့် အခြားမြို့များသို့ ကုန်ပစ္စည်းများကို ကားများဖြင့်တင်၍ ပို့ဆောင်ကြသည်။ သာစည်ဘူတာရုံသည် ကြီးမားခံ့ထည်မှု ရှိနေသော်လည်း ကုန်ပစ္စည်းများ သိုလှောင်လက်ခံသိမ်းဆည်းရသည့် ပါဆယ်ဌာန၏ ပါဆယ်သိုလှောင်ရုံ အဆောက်အအုံကြီးမှာအမိုးမလုံ၊ အကာအရံမရှိဘဲရှိနေသဖြင့် ကုန်ပစ္စည်းများ ထားသိုရာတွင် ပျောက်ဆုံးမှုရှိလာမည်ကိုလည်းကောင်း၊ မိုးတွင်းကာလတွင် မိုးရေစိုမည်ကိုလည်းကောင်း စိုးရိမ်နေကြရသည်။

"ပါဆယ်သိုလှောင်ရုံကတော့ လုံးဝကို မြင်မကောင်းတော့ပါဘူး၊ အမိုးကမလုံ၊ အကာအရံတွေကလည်း လုံးဝမရှိတော့လက်ခံထားရှိရတဲ့ ကုန်ပစ္စည်းတွေလည်း အခုလို မိုးတွင်းမှာ မိုးရေ တွေစိုမှာကို စိုးရိမ်နေရပါတယ်။ ပြီးတော့လည်း ကုန်ပစ္စည်းတွေပျောက်ဆုံးသွားမှာကို စိုးရိမ်နေရပါတယ်။ အဆောက်အအုံ ပြန်လည်တည်ဆောက်ပေးဖို့ အထက်ကိုတင်ပြထားပါတယ်" ဟု သာစည်ဘူတာမှ ဝန်ထမ်းတစ်ဦးက ပြောပြသည်။

အဆိုပါ ပါဆယ်သိုလှောင်ရုံ အဆောက်အအုံကို ၁၉၉၅ ခုနှစ်က သွပ်မိုး၊ ထရံကာမြေစိုက်အဆောက်အအုံအဖြစ်ဆောက်လုပ်ခဲ့ပြီး နှစ်သက်တမ်းကြာလာသောအခါတွင် ပြန်လည်ပြုပြင်မှုအားနည်းသဖြင့် အဆောက်အအုံမှာ လေမိုးဒဏ်မခံနိုင်တော့ဘဲ ပျက်စီးလာရခြင်းဖြစ်ကြောင်း သိရသည်။

မောင်ကို(သာစည်)

ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်း ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇူလိုင် ၁၁

လူမှုဖူလုံရေးအဖွဲ့ဥက္ကဋ္ဌ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဇူလိုင် ၈ ရက်မှ ၉ ရက်ထိ ကျင်းပသည့် "အာဆီယံဒေသအတွင်း လူမှုရေးအကာအကွယ်ပေးမှုများ မြှင့်တင်ရေးညီလာခံ" သို့ တက်ရောက်ခဲ့ပြီး ဇူလိုင် ၁၀ မွန်းလွဲပိုင်းက ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

ဆရာတော် သံဃာတော်များအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၁

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကကြီးမှူးကျင်းပသည့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပိဋကသုံးပုံနိကာယ်စာသင်တိုက်ကြီး၌ ဝါဆိုဝါကပ်တော်မူကြမည့် ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့်ချီးကျူး ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါစာသင်တိုက်ကြီး၌ကျင်းပရာ ပိဋကသုံးပုံနိကာယ်စာသင်တိုက်ကြီး ပဓာနနာယက ရွှေရတုတိပိဋကဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသထံမှ ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များက မေတ္တသုတ်ပရိတ်တရားတော်များ ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့က ဝါဆိုသင်္ကန်း၊ နဝကမ္မအလှူတော်ငွေများနှင့် လှူဖွယ်ပစ္စည်းများကို ရွှေရတုတိပိဋကဆရာတော်ထံ ဆက်ကပ်လှူဒါန်းပြီး**(ယာပုံ)** တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး ဝန်ကြီးများက ဆရာတော်သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိပိဋကစာမေးပွဲတွင် ဝိနယဓရနှင့် ဥဘတောဝိဘင်္ဂရေဘွဲ့တံဆိပ်တော်ရ စာအောင်သံဃာတော် အရှင်သူမြတ်နှစ်ပါးတို့အား ဘွဲ့တံဆိပ်နှင့် လှူဖွယ်ပစ္စည်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရရှိခဲ့သည့် ဦးမျိုးညွန့် (သီဟသုဓမ္မမဏိဇောတဓရ) အား လည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရရှိခဲ့သည့် ဒေါ်ခင်ကြည် (အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ)အား လည်းကောင်း အသီးသီးထပ်ဆင့်ဂုဏ်ပြုချီးမြှင့်ပြီး အလှူရှင်သုံးဦးက ဆောက်လုပ်ဆဲ ရွှေရတုတိပိဋကလေးထပ်ကျောင်းဆောင်ကြီးအတွက် စုစုပေါင်းလှူဒါန်းငွေကျပ် ၆၄ သိန်းကို တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေရတုတိပိဋကဆရာတော်ထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့ကင်းထောက်ညီလာခံတွင် မြန်မာနိုင်ငံအမျိုးသမီး ကင်းထောက်အဖွဲ့အား တွဲဖက်အဖွဲ့ဝင်နိုင်ငံအဖြစ် အသိအမှတ်ပြုလွှာပေးအပ်

ရန်ကုန် ဇူလိုင် ၁၁

ဟောင်ကောင်တွင် ဇူလိုင် ၅ ရက်မှ ၉ ရက်အထိကျင်းပသည့် (၃၅)ကြိမ်မြောက် ကမ္ဘာ့ကင်းထောက် ညီလာခံသို့ မြန်မာအမျိုးသမီးကင်းထောက်မင်းကြီး ဒေါ်တင်လှကြည်၊ တွဲဖက်ကင်းထောက်မင်းကြီး ဒေါ်ခင်စောဥမ္မာ၊ အဖွဲ့ဝင် ဒေါက်တာမြင့်မြင့်စန်းတို့ပါဝင်သော မြန်မာအမျိုးသမီး ကင်းထောက်အဖွဲ့သည်**(ယာပုံ)** ယမန်နေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့်ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီး ကင်းထောက်ကြီး ဦးဉာဏ်ထွန်းဦး၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး) မှ တာဝန်ရှိသူများ၊ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများမှ အမျိုးသမီးကင်းထောက်လေးများနှင့် မြန်မာနိုင်ငံကင်းထောက်အဖွဲ့(ယာယီ) ကော်မတီအဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကြိုဆိုကြသည်။ ယခုနှစ်ကျင်းပသော ကမ္ဘာ့ကင်းထောက်ညီလာခံတွင် မြန်မာနိုင်ငံ အမျိုးသမီး ကင်းထောက်အဖွဲ့အား တွဲဖက်အဖွဲ့ဝင်နိုင်ငံအဖြစ် ဇူလိုင် ၆ ရက်က အသိအမှတ်ပြုလွှာ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝါဦးကုသိုလ်ဒါနပြု

ရန်ကုန် ဇူလိုင် ၁၁

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အရိုးကုန်းရပ်ကွက် (၁၄၇)လမ်း မိသားစုတို့က ယနေ့(ဝါဆိုလပြည့်)နံနက် ၉ နာရီခွဲတွင် လမ်းရှိ သံဃဒါန ဆွမ်းလောင်းမဏ္ဍပ်၌ တာမွေမြို့နယ် သီရိမင်္ဂလာကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တကောသလ္လထံမှ ကိုးပါးသီလခံယူဆောက်တည်ခြင်း၊ ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းဖြင့် ဝါဦးကုသိုလ်ဒါနပြုခဲ့ကြကြောင်းနှင့် ဝါတွင်းသုံးလဥပုသ်နေ့ နံနက်တိုင်း သီလခံယူပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ချစ်သန်း(သထုံ)

ဝါတွင်းစနေအပတ်စဉ် ဆွမ်းလောင်းလှူမည်

နေပြည်တော် ဇူလိုင် ၁၁

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက် ကံ့ကော်အိမ်ရာ ဝန်ထမ်းမိသားစုများ၏ ဒုတိယအကြိမ်မြောက် အရုဏ်ဆွမ်းလောင်းလှူပွဲကို မင်္ဂလာသိဒ္ဓိရပ်ကွက်မဏ္ဍပ်၌ ဇူလိုင် ၁၂ ရက် စနေနေ့ နံနက် ၅ နာရီမှစတင်ကာ အပတ်စဉ်စနေနေ့တိုင်း မစိုးရိမ်စာသင်တိုက်၊ အေးမြရွှေပြည်ကျောင်းတိုက်နှင့် သီဟိုဠ်ကျောင်းတိုက်တို့မှ ပင့်သံဃာ အပါး ၂၆၀ တို့အား ဆွမ်းလောင်းလှူမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

■ ကျောဖုံးမှ

ရတနာပုံအသင်းက အမှတ် ၃၀ ဖြင့် ပထမ၊ နေပြည်တော်အသင်းက ၂၅ မှတ်ဖြင့် ဒုတိယနေရာတို့တွင်ရပ်တည်နေသည်။ လက်ရှိချန်ပီယံ ရန်ကုန်၊ မကွေးနှင့် ကမ္ဘောဇတို့က ၂၄ မှတ်စီ ရရှိထားသည်။ အသင်းကြီး အချင်းချင်း တွေ့ဆုံသောပွဲများပါဝင်နေပြီး ထိပ်ဆုံးနေရာမှလွဲ၍ ကျန်နေရာများ အပြောင်းအလဲဖြစ်ပေါ်လာနိုင်သည်။

မကွေး-ရတနာပုံ

အမှတ်ပေးဇယားထိပ်ဆုံးမှ ရတနာပုံအသင်းနှင့် စတုတ္ထနေရာမှ မကွေးအသင်းတို့၏ ထိပ်တိုက်တွေ့ဆုံမှုဖြစ်သည်။ ရတနာပုံအသင်းမှာထိပ်ဆုံးတွင် ငါးမှတ်ပြတ်ဖြင့်ဦးဆောင်နေသော်လည်း ချန်ပီယံဆုအတွက် ယခုထက်ပိုမိုခြေမှန်ရန် လိုအပ်နေသည်။ ဒုတိယအကျော့တွင် နိုင်ငံခြားသားများ၏ ခြေစွမ်းပိုင်းကျဆင်းလာမှုကြောင့် ရတနာပုံအသင်း နိုင်ပွဲရရန် ရုန်းကန်လာရသည်။မကွေးအသင်းမှာ နှစ်ပွဲဆက်ရှုံးထားသော်လည်း ရတနာပုံအသင်းကို ဒုက္ခပေးနိုင်မည့်ခြေစွမ်းမျိုးပိုင်ဆိုင်ထားသည်။ အကြိတ်အနယ်ရှိပြီး ထိပ်ဆုံးမှ ရတနာပုံအသင်း ရုန်းကန်ရမည့်ပွဲပင်ဖြစ်သည်။

နေပြည်တော်-ဇေယျာဝတီ

နေပြည်တော်အတွက် အမှားလုပ်၍ မရသည့်ပွဲမျိုးဖြစ်သည်။ နိုင်ပွဲပျောက်ဆုံးသည်နှင့် ဒုတိယနေရာမှ ဖယ်ပေးသွားရနိုင်သည်။ ဇေယျာဝတီအသင်းကလည်း ပုံစံကောင်းပြသနေပြီး ရန်ကုန်-မကွေးတို့ကိုပင် အနိုင်ကစားထားသည်။ နေပြည်တော်အသင်းအိမ်ကွင်းဖြစ်သော်လည်း ရုန်းကန်သွားရနိုင်သည်။

❑ ကျောဖုံးမှ

သန်းဇော်ဌေး၏ ညာလက်သီးထိုးချက်ကြောင့် မိုက်မိုက် အမှတ်စဉ်တစ်ကြိမ်ခေါ်ခံရသည်။ ဒုတိယအချီတွင် သူတစ်ပြန်ကိုယ်တစ်ပြန် ထိမိကြသည်။ တတိယ အချီ၌ သန်းဇော်ဌေး၏တံတောင်ရိုက်ချက်ကြောင့် မိုက်မိုက်အနားတောင်းခံ ရပြီး စတုတ္ထအချီတွင် အလူးအလဲဖြင့် ပူးတွဲသရေကျသွားသည်။ ဆက်လက်၍ ငါးချိစိန်ခေါ်ပွဲဖြစ်သည့် ကျန်စစ်အောင်(တွံတေး) နှင့် စောသဲဦး (အုန်းပင်ချောင်း) တို့ ပွဲပထမအချီတွင် စောသဲဦး၏လက်သီးတွဲလုံးများကြောင့် ကျန်စစ်အောင် အထိနာခဲ့ရသည်။ ဒုတိယအချီ၌ ကျန်စစ်အောင်၏ ထောက်လက်သီးကြောင့် စောသဲဦးမျက်ခုံးကွဲခဲ့ရပြီး တတိယအချီနှင့် ပဥ္စမအချီ၌ နှစ်ဦးစလုံးလက်ဝှေ့သမ္မာဖြစ်ရာ တစ်ဦးနဲ့တစ်ဦး အမှားမခံဘဲ ပူးတွဲသရေဖြစ်ခဲ့သည်။ နောက်တစ်ပွဲဖြစ်သည့် ဝင်းထွန်း(တွံတေး) နှင့် ဖိုးသားကြီး (မန္တလေး)တို့ပွဲတွင် ဝါရင့်လက်ဝှေ့သမားဝင်းထွန်း၏လက်သီးတွဲလုံးများကြောင့် ဖိုးသားကြီး ပထမအချီ၌ ဘယ်ဘက်မျက်ခုံးကွဲကာ ဆရာဝန်စစ်ဆေးမှုခံယူပြီး ဆက်လက်ယှဉ်ပြိုင်ထိုးသတ်ကာ ပထမအချီ ပြီးဆုံးသွားသည်။ ဒုတိယအချီတွင် ဖိုးသားကြီးလက်သီးတွဲလုံးများကြောင့် ဝင်းထွန်းအနား တောင်းခဲ့ရသည်။ ဝင်းထွန်းက ဖိုးသားကြီးကို တတိယအချီ၌ ပြန်လည်တွဲလုံးများဖြင့် ထိုးသော်လည်း ဖိုးသားကြီးသက်လုံကောင်းကောင်းဖြင့် အစီးထိုးခဲ့ကာ ဝင်းထွန်း အမှတ်စဉ်ရေတွက်ခံရသည်။ စတုတ္ထအချီ၌ သူတစ်ပြန် ကိုယ်တစ်ပြန် ထိုးသော်လည်း ဝင်းထွန်းသက်လုံမရှိမှုကြောင့် ဖိုးသားကြီး၏ ဒူးနှင့် လက်သီးဒဏ်ကို မခံနိုင်ဘဲ ပြိုလဲခဲ့ကာ အမှတ်စဉ်ရေတွက်ခံရပြီး ဆက်လက်ယှဉ်ပြိုင်နိုင်ခြင်း မရှိခဲ့၍ စတုတ္ထအချီတွင် ဖိုးသားကြီး(မန္တလေး) အလဲထိုးအနိုင်ရရှိသွားသည်။

(မြန်မာ့အလင်း)

ကမ္ဘာ့ဖလားဘောလုံးပွဲကြောင့် သတင်းစာများ လက်ပွေ့အရောင်းသွက်

ရန်ကုန် ဇူလိုင် ၁၁

ဘရာဇီးနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပနေသည့်အကြိမ်(၂၀)မြောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အားကစားသတင်းများကို မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့က ရောင်စုံအချပ်ပိုများဖြင့် နေ့စဉ်ရက်ဆက် ဖော်ပြပေးနေသည်ကို တွေ့ရသည်။

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲသတင်းများ၊ ဓာတ်ပုံများ၊ ဆောင်းပါးများအပြင် ဝေဖန်အကြံပြုချက်များကို အလေးပေးဖော်ပြ ထုတ်ဝေခဲ့ရာ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာ လက်ပွေ့ရောင်းသူများ ယခင်ရောင်းချိန်ထက် စောစောစီးစီးရောင်းကုန်သွားသည့်အပြင် ရောင်းအားသွက်ကြောင်း၊ အားကစားဝါသနာရှင်များ စိတ်ဝင်တစား ဝယ်ယူအားပေးကြကြောင်း ရန်ကုန်မြို့ တာမွေမြို့နယ် ဗညားဒလလမ်းတစ်လျှောက် သတင်းစာ လက်ပွေ့ရောင်းသူလူငယ်တစ်ဦးက ပြောပြသည်။

ကိုချစ်

ရဲအရာရှိလေ့ကျင့်ရေးကျောင်းတွင် နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများ ဆွေးနွေး

ဇီးပင်ကြီး ဇူလိုင် ၁၁

နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများ တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်(၁)နှင့်ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ရဲအရာရှိလေ့ကျင့်ရေးကျောင်း(ဇီးပင်ကြီး) အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။ အခမ်းအနားတွင် ရဲအရာရှိ လေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီး ရဲမှူးကြီး မိုးမောင်သန်းက**(အောက်ပုံ)** ရဲတပ်ဖွဲ့ဝင်များ၏ ၂၀၁၄ ခုနှစ်အတွင်း တာဝန်ခံမှု၊ တာဝန်သိမှုနှင့် တာဝန်ယူမှုညွှန်းကိန်း ပေါင်းစပ်ဆောင်ရွက်နိုင်မှုများကို မိမိတို့၏လုပ်ငန်းတာဝန်အပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ရန် ကျန်ရှိမှု၊ ရှေ့ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ အသေးစိတ်ဆွေးနွေးမှာကြားခဲ့ပြီး ရဲအရာရှိလေ့ကျင့်ရေးကျောင်းရှိ ဌာနခွဲ ၁၆ မှ အဖွဲ့ ၁၆ ဖွဲ့တို့၏ ဌာနခွဲအလိုက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့ရာ ရဲအရာရှိ လေ့ကျင့်ရေးကျောင်းအရာထမ်း၊ အမှုထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများအား ဇူလိုင် ၁၄ ရက်မှစ၍ ဆက်လက်ဖွင့်လှစ်သွားရန် စီစဉ်ထားကြောင်း သိရသည်။

ကိုရဲ

ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာ ဘေးကင်းကွာ

နိုင်ငံတကာသတင်း

အာဖဂန်သမ္မတရွေးကောက်ပွဲ အငြင်းပွားမှု ဖြေရှင်းရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အာဖဂန်သို့ရောက်လာ

ကဘူးလ် ဇူလိုင် ၁၁

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက သူ့အနေဖြင့် အာဖဂန် အငြင်းပွား သမ္မတရွေးကောက်ပွဲ တင်းမာမှု ဖြေရှင်းရန်ကြိုးစားနေသကဲ့သို့ အာဖဂန်နစ္စတန်အခြေအနေမှာ စိုးရိမ်နေရသည်ဟု ပြောဆိုလိုက်သည်။

သူ့အနေဖြင့် ဇွန်လရွေးကောက်ပွဲ၌ သမ္မတလောင်းနှစ်ဦးစလုံးက အနိုင်ရသည်ဟု ပြောဆိုနေချိန် ၎င်းတို့နှင့်တွေ့ဆုံလျက် မျှတမှန်ကန်စွာ ဆောင်ရွက်နိုင်ရေးအတွက် အာဖဂန်သို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း မစ္စတာကယ်ရီက ပြောကြားလိုက်သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် အာဖဂန်သို့ လာရောက်လည်ပတ်စဉ်အတွင်း သမ္မတလောင်းအဗ္ဗဒူလာနှင့်လည်းကောင်း၊ အက်ရှရပ်ဂါနီနှင့် လည်းကောင်း တွေ့ဆုံဆွေးနွေးသွားမည်ဟု ဆိုသည်။

လက်ရှိသမ္မတ ဟာမစ်ကာဇိုင်းသည် ၁၀ နှစ်ကျော်တာဝန်ထမ်းဆောင်ခဲ့ပြီးဖြစ်၍ ရာထူးမှ ဆင်းပေးရမည်ဖြစ်သည်။ ၎င်းသည် အမေရိကန်ဦးဆောင်ပြီး တာလီဘန်အစိုးရကို ဖြုတ်ချပြီးကတည်းက အာဏာရယူထားသည်။

အဆိုပါ သမ္မတရွေးကောက်ပွဲ ရှုံးနိမ့်သွားသည်ဆိုသော မစ္စတာအဗ္ဗဒူလာက သူ့အနေဖြင့် စင်ပြိုင်အစိုးရထူထောင်သွားရန် စီစဉ်နေသည်ဆိုခြင်းအပေါ် အမေရိကန်က စိုးရိမ်ပူပန်လျက်ရှိသည်။

"ကျွန်တော်တို့ အာဖဂန်နစ္စတန်နဲ့ပတ်သက်လို့ အလွန်ကို စိုးရိမ်ပါတယ်" ဟု ကဘူးလ်မြို့ အမေရိကန်သံရုံး၌ ကုလသမဂ္ဂအကူအညီပေးရေး မစ်ရှင်အကြီးအကဲနှင့် တွေ့ဆုံအပြီး မစ္စတာ ဂျွန်ကယ်ရီက ပြောဆိုလိုက်သည်။

အာဖဂန်သမ္မတ ရွေးကောက်ပွဲ တာဝန်ရှိသူများ၏ ကြေညာထားသော ကနဦး ရလဒ်များအရ မစ္စတာ ဂါနီသည် ၅၆ ဒသမ ၄၄ ရာခိုင်နှုန်းဖြင့် အနိုင်ရခဲ့သည်ဟုဆိုသည်။

ထိုအတောအတွင်း မစ္စတာ အဗ္ဗဒူလာက ၄၃ ဒသမ ၅၆ ရာခိုင်နှုန်းရသည်ဟုဆိုသည်။ သမ္မတလောင်းနှစ်ဦးက မဲလိမ်မှုများရှိသည်ဟု အပြန်အလှန်စွပ်စွဲလျက်ရှိသဖြင့် မဲရုံပေါင်း ၇၀၀၀ ကျော်ကို မဲများ ပြန်လည်စစ်ဆေးလျက်ရှိသည်။

(ဘီဘီစီ)

အစ္စရေးလေကြောင်းထိုးစစ်ဆင်တိုက်ခိုက်မှု ပါလက်စတိုင်းကျန်းမာရေး ဝန်ဆောင်မှုထိခိုက်ပျက်စီး

ဂါဇာ ဇူလိုင် ၁၁

သိမ်းပိုက်ထားသော ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးတို့က လေကြောင်းမှ ထိုးစစ်ဆင်အရှိန်မြှင့်တိုက်ခိုက်နေမှုကြောင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းမှာ အဆောက်အအုံပျက်များကြား ရောက်ရှိသွားပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)ကပြောကြားလိုက်သည်။

ဂါဇာသည် ဆေးရုံဂျင်နရေတာများအတွက် ဆီနှင့် ဆေးဝါးများ ပြတ်လပ်မှုနှင့် ရင်ဆိုင်နေရကြောင်း အဆိုပါ ကုလသမဂ္ဂအေဂျင်စီက ပြောသည်။

အင်္ဂါနေ့မှ စတင်ကာ အစ္စရေးတို့ကထိုးစစ်ဆင်တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၁၀၀ ခန့်သေဆုံးခဲ့ရကြောင်း၊ သေဆုံးသူ သုံးပုံတစ်ပုံမှာ အမျိုးသမီးများနှင့် ကလေးများဖြစ်ကြောင်း ပါလက်စတိုင်း သတင်းရပ်ကွက်များက ပြောသည်။

ဒုက္ခသည်စခန်းတစ်ခုရှိဆေးရုံတစ်ရုံ၊ ဆေးပေးခန်း သုံးခုနှင့် ရေပေးဝေရေးစနစ်တစ်ခုမှာလည်း ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပျက်စီးသွားခဲ့ရသည်ဟု ဆိုသည်။

ဆေးရုံများအတွက် အရန်ဆီ ၁၀ ရက်စာသာလျှင် ရှိတော့ကြောင်း၊ မကြာခဏ မီးပြတ်နေရကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအား မကြာမီလများက လစာမပေးနိုင်ခဲ့ကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောသည်။

(ပရက်စ်တီဗွီ)

ဝန်ပိုတင်ဆောင်လာသောကျောင်းကား ရေကန်ထဲထိုးကျ

ဟူနန် ဇူလိုင် ၁၁

တရုတ်နိုင်ငံ ဟူနန်ပြည်နယ် မူလတန်းကျောင်းတစ်ကျောင်းမှ ကျောင်းသားများ အဆမတန်တင်ဆောင်လာသော မီနီဗင်ဖယ်ရီကားတစ်စီး ရေကန်အတွင်း ထိုးကျသွားခဲ့ရာ ကားပေါ်ပါ ၁၁ ဦးလုံး သေဆုံးသွားခဲ့သည်ဟု ဘီဘီစီသတင်းတစ်ရပ်တွင် သိရှိရသည်။

အဆိုပါ ဗင်ကားသည် ကားမောင်းသူတစ်ဦးအပါအဝင် ကျောင်းသားရှစ်ဦး၊ ဆရာနှစ်ဦးကို တင်ဆောင်လာခဲ့ကြောင်း၊ ၎င်းသည် ခုနစ်ဦးသာတင်ဆောင်ရသောကားဖြစ်ကြောင်း ဖော်ပြခဲ့သည်။

၎င်းအဖြစ်အပျက်သည် ပြည်နယ်မြို့တော် ချန်ရှာမြို့အနီး တောင်ကုန်းဒေသ၌ ညနေပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဒေသမီဒီယာများအရ ၎င်းနေရာသည် ကျဉ်းမြောင်းသော လမ်းကြောတစ်ခုဖြစ်သည်ဟု ဆိုသည်။ တရုတ်နိုင်ငံသည် ကျောင်းအကြိုအပို့အရေးကိစ္စကို အလေးထားခဲ့သော်လည်း ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပွားလျက်ရှိသည်။

ကျေးလက်ဒေသမှ ကလေးငယ်များသည် ပညာသင်ကြားရန်အတွက် အလှမ်းဝေးကွာသော ဒေသများသို့ သွားရောက်ကြရသည့်အခါ ၎င်းတို့သည် လူများပြည့်ကျပ်နေသောကားများကို စီးရသည်ဟု ဆိုသည်။

၂၀၁၁ ခုနှစ်ကလည်း မြူများကျနေသောကြောင့် ကျောင်းဘတ်စ်ကားနှင့် ကျောက်မီးသွေးတင်ဆောင်လာသောကားတို့ တိုက်မိကြရာ ကလေးငယ် ၂၀ သေဆုံးခဲ့ရသည်။ တရုတ်အစိုးရသည် ကျောင်းကြို/ပို့ကားများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆမတန်ဝန်ပိုတင်ဆောင်မှုများကို ပြစ်ဒဏ်များပေးရန် ဥပဒေသစ်များ ထုတ်ပြန်ထားသည်။

(ဘီဘီစီ)

အိန္ဒိယစစ်အသုံးစရိတ် ယခင်နှစ်ထက် ၁၂ ရာခိုင်နှုန်းတိုးမြှင့် သုံးစွဲမည်

နယူးဒေလီ ဇူလိုင် ၁၁

အိန္ဒိယနိုင်ငံက ၂၀၁၄-၂၀၁၅ စစ်အသုံးစရိတ်ကို ယခင်နှစ်နှင့်နှိုင်းစာလျှင် ၁၂ ရာခိုင်နှုန်းတိုးမြှင့်သုံးစွဲသွားမည်ဖြစ်ကြောင်း ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။ အိန္ဒိယတပ်မတော်၏ ခေတ်မီအောင်ဆောင်ရွက်ရန်မှာ စိုးရိမ်နေရကြောင်း ဘဏ္ဍာရေးဝန်ကြီး အာရန်ဂျိုက်တလီက ကြာသပတေးနေ့တွင် အောက်လွှတ်တော်သို့ အစိုးရ၏ ပထမဆုံးဘတ်ဂျက်သစ်အဖြစ် တင်ပြစဉ် ပြောကြားလိုက်သည်။

ပြီးခဲ့သည့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် စစ်အသုံးစရိတ် ရူပီး ၂ ဒသမ ၀၃ ထရီလီယံ သုံးစွဲခဲ့ရာမှ တိုးမြှင့်သုံးစွဲသွားမည်ဖြစ်ကြောင်း၊ လက်ရှိဘတ်ဂျက်တွင် ကာကွယ်ရေးလုပ်ငန်း၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံရန် တံခါးဖွင့်ထားကြောင်း၊ ကာကွယ်ရေးဘတ်ဂျက်ကို ၂၆ ရာခိုင်နှုန်းမှ ၄၉ ရာခိုင်နှုန်းအထိ မြှင့်တင်သွားရန်လိုကြောင်း ဝန်ကြီးချုပ်နရိန္ဒြာမိုဒီ၏ အစိုးရအဖွဲ့ ကာကွယ်ရေးဝန်ကြီးအဖြစ်လည်း တာဝန်ထမ်းဆောင်နေသူ ဂျိုက်တလီက ပြောသည်။ လက်ရှိအိန္ဒိယနိုင်ငံ၏ စစ်အသုံးစရိတ်သည် ယခင်အစိုးရ ယခုနှစ်ဆန်းပိုင်းက ကြားဖြတ်ဘတ်ဂျက်တွင် အစိုးရကသဘောတူညီခဲ့သည်ထက်ပိုများပြီး ရူပီး ဘီလီယံ ၅၀ နီးပါးရှိသည်ဟု ဆိုသည်။

တရုတ်နှင့်ပါကစ္စတန်ခြိမ်းခြောက်လာနိုင်သည်များကို တုံ့ပြန်ရန် အိန္ဒိယစစ်တပ်ကို တောင့်တင်းခိုင်မာအောင် ဆောင်ရွက်သွားရန် အာဏာရဘီဂျေပီပါတီက ဆော်ဩထားသည်။

(ပရက်စ်တီဗွီ)

လစ်ဗျားနိုင်ငံတွင်း လုံခြုံရေးအခြေအနေကြောင့် ကုလဝန်ထမ်းများ နေရာပြောင်းရွှေ့

ထရီပိုလီ ဇူလိုင် ၁၁

မြောက်ပိုင်းအာဖရိကန်နိုင်ငံဖြစ်သည့် လစ်ဗျားတွင် လုံခြုံရေးအခြေအနေယိုယွင်းနေသည့်ကြားမှာပင် ကုလသမဂ္ဂသည် လစ်ဗျားရောက် ၎င်းတို့၏ဒါဇင်နှင့်ချီသော ဝန်ထမ်းများအား အီတလီသို့ ရွှေ့ပြောင်းလိုက်ကြောင်း သိရသည်။

ကျန်ရှိသည့် ဝန်ထမ်းများနှင့် လက်ရှိလုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လစ်ဗျားနိုင်ငံသို့ ကုလသမဂ္ဂမှ ကူညီထောက်ပံ့ရေးမစ်ရှင် (UNSMIL)မှ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောကြားခဲ့သည်။ လုံခြုံရေးအခြေအနေ ပြန်လည်ကောင်းမွန်ပါက ဝန်ထမ်းများအား ပြန်လည်စေလွှတ်မည်ဟု ၎င်းက ထပ်လောင်းပြောကြားလိုက်သည်။

လက်ရှိဝန်ထမ်းဦးရေအားလျှော့ချခြင်းသည် နိုင်ငံတွင်းဖြစ်နေသော ပြည်တွင်းရေးလုံခြုံမှုအခြေအနေကြောင့်ဟု သိရပြီး ပြီးခဲ့သည့်လအနည်းငယ်က အခြေအနေနှင့်ပတ်သက်၍ ဝန်ထမ်းများ၏ လုံခြုံမှုစိုးရိမ်ရမှုကြောင့် ပြုလုပ်ရခြင်းဖြစ်သည်ဟု ဆိုထားသည်။

လစ်ဗျားနိုင်ငံသည် လစ်ဗျားခေါင်းဆောင်ဟောင်း ကဒါဖီအားဖြုတ်ချအပြီး ၂၀၁၁ ခုနှစ်က လူထုအုံကြွလှုပ်ရှားမှုများအတွင်း အဓိကနေရာမှ ပါဝင်ခဲ့ကြသော ပြိုင်ဘက်လက်နက်ကိုင်အုပ်စုနှင့် အစိုးရတပ်ဖွဲ့များကြား ပဋိပက္ခများ မကြာမကြာဖြစ်ပေါ်မှု ကြုံတွေ့နေရသည်။

လစ်ဗျား ဗဟိုအစိုးရက တရားဥပဒေစိုးမိုးရေးရှိရန် အင်တိုက်အားတိုက် ဆောင်ရွက်နေသော်လည်း သူပုန်အုပ်စုက လက်နက်ချရန် ငြင်းဆန်လျက်ရှိသည်။

(ပရက်တီဗွီ)

ကြည့်မြင်တိုင်မှ ရွှေထည်ပစ္စည်းများ ခိုးသွားသူ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၌ ဖမ်းမိ

ရန်ကုန် ဇူလိုင် ၁၁

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးအနောက်ရပ်ကွက် အုန်းပင်လမ်း အမှတ် ၃၄ -ငါးလွှာ ဧည့်ခန်းတွင်ထားသည့် ကျွန်းဗီရိုအတွင်းမှ စုစုပေါင်းရွှေအလေးချိန် ၃၀ ကျပ်သားခန့်ရှိ ရွှေထည်ပစ္စည်းမျိုးစုံ (ငွေကျပ် ၂၁၈ သိန်းကျော်) ပျောက်ဆုံးမှုတစ်ရပ်ဖြစ်ပွားခဲ့သည်။

ဒေါ်သင်းသင်းခိုင်၏ မိခင်ဖြစ်သူ ဒေါ်ကြည်မြက ဇူလိုင် ၈ ရက် မွန်းတည့် ၁၂ နာရီတွင် ဗီရိုကို ဖွင့်ကြည့်ရာမှ ဗီရိုအတွင်း၌ ပလက်တီနမ်ဆွဲကြိုးတစ်ကုံး၊ စိန်လော့ကတ်တစ်ခု၊ ငွေကျပ်သိန်း ၄၀ သာရှိပြီး ခြောက်လက်မခန့်အရွယ် ပန်းရောင်အိတ်(အကြည်)ဖြင့် ထည့်ထားသော ရွှေထည်ပစ္စည်းမျိုးစုံ (ရွှေအလေးချိန် စုစုပေါင်း ၃၀ ကျပ်သားခန့်) ငွေတန်ဖိုးအားဖြင့် ကျပ် ၂၁၈၇၀၀၀၀ ကျော်မှာ ပျောက်ဆုံးနေကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည်ဟု သိရသည်။

ဗီရိုတံခါးမှာလည်း ခြေရာလက်ရာမပျက်သည့်အတွက် မိသားစုဝင်များကို မေးကြည့်ရာ ဇူလိုင် ၅ ရက်မွန်းတည့် ၁၂ နာရီခန့်မှ ညနေ ၃ နာရီအထိ သမီးဖြစ်သူ မသင်းသင်းခိုင်၏သူငယ်ချင်း မအိအိခိုင် လာသွားကြောင်း၊ မအိအိခိုင်မှာ ငွေကြေးလာရောက်ချေးငှားဖူးသူဖြစ်ပြီး ယခုအခါငွေကြေးအသုံးအစွဲများနေကြောင်း စုံစမ်းချက်များအရ ကြည့်မြင်တိုင်မြို့မရဲတပ်ဖွဲ့တွင် မသင်းသင်းခိုင်က အမှုဖွင့်လာရောက်တိုင်ကြားခဲ့ခြင်းဖြစ်သည်။

အမှုကို လက်ခံပြီး ကြည့်မြင်တိုင်မြို့မရဲစခန်းမှ အမှုစစ်ရဲအုပ်ဖြိုးဝေမင်းနှင့်အဖွဲ့သည် အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့ မှူးရုံးမှ ရဲတပ်ကြပ်ဇော်ဝင်းခိုင်၊ ရဲတပ်ကြပ် အောင်အောင်မြင့်ဝင်းတို့ အဖွဲ့နှင့်ပူးပေါင်း၍ ဈေးကြီးအနောက်ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ခိုင်တို့နှင့်အတူ ဇူလိုင် ၉ ရက်က မအိအိခိုင်နေထိုင်သည့် ဒဂုံမြို့သစ်(အရှေ့ပိုင်းမြို့နယ်)အမှတ်(၁၂)ရပ်ကွက်သို့ သွားရောက်ရှာဖွေခဲ့ရာ ည ၈ နာရီခွဲခန့်တွင် မအိအိခိုင်ကို ဖမ်းဆီးနိုင်ခဲ့သည်။

ရွှေထည်ပစ္စည်း များခိုးယူသူ မအိအိခိုင်။

ထိုမှ မအိအိခိုင်နေထိုင်ရာ အိမ်အတွင်းသို့ သက်သေများနှင့်အတူ ရှာဖွေခဲ့ရာ ခိုးယူသွားခဲ့သော ရွှေထည်ပစ္စည်းအား ပြန်လည်သိမ်းဆည်းနိုင်ခဲ့သည်။

ကျန်ရှိနေသေးသော ရွှေထည်ပစ္စည်းများကို အမြန်ဆုံး ပြန်လည်သိမ်းဆည်းနိုင်ရေးအတွက် ရဲအုပ်ဖြိုးဝေမင်းနှင့်အဖွဲ့က ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ကြည့်မြင်တိုင်မြို့မ ရဲတပ်ဖွဲ့ထံမှ သိရသည်။

ဘော်ဂါသွေး

ဆူးလေမီးပွိုင့်တွင် ယာဉ်နှစ်စီးတိုက်မိ တိမ်းမှောက်၍ ယာဉ်ပေါ်ပါသူနှစ်ဦး ဒဏ်ရာရရှိ

ရန်ကုန် ဇူလိုင် ၁၁

ကျောက်တံတားမြို့နယ် ဆူးလေမီးပွိုင့်တွင် ဇူလိုင် ၁၀ ရက် ညပိုင်းက ယာဉ်နှစ်စီးတိုက်မိကာ တိမ်းမှောက်ခဲ့၍ ယာဉ်ပေါ်ပါသူနှစ်ဦး ဒဏ်ရာရခဲ့သည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၀ ရက် ည ၁၁ နာရီ မိနစ် ၅၀ က ကျောက်တံတားမြို့နယ် အနော်ရထာလမ်းအတိုင်း ဗိုလ်တထောင်မြို့နယ်ဘက်မှ ပန်းဘဲတန်းမြို့နယ်ဘက်သို့ သာကေတမြို့နယ်နေ ယာဉ်မောင်း ကိုအောင်စိုးမိုးကျော် (၄၂ နှစ်) မောင်းနှင်လာသော DD -----အငှားယာဉ်နှင့် ဆူးလေဘုရားလမ်းအတိုင်း ဆူးလေရှန်ဂရီလာ ဟိုတယ်ဘက်မှ ဆူးလေဘုရားကြီးဘက်သို့ ဆိပ်ကြီးခနောင်တိုမြို့နယ်နေ ယာဉ်မောင်း ကိုမျိုးဝင်းအောင် (၃၀နှစ်) မောင်းနှင်လာသော ၅ခ/. . . ဒိုင်နာကိုယ်ပိုင်ယာဉ်တို့သည် အနော်ရထာလမ်းနှင့် ဆူးလေဘုရားလမ်းဆုံတွင် တိုက်မိခဲ့ကြရာ ၅ခ/. . . ယာဉ်မှာ အတိုက်ခံရသည့်အရှိန်ကြောင့် တိမ်းမှောက်သွားခဲ့သည်။ **(ယာပုံ)**

အဆိုပါ ယာဉ်တိုက်မှုကြောင့် ယာဉ်နှစ်စီးပျက်စီးပြီး ၅ခ/. . . ယာဉ်ပေါ်ပါ မနုနုလွင်တွင် ဒဏ်ရာရ(စိုးရိမ်ရ)နှင့် ဦးတင်အောင်တွင် ဒဏ်ရာ(မစိုးရိမ်ရ) တို့ရရှိခဲ့ကာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသခဲ့ရသောကြောင့် ယင်းကဲ့သို့ ယာဉ်ကို မဆင်မခြင် မောင်းနှင်ကြသူများဖြစ်သည့် ကိုအောင်စိုးမိုးကျော်နှင့် ကိုမျိုးဝင်းအောင်တို့ကို ကျောက်တံတားမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

စိုးဝင်း(SP)

ပျဉ်းမနားမြို့တွင် ကျင်းတူးရာမှ လက်ပစ်ဗုံးနှစ်လုံးတွေ့ရှိ

ပျဉ်းမနား ဇူလိုင် ၁၁

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့တွင် ကျင်းတူးရာမှ လက်ပစ်ဗုံးနှစ်လုံးကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက တွေ့ရှိခဲ့ကြောင်း သိရသည်။ **(အောက်ဝဲပုံ)**

ဇူလိုင် ၁၁ ရက် နံနက် ၁၀ နာရီခွဲခန့်က ပျဉ်းမနားမြို့ ဥယျာဉ်စုရပ်ကွက် ၅ လမ်း၊ အိမ်အမှတ် (၁/၄၅) ဦးမြင့်စိုး ၅၀ နှစ်၏ နေအိမ်ဝိုင်း အနောက်မြောက်ထောင့်တွင် ကိုတင်ဦး (၄၀နှစ်) ကျပန်း၊ ကိုငယ် (၂၆ နှစ်) ကျပန်း ညီအစ်ကို နှစ်ဦးမှ အိမ်သာကျင်းတူးရာ ကျင်း၏အနက် ၄ ပေ၊ အကျယ် ၃ ပေအရောက်တွင် သံချေးတက်လက်ပစ်ဗုံးနှစ်လုံး တွေ့ရ၍ အိမ်ရှင်ဦးမြင့်စိုးအား ပြသရာ အိမ်ရှင်က ဥယျာဉ်စုရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ ဆက်လက်သတင်းပေးပို့ချက်အရ ပျဉ်းမနားမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး သန်းမြင့်၊မြို့မရဲစခန်းမှူး ဒုရဲမှူး မျိုးသန်းဝင်း၊ အမှတ် (၈၅) ခြေလျင်တပ်ရင်းမှ တပ်ရေးဗိုလ်ကြီးစိုးသိန်း၊ အမှတ်(၂) စစ်လက်နက်ပစ္စည်းတပ်ရင်းမှ ဗိုလ်ကြီးကျော်ကျော်လွင်၊ အမှတ် (၉၂၀) စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းမှ ဗိုလ်ညဏ်ဝင်းထွန်းတို့ ရောက်ရှိလာပြီး စစ်ဆေးရာ အမှတ် (၃၆) နှစ်ဖက်ပိတ်လက်ပစ်ဗုံး၊ စစ်ကျန်လက်ပစ်ဗုံးဟောင်းဖြစ်ကြောင်း သိရပြီး စစ်ကျန်လက်ပစ်ဗုံးဟောင်းနှစ်လုံးအား နေပြည်တော် ဥတ္တရသီရိမြို့နယ် တောင်ညို-မိုးဆွေရှိ အမှတ်(၂) တပ်မတော် တန်းမြင့်လေ့ကျင့်ရေး သင်တန်းကျောင်းသို့ ပို့ဆောင်မည်ဖြစ်ကြောင်း သိရသည်။

မင်းမင်းလတ်(ရှပ)

ပြည်တွင်းသတင်း

နိုင်ငံတကာမီဒီယာများထဲက မြန်မာနိုင်ငံအကြောင်း

Burmese Days စာအုပ်ရေးသားသူ စာရေးဆရာ ဂျော့ချ်အော်ဝဲလ်ကိုရည်စူးပြီး ပြတိုက်သစ်လှူဒါန်း

ဇူလိုင် ၂ ရက်ထုတ် နယ်သာလန်အခြေစိုက် NRC Handelsblad သတင်းစာက အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ် မိုတီဟာရီမြို့ရှိ ပြတိုက်သစ်တစ်ခုကို အင်္ဂလန်နိုင်ငံသား စာရေးဆရာ ဂျော့ချ်အော်ဝဲလ်အား ရည်စူးပြီး လှူဒါန်းတော့မည်ဖြစ်ကြောင်း၊ စာရေးဆရာအော်ဝဲလ်သည် ယင်းဒေသ၌ မွေးဖွားခဲ့ပြီး ကြီးပြင်းလာသောအခါ မြန်မာနိုင်ငံရှိ ကိုလိုနီရဲတပ်ဖွဲ့အတွက် တာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ သို့သော် အော်ဝဲလ်သည် ဘယ်အခါမျှ ဇာတိမြေသို့ ပြန်မလာတော့သည်ကို သူရေးသားပြုစုထားသည့် Burmese Days အမည်ရှိ စာအုပ်မှတ်တမ်းများအရသိရကြောင်း၊ သူသည် ကိုလိုနီအာဏာပိုင်များအပေါ် မကျေမနပ်ဖြစ်ခဲ့ရာမှ ၁၉၂၇ ခုနှစ်က မြန်မာနိုင်ငံရှိ ၎င်း၏ရာထူးမှနုတ်ထွက်ခဲ့ပြီး ထိုကာလကတည်းက အာရှဒေသသို့ လုံးဝပြန်လှည့်မလာတော့ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားသည်။

ကမ္ဘာနှင့်အဆက်အသွယ်မရှိသော လူမျိုးများ

ဩစတြီးယားနေ့စဉ်သတင်းစာတစ်စောင်ဖြစ်သည့် Die Presse က ဇူလိုင် ၃ ရက်တွင် ကမ္ဘာနှင့်အဆက်အသွယ်အနည်းငယ် (သို့မဟုတ်) အဆက်အသွယ်လုံးဝမရှိသော သီးခြားနေထိုင်သည့် လူမျိုးများနှင့်ပတ်သက်၍ ဆောင်းပါးတစ်ပုဒ်ရေးသားဖော်ပြခဲ့ရာ ယင်းလူမျိုးများမှာ မြန်မာနိုင်ငံတောင်ပိုင်းရှိ အိန္ဒိယသမုဒ္ဒရာတွင် တည်ရှိသော မြောက်ဆင်တီနယ်ကျွန်း (North Sentinel Island) တွင် နေထိုင်ကြသည်ဟု အင်န်ဂျီအိုအဖွဲ့တစ်ဖွဲ့ဖြစ်သော Survival International အဆိုအရ သိရကြောင်း ရေးသားဖော်ပြထားသည်။

မြန်မာပြည်သူများ ဧည့်ဝတ်ကျေကြောင်းပြောပြသည့် ဂျာမနီခရီးသွားမောင်နှံ

အလားတူပင် ဇူလိုင် ၃ ရက်နေ့ထုတ် ဂျာမနီနေ့စဉ်သတင်းစာတစ်စောင်ဖြစ်သည့် Suddeutsche Zeitung က ဂျာမနီနိုင်ငံသား ဇနီးမောင်နှံ ကာရီနာဒါးလ် နှင့် ဂျန်မာကောက်စ်ဆိုသူတို့သည် ၂၀၁၁ ခုနှစ် ဧပြီလကတည်းက မော်တော်ဆိုင်ကယ်ဖြင့် ကမ္ဘာတစ်ဝန်းလုံးသို့ ခရီးနှင်ခဲ့ရာ နယူးဇီလန်နိုင်ငံ၌ ရက်ရှည်ခရီးတစ်ထောက်အနားယူနေထိုင်ခဲ့ပြီးနောက် လွန်ခဲ့သည့်လအနည်းငယ်က အာရှဒေသသို့ရောက်ရှိခဲ့ကြောင်း၊ မြန်မာပြည်ကို ဖြတ်သန်းသွားစဉ်ဒေသခံပြည်သူများက ၎င်းတို့ ဇနီးမောင်နှံအား ညအိပ်နားရန် ဖိတ်ခေါ်ခဲ့ကြကြောင်း၊ ဒေသခံပြည်သူအများစုမှာ အင်္ဂလိပ်ဘာသာစကားမတတ်ကြသဖြင့် ဓာတ်ပုံများပြသခြင်းနှင့် ခြေဟန်လက်ဟန်ပြခြင်းများဖြင့် ၎င်းတို့ဇနီးမောင်နှံနှင့် ဆက်သွယ်ပြောဆိုမှုပြုလုပ်ခဲ့ကြကြောင်း၊ သို့သော် မြန်မာပြည်သူများသည် ရက်ရောပြီး ဧည့်ဝတ်ကျေပွန်ကြသူများဖြစ်ကြောင်းကို အဆိုပါ ဇနီးမောင်နှံက ပြောကြားကြောင်း စသည်ဖြင့်ရေးသားဖော်ပြထားသည်။

ပဋိဇီဝဆေးမတိုးသည့်ရောဂါပိုးများ တိုက်ဖျက်ရန် ဗြိတိန်ဆောင်ရွက်မည်

ဇူလိုင် ၂ ရက်ထုတ် UK အခြေစိုက် တိုင်းမ်စ်သတင်းစာက ဗြိတိန်အစိုးရသည် ဆေးပညာလောက တစ်ခေတ်ဆန်းလာရေးအတွက် ပဋိဇီဝဆေးမတိုးသည့် ရောဂါပိုးများတိုက်ဖျက်ရာတွင် ကမ္ဘာကိုဦးဆောင်မည်ဟု ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်းက ကြေညာခဲ့ကြောင်း၊ ကုသ၍မရသည့် ဗက်တီးရီးယားရောဂါပိုးများ၏ ခြိမ်းခြောက်မှုများမှာ တစ်နေ့တခြား ကြီးထွားလာပြီး ယင်းကူးစက်ရောဂါပိုးများကြောင့် ထောင်ပေါင်းများစွာသော ပြည်သူများမှာ ဆေးမတိုးတော့သည့်ရောဂါပိုးများ၏ နှိပ်စက်ကလူပြုမှုကို ခံစားနေရကြောင်း၊ ဆေးမတိုးသည့်ရောဂါပိုးများကြောင့် အသေးစားခွဲစိတ်ကုသခြင်းနှင့် မတော်တဆထိခိုက်မှုကြောင့်ဖြစ်သော ပွန်းရှ၊ ကွဲပြဲမှုများပင် သေဆုံးမှုဖြစ်စေနိုင်သည်ဟု WHO က သတိပေးခဲ့ကြောင်း၊ ကမ္ဘောဒီးယား၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ရှိ ငှက်ဖျားပိုးများသည် အဆင့်မြင့်ကုသမှုကိုပင် ခုခံနိုင်စွမ်းရှိလာကြကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားသည်။

ဘာသာပြန် - ဂျေတီ

ဆောင်းပါး

သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်ရမည့် အနည်းဆုံးအခကြေးငွေ

ဇော်ထက်ပိုင်

ပြည်သူအများစိတ်ဝင်စားလျက်ရှိသည့် အနည်းဆုံးအခကြေးငွေဥပဒေကို အလုပ်သမားများနှင့် ၎င်းတို့မိသားစုများ၏ အခြေခံလိုအပ်ချက်များကို ပြည့်မီစေရေး၊ အလုပ်သမားများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးနှင့် ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်စေရန်ရည်ရွယ်၍ ၂၀၁၃ ခုနှစ် မတ် ၂၂ ရက်တွင် ထုတ်ပြန်ခဲ့ပြီး ဇွန် ၄ ရက်တွင် စတင်အာဏာတည်၍ အနည်းဆုံးအခကြေးငွေနည်းဥပဒေကို ဇူလိုင် ၁၂ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။

၂၀၁၃ ခုနှစ် အနည်းဆုံးအခကြေးငွေဥပဒေပုဒ်မ ၂(င)၌ အခကြေးငွေ၏အဓိပ္ပာယ်ကို အလုပ်ရှင်၏ နာရီပိုင်းအလုပ်၊ နေ့စဉ်အလုပ်၊ အပတ်စဉ်အလုပ်၊ လစဉ်အလုပ် သို့မဟုတ် အခြားအချိန်ပိုင်းအလုပ်တစ်ခုခုကို အလုပ်သမားက လုပ်ကိုင်ဆောင်ရွက်ပေးရသဖြင့် ရသင့်သောအခကြေးငွေနှင့် လုပ်ခလစာကို ဆိုသည်ဟု ဖွင့်ဆိုထားပေသည်။

ပြောင်းလဲလာသော ခေတ်စနစ်၏ လိုအပ်ချက်နှင့် လုပ်ငန်းအမျိုးအစားအလိုက် အနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ရန် လိုအပ်ခြင်းတို့ကြောင့် မြန်မာနိုင်ငံတွင် အလုပ်သမားများအား ကိုယ်စားပြုသည့်အဖွဲ့အစည်းများ၊ အလုပ်ရှင်များကို ကိုယ်စားပြုသည့်အဖွဲ့အစည်းများနှင့် အစိုးရအဖွဲ့အစည်းများအကြား ကောင်းမွန်သော လုပ်ငန်းခွင်အခြေအနေရရှိစေရန် အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေသတ်မှတ်ရန် လိုအပ်လာပြီဖြစ်သည်။

အနည်းဆုံး အခကြေးငွေဆိုသည်မှာ ယေဘုယျအားဖြင့် တစ်နာရီ သို့မဟုတ် တစ်ရက် သို့မဟုတ် လအလိုက်အပေါ် အခြေခံပြီး အစိုးရ၊ အလုပ်သမားများနှင့် အလုပ်ရှင်များ၏ ညှိနှိုင်းသဘောတူညီမှုများအရ အလုပ်သမားများအတွက် သတ်မှတ်ပေးသည့်အနည်းဆုံးပမာဏဖြစ်ပါသည်။ နိုင်ငံ၏ ပြောင်းလဲနေသော စီးပွားရေးနှင့် လူမှုရေးအခြေအနေများပေါ်မူတည်၍ အလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုများအတွက် အနည်းဆုံးနေထိုင်စားသောက်မှုကုန်ကျစရိတ်လိုအပ်ချက်ကို ထိန်းညှိပေးသည့် နည်းလမ်းဖြစ်ပါသည်။

အနည်းဆုံးအခကြေးငွေကို နိုင်ငံအခြေအနေနှင့် လိုအပ်ချက်များနှင့်အညီ သတ်မှတ်ပေးနိုင်ရန် အလုပ်ရှင်နှင့် အလုပ်သမားများအတွက် မျှတသော သဘောကိုအခြေခံသည့် ယန္တရားတစ်ရပ်ဖော်ထုတ်ရန်နှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုပါသည်။ ထို့အပြင် အနည်းဆုံးအခကြေးငွေသတ်မှတ်မှုကို အချိန်ကာလအလိုက် လိုအပ်သလို ပြင်ဆင်သတ်မှတ်ရမည် ဖြစ်ပါသည်။

အနည်းဆုံးအခကြေးငွေချိန်ကိုက်မှုနှင့်ပတ်သက်၍ ILO ပြဋ္ဌာန်းချက်အမှတ် ၁၃၁၊ အပိုဒ် ၄(၁) သာမက တိုက်တွန်းချက်အမှတ် ၁၃၅၊ အပိုဒ် ၁၁ နှင့် ၁၃ တို့တွင် အချိန်နှင့်အမျှ ကိုက်ညှိရန် ဖော်ပြထားကြောင်းတွေ့ရှိရသည်။ အနည်းဆုံး အခကြေးငွေကို ပြောင်းလဲနေသော လူနေမှုစရိတ်နှင့်စီးပွားရေးအခြေအနေပေါ်မူတည်၍ အခါအားလျော်စွာ ကိုက်ညှိသုံးသပ်နေရပေမည်။ သို့ဖြစ်၍ ပြဋ္ဌာန်းချက်နှင့် တိုက်တွန်းချက်များပါ ဖော်ပြချက်များနှင့်အညီ အခါအားလျော်စွာ သတ်မှတ်ရန်၊ နိုင်ငံ၏ လူမှုစီးပွားရေးနှင့် လိုက်လျောညီထွေစွာ ဆန်းစစ်နိုင်ရန်၊ မြန်မာနိုင်ငံ အနည်းဆုံးအခကြေးငွေဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းပြီးဖြစ်ပါသည်။ နိုင်ငံများတွင် ဥပဒေအရ အနည်းဆုံးအခကြေးငွေသုံးသပ်ပြင်ဆင်မှုများပြုလုပ်ရာတွင် ကာလသတ်မှတ်ချက် မတူညီကြောင်း တွေ့ရှိရပါသည်။

အနည်းဆုံးအခကြေးငွေသတ်မှတ်ခြင်းဖြင့် အကောင်း၊ အဆိုးဒွန်တွဲနေပြီး အကောင်းဘက်မှ ကြည့်ပါက သတ်မှတ်ထားသည့် အနည်းဆုံးအခကြေးငွေအောက်နည်း၍ ပေးမရခြင်း၊ ပို၍ပေးနိုင်ခြင်းတို့ကြောင့် အလုပ်သမားများအတွက် အကာအကွယ်နှင့်အကျိုးကျေးဇူးရရှိနိုင်သည်။ အနည်းဆုံးအခကြေးငွေကို မြင့်မားစွာ သတ်မှတ်ပေးခြင်းကြောင့် ကုန်စျေးနှုန်းမြင့်တက်လာနိုင်ခြင်း၊ စက်ရုံ၊ အလုပ်ရုံများတွင် ကုန်ထုတ်လုပ်မှုစရိတ်များ တိုးမြင့်လာ၍ ဝန်ထမ်းအင်အားများလျှော့ချလာနိုင်ခြင်း၊ အလုပ်ရှင်က ငွေကြေးမတတ်နိုင်၍ စက်ရုံပိတ်သိမ်းနိုင်ခြင်းတို့ဖြစ်နိုင်ပြီး အလုပ်လက်မဲ့များတိုးပွားစေနိုင်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဝင်ရောက်မှုများကို အဟန့်အတားဖြစ်စေနိုင်သည်။ ထို့အပြင် အနည်းဆုံးအခကြေးငွေကို နည်းပါးစွာသတ်မှတ်ခြင်းကြောင့် အလုပ်သမားများနှင့် ၎င်းတို့၏မိသားစုဝင်များတွင် စားဝတ်နေရေးအခက်အခဲများဖြစ်ပေါ်စေနိုင်ပြီး လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းမှုပျက်ပြား၍ အလုပ်သမားနှင့် အလုပ်ရှင်အကြား အငြင်းပွားမှုပြဿနာများပိုမိုဖြစ်ပွားစေနိုင်ကာ ကုန်ထုတ်စွမ်းအားများကျဆင်းခြင်းနှင့် လုပ်ငန်းခွင့်ပိတ်သိမ်းရခြင်းကဲ့သို့ အဘက်ဘက်မှ ထိခိုက်မှုများ ရှိလာနိုင်သည်။ သို့ဖြစ်၍ အလုပ်သမားနှင့် အလုပ်ရှင်တို့သည် ဥပဒေပါရပိုင်ခွင့်များ ရရန်လိုသကဲ့သို့ တစ်ပြိုင်နက် ကိုယ်စီတာဝန်ရှိမှုများကို သိရှိခံယူတတ်ရန်လိုပါသည်။ ရပိုင်ခွင့်နှင့်တာဝန်ရှိမှုတို့ အပြန်အလှန်ဆက်စပ်နေကြောင်းသတိမူသင့်ပါသည်။

အဆိုးနှင့်အကောင်းဒွန်တွဲနေသဖြင့် ဤကဲ့သို့ သိမ်မွေ့နက်နဲသည့် လုပ်ငန်းကို လုပ်ဆောင်ရာတွင် အလုပ်ရှင်တာဝန်၊ အလုပ်သမားတာဝန်၊ အစိုးရတာဝန်ဆိုသည့် တာဝန်လွှဲသည့်အမြင်မျိုး ခွဲခြားမမြင်မိစေရန် အထူးလိုအပ်သည်။ နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ်၊ ကိုယ်ချင်းစာစိတ်နှင့် အလုပ်ရှင်၊ အလုပ်သမားများ၏ နှစ်ဖက်အကျိုးကို စဉ်းစားသုံးသပ်၍ ခံယူချက်၊ ယုံကြည်ချက် ဖြောင့်မတ်မှန်ကန်စွာထားရှိပြီး ဆင်ခြင်တုံတရားလက်ကိုင်ထား၍ အပြုသဘောဖြင့် လုပ်ဆောင်ပါမှ နိုင်ငံနှင့်အလုပ်ရှင်၊ အလုပ်သမားများအတွက် ကောင်းမွန်သည့် ရလဒ်ကောင်းများထွက်ပေါ်လာပေမည်။

အာဆီယံနိုင်ငံများတွင် အနည်းဆုံးအခကြေးငွေနှင့်ပတ်သက်၍ နိုင်ငံ၏ဓလေ့ထုံးစံ၊ အနေအထားပေါ်မူတည်သတ်မှတ်ကြောင်း လေ့လာသိရှိရ၍ မြန်မာနိုင်ငံတွင် မိမိနိုင်ငံ၏ ဓလေ့ထုံးစံ၊ ကျင့်ထုံးများနှင့်အညီ လုပ်ခလစာသတ်မှတ်ရန်လိုအပ်ပြီး ဤကဲ့သို့သတ်မှတ်ခြင်းဖြင့် လုပ်ငန်းခွင်အေးချမ်းသာယာ၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာကာ အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်များပြားနိုင်ပြီး အလုပ်လက်မဲ့များလျှော့ချစေနိုင်၍ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကိုများစွာ အထောက်အကူဖြစ်စေနိုင်ပါသည်။

ထို့အပြင် အနည်းဆုံးအခကြေးငွေဥပဒေပြဋ္ဌာန်းပြီးဖြစ်၍ အနည်းဆုံးအခကြေးငွေ သတ်မှတ်မှုကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါသည်။

ILOပြဋ္ဌာန်းချက်အမှတ် ၁၃၁၊ အပိုဒ် ၃(က)တွင် အနည်းဆုံးအခကြေးငွေသတ်မှတ်ရန် ဆုံးဖြတ်ရာတွင် နိုင်ငံတော်၏အခြေအနေ၊ ကျင့်သုံးမှုများနှင့် လိုက်လျောညီထွေ စဉ်းစားဆုံးဖြတ်ရမည်ဟု ပြဋ္ဌာန်းထား၍ အလုပ်သမားများနှင့် ၎င်းမိသားစုများ၏လိုအပ်ချက်များ၊ နိုင်ငံအတွင်းရှိ လုပ်ခကြေးငွေများ၏ ယေဘုယျပမာဏနှင့် လူမှုဖူလုံရေးအကျိုးခံစားခွင့်များကို ထည့်သွင်းစဉ်းစားရမည်ဖြစ်၍ အနည်းဆုံးအခကြေးငွေသတ်မှတ်ရာတွင် အလုပ်လုပ်နေသောသူများအတွက် လုံလောက်သော လူမှုရေးအကာအကွယ်ပေးမှုကို ထည့်သွင်းစဉ်းစားရန်အဓိကကျကြောင်း တွေ့ရှိနိုင်ပါသည်။ အချို့နိုင်ငံများတွင် အနည်းဆုံးအခကြေးငွေသတ်မှတ်ခြင်းဆိုင်ရာ ILO ပြဋ္ဌာန်းချက်အမှတ် ၁၃၁နှင့် တိုက်တွန်းချက်အမှတ် ၁၃၅ တို့နှင့်အညီ အလုပ်သမားများ၏ လိုအပ်ချက်၊ အလုပ်ရှင်များ၏ပေးနိုင်စွမ်းအားတို့ကို အလေးထားဆောင်ရွက်ကြောင်း တွေ့မြင်ရပါသည်။

မည့်သည်နေရာတွင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သည်မဆို ချိန်ဆညှိနှိုင်းပေးသည့် အခကြေးငွေနှုန်းထားများသည် အခြားသော လူမှုရေးအုပ်စုများ သို့မဟုတ် အခကြေးငွေပေးနေသောအုပ်စုများ၏ လူနေမှုအဆင့်အတန်းအလျောက်ပေးနေသည့်အခကြေးငွေနှုန်းထားများကဲ့သို့ သတ်မှတ်ပေးနေကြောင်း တွေ့ရှိရ၍လူနေမှုစရိတ်နှင့် အလုပ်သမားများ၏ ထုတ်လုပ်မှုစွမ်းအားတို့သည် အခကြေးငွေပေးရေးနှင့် ဆက်စပ်နေကြောင်း၊ လူနေမှုစရိတ်အပြောင်းအလဲသည် အလုပ်သမားများ၏ လိုအပ်ချက်အလျောက်အခကြေးငွေလုံလောက်စွာပေးနိုင်မှုကိုအကျိုးသက်ရောက်မှုရှိကြောင်း တွေ့ရှိရပါသည်။ ထုတ်လုပ်မှုစွမ်းအားအပြောင်းအလဲသည် အလုပ်ရှင်၏ ပေးနိုင်စွမ်းအားအပေါ် အကျိုးသက်ရောက်မှုရှိကြောင်း တွေ့ရှိရ၍ အဘက်ဘက်မှ မျှတစွာဂရုပြုသုံးသပ်စဉ်းစားရန်လိုပါသည်။

လက်ရှိအခြေအနေတွင် ပြည်တွင်းဥပဒေပါ အနည်းဆုံးအခကြေးငွေသတ်မှတ်ရာ၌အခြေခံရမည့်အချက်များဖြစ်သည့် အလုပ်သမားများနှင့် ၎င်းတို့၏မိသားစုလိုအပ်ချက်များ၊ လက်ရှိလုပ်ခများ၊ လူမှုဖူလုံရေးအကျိုးခံစားခွင့်များ၊ စားဝတ်နေရေးကုန်ကျစရိတ်နှင့် ယင်းကုန်ကျစရိတ်တို့၏ ပြောင်းလဲချက်များနှင့် လိုက်လျောညီထွေမှုရှိမည့် လူနေမှုဘဝအဆင့်အတန်း၊ နိုင်ငံတော်၏ စီးပွားရေးနှင့် ကုန်ထုတ်စွမ်းအားတိုးတက်ရေးလိုအပ်ချက်များနှင့်အညီ အလုပ်အကိုင်အခွင့်အလမ်းများ၊ နိုင်ငံတော်၏ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုတန်ဖိုးနှင့် တစ်ဦးချင်းဝင်ငွေများ၊ လုပ်ငန်းခွင်တွင် ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် အသက်အန္တရာယ်ဖြစ်စေနိုင်သော အလုပ်နှင့် လုပ်ငန်းခွင် သဘောသဘာဝများစသည်တို့ကို ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ထားသည့် သီးခြားအချက်များပါစဉ်းစား၍ သတိပြုဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ထို့အပြင် စားသုံးသူစျေးနှုန်း၊ ကုန်စည်နှုန်းနှင့် ဝန်ဆောင်ခများ၊ အမှန်တကယ် ငွေကြေးဖောင်းပွမှုနှုန်း၊ ခန့်မှန်းငွေကြေးဖောင်းပွမှုနှုန်းတို့၏ ခြားနားချက်များ၊ ကျေးလက်ဒေသတွင် စက်မှုလုပ်ငန်းများ ရင်းနှီးမြှုပ်နှံရေးအတွက်လိုအပ်ချက်များ၊ ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် အခြားကုန်ကျစရိတ်များ၊ အလုပ်သမားများ၏ကုန်ထုတ်လုပ်မှုစွမ်းအား၊ အလုပ်ရှင်ကလုပ်ခပေးစွမ်းနိုင်မှုအခြေအနေ၊ နိုင်ငံတော်၏ လူမှုစီးပွားအခြေအနေများ၊ ပြောင်းလဲလာသောအခြေအနေများနှင့် အနည်းဆုံးအခကြေးငွေနှုန်းထားများကို ပြောင်းလဲစေနိုင်သည့်အချက်များဖြစ်သည့် စီးပွားရေးကျဆင်းခြင်း၊ အလုပ်လက်မဲ့နှုန်းထားများ သိသာစွာတိုးပွားလာခြင်း၊ သမားရိုးကျမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍတွင် လုပ်ကိုင်မှုများ သိသာစွာတိုးပွားလာခြင်း၊ ပျမ်းမျှအခကြေးငွေနှင့် အနည်းဆုံးအခကြေးငွေနှုန်းထားကြား အချိုးလွန်ကဲစွာ တိုးမြင့်လာခြင်းစသည်တို့ကို ပြည်ထောင်စုဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အခါအားလျော်စွာ ထည့်သွင်းစဉ်းစားရပေမည်။

အနည်းဆုံးအခကြေးငွေသတ်မှတ်ရာတွင် သက်ဆိုင်ရာနိုင်ငံများ၏ စီးပွားရေးအခြေအနေပေါ်မူတည်၍ သတ်မှတ်လေ့ရှိကြောင်း၊ အယ်လ်ဂျီးရီးယား၊ ဘာဘေဒို့စ်၊ ဘော့စနီးယား ဟာဇီဂိုးဗီးနား၊ ကနေဒါ၊ လစ်ဗျား၊ နီပေါ၊ ဥရုဂွေး၊ အာဂျင်တီးနားစသည့် နိုင်ငံများတွင် လေ့လာတွေ့ရှိနိုင်သကဲ့သို့ ပေါ်တူဂီ၊ ပနားမားနှင့် အယ်လ်ဘေးနီးယား နိုင်ငံများတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လိုအပ်ချက်ကို ထည့်သွင်းစဉ်းစားကြောင်း လေ့လာတွေ့ရှိရပါသည်။

တောင်အာဖရိက၊ ကင်ညာ၊ နမီးဗီးယား၊ တန်ဇန်းနီးယား၊ ကိုလံဘီယာ၊ အင်ဒိုနီးရှား၊ ဂျပန်စသည့်နိုင်ငံများတွင် စီးပွားရေးလုပ်ငန်း၏ ငွေကြေးအင်အားပေါ်မူတည်၍ အနည်းဆုံးအခကြေးငွေ သတ်မှတ်ကြောင်းလေ့လာတွေ့ရှိရပါသည်။ အချို့နိုင်ငံများတွင် အစိုးရအနေဖြင့် အစိုးရကဏ္ဍ၏ အခကြေးငွေကို သတ်မှတ်သကဲ့သို့ အလုပ်ရှင်များအနေဖြင့် အလားတူသတ်မှတ်ကြောင်း အယ်လ်ဘေးနီးယား၊ အဇာဘိုင်ဂျန်၊ ဘူလ်ဂေးရီးယားနှင့် မော်လ်ဒိုဗာစသည့် နိုင်ငံများတွင် လေ့လာတွေ့ရှိရပါသည်။

အနည်းဆုံးအခကြေးငွေသတ်မှတ်ရာတွင် နိုင်ငံအလိုက် မိမိတို့အခြေအနေနှင့် ကိုက်ညီသည့် အချက်အလက်များနှင့် အလုပ်သမား၏ ကျွမ်းကျင်မှုကို အခြေခံစဉ်းစားပြီး(က)နိုင်ငံတစ်ဝန်းလုံးတွင် တစ်ပြေးညီ သတ်မှတ်ခြင်း၊ (ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အများအလိုက် သတ်မှတ်ခြင်း၊ (ဂ)လုပ်ငန်းအမျိုးအစားအလိုက် သတ်မှတ်ခြင်း၊ (ဃ)အလုပ်ချိန်နာရီ၊ ရက်၊ လအလိုက် သတ်မှတ်ခြင်းကို ဆောင်ရွက်ရပေမည်။

လုပ်ငန်းအမျိုးအစားအလိုက် အနည်းဆုံးအခကြေးငွေစိစစ်ရေး လုပ်ငန်းကော်မတီများဖွဲ့စည်း၍ လက်ရှိလုပ်ခနှုန်းထားများကို သိရှိနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးရှိ အထည်ချုပ်လုပ်ငန်းများနှင့် အထည်ချုပ်မဟုတ်သော (လက်ခစား - CMP) လုပ်ငန်းများကိုဦးစားပေး၍ မြန်မာဖွံ့ဖြိုးတိုးတက်မှုအရင်းအမြစ်အဖွဲ့အစည်း (MDRI)မှ နေထိုင်စားသောက်မှုစရိတ်ကို လေ့လာခဲ့ပြီး မြန်မာနိုင်ငံစျေးကွက်သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုဌာန (MMRD)မှ အခြေခံစာရင်းအင်းစစ်တမ်းကောက်ယူ၍ ထိုသုတေသနပြုရလဒ်မှ အချက်အလက်များနှင့် လက်ရှိ အမှန်တကယ်ရရှိနေသော လုပ်ခ၊ လစာများကို နှိုင်းယှဉ်စိစစ်ခဲ့ကြောင်း သိရှိရပါသည်။

အိမ်ထောင်စုများ၏ လူနေမှုစရိတ်များကို စစ်တမ်းကောက်ယူစဉ် အခြေခံရမည့်အချက်များမှာ အိမ်ထောင်စုအခြေအနေ၊ အိမ်ထောင်စုဝင်များ၏အခြေအနေ၊ အိမ်ထောင်စုဝင်များ၏ အလုပ်အကိုင်နှင့် ဝင်ငွေအခြေအနေ၊ ပညာရေးနှင့် စာတတ်မြောက်မှုအခြေအနေ၊ မွေးဖွားမှု၊ ကျန်းမာရေး၊ အာဟာရနှင့် သေဆုံးမှုအခြေအနေ၊ မိသားစုစားသောက်မှုအခြေအနေနှင့် အစားအသောက်ကုန်ကျစရိတ်များ၊ အစားအသောက်မဟုတ်သော အခြားကုန်ကျစရိတ်များဖြစ်သည်။

အလားတူ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ၏လုပ်ငန်းအခြေအနေကို စစ်တမ်းကောက်ယူရန်လိုအပ်သဖြင့် ကောက်ယူစဉ် လုပ်ငန်းအမည်နှင့် တည်နေရာ၊ ဆက်သွယ်ရန်ပုဂ္ဂိုလ်၊ လုပ်ငန်းစတင်ထူထောင်သည့်နှစ်၊ စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၊ ပိုင်ဆိုင်မှု(ကိုယ်ပိုင်/အငှား/အများပိုင်) ရင်းနှီးမြှုပ်နှံမှုအမျိုးအစား၊ လုပ်ငန်းမှတ်ပုံတင်များ၊ တစ်နှစ်အတွင်း အလုပ်လုပ်သူဦးရေ၊ ကုန်ပစ္စည်းထုတ်လုပ်မှု၊ တစ်လပျမ်းမျှဝင်ငွေ၊ တစ်လပျမ်းမျှအသုံးစရိတ်၊ အလုပ်သမားများအတွက်ပေးရသည့်တစ်လပျမ်းမျှ အခကြေးငွေစသည်တို့ကို အခြေခံကောက်ယူမည်ဖြစ်ပါသည်။

အထက်တွင်ဖော်ပြထားသည့်အတိုင်း အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရန် နိုင်ငံတော်အစိုးရ၊ အလုပ်ရှင်များနှင့် အလုပ်သမားများပါဝင်သည့် သုံးပွင့်ဆိုင်အဖွဲ့ဖြင့် မျက်နှာချင်းဆိုင်တွေ့ဆုံ ဆွေးနွေးညှိနှိုင်းရမည်ဖြစ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လုပ်ငန်းတူရာဖြစ်စေ၊ လုပ်ငန်းကြီးများနှင့် အသေးစား၊ အလတ်စားလုပ်ငန်းအလိုက်တူရာစု၍ အသီးသီးညှိနှိုင်းဆွေးနွေးရန် လိုအပ်ပါသည်။ အလုပ်သမား၊ အလုပ်ရှင်၊ အစိုးရတို့ သုံးပွင့်ဆိုင် ညှိနှိုင်းဆွေးနွေးသတ်မှတ်ရမည်ဖြစ်ရာ နိုင်ငံတကာကျင့်သုံးမှုများကဲ့သို့ လိုအပ်ပါက နှစ်နှစ်တစ်ခါ၊ သုံးနှစ်တစ်ခါ အနည်းဆုံးအခကြေးငွေသတ်မှတ်ပြင်ဆင်ပေးရန် ဥပဒေက ခွင့်ပြုပေးပြီးဖြစ်ပါသည်။ ဥပဒေတွင် အနည်းဆုံးအခကြေးငွေကို ပုံသေသတ်မှတ်ထားရန် ပြဋ္ဌာန်းထားခြင်းမရှိ၍ ခေတ်စနစ်အရ၊ စားဝတ်နေရေးလိုအပ်ချက်များရှိလာပါက လိုအပ်ချက်နှင့်အညီ ပြောင်းလဲနိုင်ရန် အချိန်သတ်မှတ်ပေးထားပြီး အနည်းဆုံးအခကြေးငွေသတ်မှတ်သည့် လုပ်ငန်းစဉ်များကို လေ့လာကြည့်ပါက များစွာနူးညံ့သိမ်မွေ့သကဲ့သို့ လေးနက်မှုရှိပြီး အခက်အခဲများစွာ တွေ့ကြုံရမည်ဖြစ်ပါသည်။

အချို့နိုင်ငံများတွင် အနည်းဆုံးအခကြေးငွေကို နေထိုင်မှုစရိတ်၏ ၄၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအတွင်း စတင်သတ်မှတ်လေ့ရှိကြောင်း၊ လုပ်ငန်းကျွမ်းကျင်မှုအလိုက် နေထိုင်မှုစရိတ်လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရကြောင်း၊ ကုန်ထုတ်လုပ်မှုတိုးတက်စေရန်၊ လုပ်ငန်းခွင်တည်ငြိမ်မှုရှိရန်လိုကြောင်း၊ အနည်းဆုံး အခကြေးငွေသတ်မှတ်ရာတွင် မိမိတို့ဒေသအခြေအနေနှင့် အကိုက်ညီဆုံးနှုန်းဖြစ်ရန်လိုသကဲ့သို့ ရိုးရှင်းလွယ်ကူ၍ လက်တွေ့အကောင်အထည်ဖော်နိုင်သည့် အခြေအနေရှိမှသာ စတင်သတ်မှတ်သင့်ကြောင်း၊ အနည်းဆုံးအခကြေးငွေသတ်မှတ်ရာတွင် နှုန်းထားအလွန်နည်းပါးစွာသတ်မှတ်ခြင်း၊ နှုန်းထားအလွန်များပြားစွာ သတ်မှတ်ခြင်းတို့ကြောင့် ညှိနှိုင်းမရဘဲ အစိုးရ၊ အလုပ်သမားနှင့် အလုပ်ရှင်တို့အတွက် ကောင်းကျိုးထက် ဆိုးကျိုးများ ဖြစ်ပေါ်လာစေနိုင်၍ အလုပ်ရှင်နှင့်အလုပ်သမားများအတွက် နှစ်ဖက်မျှတပြီး ဟန်ချက်ညီသည့် “မျှတထိန်းညှိမှု”တစ်ခုဖြစ်ရန် လိုအပ်ကြောင်းနှင့် လုပ်ခလစာသည် ကုန်ထုတ်စွမ်းအားနှင့် အချိုးညီရန်လိုအပ်ကြောင်း တွေ့ရှိရပါသည်။

ILO အနည်းဆုံးအခကြေးငွေသတ်မှတ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၁၃၁၊ အပိုဒ် ၄ (၂)ပါ ပြဋ္ဌာန်းချက်အတိုင်း အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးလုပ်ငန်း သို့မဟုတ် လုပ်ငန်း၏အစိတ်အပိုင်းတစ်ရပ်အဖြစ် အကောင်အထည်ဖော်ရာတွင် လိုက်နာကျင့်သုံးမှုမပြုမီ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များအပါအဝင် သက်ဆိုင်သော အလုပ်သမားများနှင့်အလုပ်ရှင်များတို့၏ ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာအလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်အဖွဲ့အစည်းများ သို့မဟုတ် အဆိုပါအလုပ်ရှင်၊အလုပ်သမားကိုယ်စားလှယ်အဖွဲ့အစည်းများမရှိပါက သက်ဆိုင်ရာအလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများကို ကိုယ်စားပြုသည့်ကိုယ်စားလှယ်များ၊ လိုအပ်ပါက အခြားသောလူပုဂ္ဂိုလ်များ၊ အာဏာပိုင်များကဆွေးနွေးရန် သင့်လျော်သည်ဟုယူဆသော သက်ဆိုင်ရာလုပ်ငန်းလုပ်ဆောင်မှုတွင် အရည်အချင်းပြည့်၊ အထူးပြုတတ်ကျွမ်းသောပုဂ္ဂိုလ်များနှင့် လူမှုရေးမိတ်ဖက်အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုသည် များစွာအရေးပါလျက်ရှိပေသည်။ သို့ဖြစ်၍ အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားသုံးပွင့်ဆိုင်အပြည့်အဝအကျေအလည်တိုင်ပင်ညှိနှိုင်း ဆွေးနွေးရန် လိုအပ်သည့်အတွက် အမျိုးသားရေးအသွင်ဖြင့် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုအပ်ပါကြောင်း အကြံပြုတင်ပြလိုက်ရပါသည်။

■ အနည်းဆုံးအခကြေးငွေသတ်မှတ်ရာတွင် နိုင်ငံအလိုက် မိမိတို့အခြေအနေနှင့် ကိုက်ညီသည့် အချက်အလက်များနှင့် အလုပ်သမား၏ကျွမ်းကျင်မှုကို အခြေခံစဉ်းစားပြီး (က)နိုင်ငံတစ်ဝန်းလုံးတွင် တစ်ပြေးညီသတ်မှတ်ခြင်း၊ (ခ)တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အများအလိုက် သတ်မှတ်ခြင်း၊ (ဂ)လုပ်ငန်းအမျိုးအစားအလိုက် သတ်မှတ်ခြင်း၊ (ဃ)အလုပ်ချိန်နာရီ၊ ရက်၊ လအလိုက် သတ်မှတ်ခြင်းကို ဆောင်ရွက်ရပေမည်။

ကျောင်းဆောင်သစ်နှစ်ဆောင် ဖွင့်ပွဲအခမ်းအနားကျင်းပ

ပုသိမ် ဇူလိုင် ၁၁

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဇူလိုင် ၁၀ ရက် နံနက် ၈ နာရီခွဲက တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး၊ ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ဒေသခံပြည်သူများနှင့်အတူ ကန်ကြီးထောင့်မြို့နယ် ဝက်ထိုးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းနှင့် ကျောင်းဆောင်သစ်နှစ်ဆောင်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနားတွင် အခြေခံပညာအလယ်တန်းကျောင်းအား အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းနှင့် ကျောင်းဆောင်သစ်နှစ်ဆောင်ဖွင့်ပွဲမှာ် ဦးအား လူမှုရေးဝန်ကြီး ဒေါ်ခင်စောမူ၊ ပညာရေးညွှန်ကြားရေးမှူး ဦးအောင်ကျော်ထွန်း၊ ပုသိမ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်း၊ အလှူရှင် ထူးဖောင်ဒေးရှင်းဉက္ကဋ္ဌ ဦးကျော်သီဟနှင့် ရပ်မိရပ်ဖ ဒေါ်ခင်ထွေး တို့ကဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသိန်းအောင်က ဝက်ထိုးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ **(အောက်ပုံ)** ကျောင်းဆောင်သစ်နှစ်ဆောင်၏ ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးခဲ့သည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသိန်းအောင်က အဖွင့်အမှာစကားပြောကြားရာတွင် အခြေခံပညာအလယ်တန်းကျောင်းမှ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) အဆင့်သို့ တိုးမြှင့်ရရှိပြီဖြစ်၍အခြေခံပညာ အထက်တန်းကျောင်း အဆင့်ရရှိရန်မှာ မခက်ခဲတော့ကြောင်း၊ ကျောင်းဆောင်သစ် နှစ်ဆောင်ကိုလည်း ထပ်မံဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ နိုင်ငံတော်ကလည်း ပညာရေးကိစ္စများကို အထူးအလေးထားဆောင်ရွက်ပေးနေပါကြောင်း၊ တိုင်းဒေသကြီးအတွင်းတွင် ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးခြင်းနှင့် ဆရာ ဆရာမများတိုးမြှင့်ခန့်ထားပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိနေပါကြောင်း၊ ဆရာဆရာမများ အရည်အချင်း တိုးတက်မြင့်မားရေးနှင့် ကျောင်းသားကျောင်းသူများ အရည်အချင်းတိုးတက်မြင့်မားရေးကို ဆောင်ရွက်သွားဖို့လိုအပ်ပါကြောင်း၊ ကျောင်းဆောင်သစ်များ ရေရှည်တည်တံ့စေရေးနှင့် ကျောင်းအဆင့်တိုးတက်မြင့်မားရေးတို့အတွက် ဆရာဆရာမများ၊ မိဘများနှင့် ဒေသခံများအားလုံးတို့တွင် တာဝန်ရှိပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ထူးဖောင်ဒေးရှင်းဥက္ကဋ္ဌက ကျောင်းဆောင်သစ်လှူဒါန်းရခြင်းအကြောင်းအား ရှင်းလင်းပြောကြားခဲ့ပြီး ပညာရေးညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူးက ပညာရေးဆိုင်ရာအချက်အလက်များ ရှင်းလင်းတင်ပြခဲ့သည်။ အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဗလာစာအုပ်ဒါဇင် ၅၀၀၊ ထူးဖောင်ဒေးရှင်းမှ ဗလာစာအုပ်နှင့် ကျောင်းသုံးပစ္စည်းများ၊ အလှူရှင်များက ကျောင်းဖွံ့ဖြိုးရေးအတွက်ရန်ပုံငွေများကိုလှူဒါန်းခဲ့ကာ ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ပြီး ကျောင်းသားကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် သီဆိုနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အလုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အလုံမြို့နယ် ၄ဝါလမ်းတစ်လျှောက်မှ စည်းကမ်းမဲ့ ကြော်ငြာများကို ဇူလိုင် ၁၀ ရက် နံနက် ၈ နာရီက လိုက်လံဖြုတ်သိမ်းနေသည်ကို တွေ့ရစဉ်။

တင်မောင်ဦး(အလုံ)

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် မင်းဓမ္မကုန်းတော်ပေါ်ရှိ လောကချမ်းသာအဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးတွင် ဇူလိုင် ၁၁ ရက် နံနက်ပိုင်းမှစ၍ ရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲ၊ အဘိဓမ္မာအခါတော်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပရာ ဘုရားဖူးများနှင့်စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

မြင့်ဦး(အင်းစိန်)

မြန်မာ-ဂျပန်ချစ်ကြည်ရင်းနှီးရေး နီအိဂါတာကိုယ်စားလှယ်အဖွဲ့ ဒေါက်တာဘမော်မိသားစုဝင်များနှင့် တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၁၁

မြန်မာ-ဂျပန်နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုသည်နှစ်ပေါင်းများစွာကပင် တည်ရှိနေခဲ့သည်။ ချစ်ကြည်မှုပူးပေါင်းဆောင်ရွက်မှုများလည်းရှိခဲ့သည့်အပြင် ဂျပန်နိုင်ငံ နီအိဂါတာမြို့သည်လည်း မြန်မာနိုင်ငံလွတ်လပ်ရေးလှုပ်ရှားမှုများတွင် အမှတ်တရများစွာရှိခဲ့သည့် မြို့လည်းဖြစ်သည်။

နီအိဂါတာမြို့သည် မြန်မာ့လွတ်လပ်ရေးလှုပ်ရှားမှုများတွင် ဦးဆောင်ပါဝင်ခဲ့သော ဒေါက်တာဘမော်နေထိုင်ခဲ့ရာ မြို့ဖြစ်ပြီး ယနေ့ထိတိုင် ဒေါက်တာဘမော်၏ အမှတ်တရပေါင်းများစွာကို ထိန်းသိမ်းထားသည့် မြို့လည်း ဖြစ်သည်။

ဂျပန်နိုင်ငံ နီအိဂါတာမြို့မှ လွှတ်တော်အမတ်ဖြစ်သူ Mr. Satoshi Endo ဦးဆောင်သော လွှတ်တော်အမတ်ခုနစ်ဦးပါရှိသည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ ဇူလိုင် ၈ ရက်က ရောက်ရှိခဲ့ပြီး ရန်ကုန်မြို့နှင့် နီအိဂါတာမြို့တို့အကြား ပညာရေး၊ စီးပွားရေးတို့ကို ပူးပေါင်းဆောင်ရွက်ရန် တာဝန်ရှိသူများနှင့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

နီအိဂါတာလွှတ်တော်အမတ်နှင့်အဖွဲ့သည် ဇူလိုင် ၁၀ ရက်က ရန်ကုန်မြို့ရှိ ဒေါက်တာဘမော်မိသားစုများထံ သွားရောက်တွေ့ဆုံခဲ့ပြီး နီအိဂါတာမြို့တော်ဝန်ထံမှ ပေးပို့သော သဝဏ်လွှာကို Niigata Club ခေါင်းဆောင် Mr. Masuro Kaneko က ပေးအပ်ခဲ့သည်။ တစ်ဖန် နီအိဂါတာမြို့တော်၏ အထိမ်းအမှတ်အမှတ်တရပစ္စည်းများကိုလည်း ပေးအပ်ခဲ့သည်။

ထို့နောက် ဒေါက်တာဘမော်၏ မြေးဖြစ်သူက "ဂျပန်နှင့် မြန်မာနိုင်ငံတို့မှာ ရှေးယခင်ကတည်းက ချစ်ခင်ရင်းနှီးစွာ နေလာခဲ့ကြပြီး နှစ်နိုင်ငံ လူကြီးများ၏ နိုင်ငံရေးကြိုးပမ်းမှုများကို အထူးအလေးထားပါကြောင်း၊ နီအိဂါတာတို့အတွက် မိမိတို့အိမ်တံခါး အမြဲဖွင့်ကြိုဆိုနေပါကြောင်း" ပြောကြားခဲ့သည်။

ထို့အပြင် နီအိဂါတာကိုယ်စားလှယ်အဖွဲ့သည် ဒေါက်တာဘမော်မိသားစုဝင်များနှင့် အတူနေ့လယ်စာသုံးဆောင်ပြီး ချစ်ကြည်ရင်းနှီးမှု တိုးပွားလာစေရန် ဆောင်ရွက်ခဲ့ကြသည်။

(မြန်မာ့အလင်း)

သတင်း-ဝေယံဦး
ဓာတ်ပုံ-ကေလင်း

နီအိဂါတာကိုယ်စားလှယ်အဖွဲ့အား ဒေါက်တာဘမော်မိသားစုဝင်များနှင့်အတူ တွေ့ရစဉ်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၁

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန နေပြည်တော်ကောင်စီနယ်မြေဒက္ခိဏခရိုင်ဦးစီးမှူး ဒေါက်တာနေစိုးသည် လယ်ဝေးမြို့နယ် ဦးစီးအရာရှိ ဒေါက်တာအောင်စိုးမိုးနှင့် ဝန်ထမ်းများလိုက်ပါလျက် လယ်ဝေးမြို့နယ် သဲကောကြီးကျေးရွာသို့ ဇူလိုင် ၈ ရက် နံနက် ၉ နာရီက ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် သဲကောကြီးကျေးရွာသို့ ကွင်းဆင်းပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဟောပြောဆွေးနွေးခြင်း၊ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများအတွက် တိရစ္ဆာန်အာဟာရဗေဒအကြောင်း ဆွေးနွေးခြင်း၊ တိရစ္ဆာန်ကူးစက်ရောဂါများ ကြိုတင်ကာကွယ်နိုင်ရန်အတွက် ဇီဝလုံခြုံမှုအကြောင်း ဟောပြောဆွေးနွေးခြင်းနှင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများမှ ဝင်ငွေပိုမိုရရှိစေရေးအတွက် မိမိတို့ဌာနမှ တိရစ္ဆာန်မျိုးကောင်းမျိုးသန့်များ မေထုန်မဲ့သားစပ်ပေးခြင်းလုပ်ငန်းများကို ဆွေးနွေးပြီး ကျေးရွာရှိ ကျွဲ၊ နွားများကို လည်ချောင်းကွဲရောဂါကာကွယ်ဆေးထိုးနှံပေးပြီး ကျေးရွာမှ ဒေသနွားမတစ်ကောင်ကို ခိုင်းနွားမျိုးကောင်း၊ မျိုးသန့်မေထုန်မဲ့သားစပ်ပေးခဲ့ပြီး ကျေးရွာအတွင်းရှိ မွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုဆောင်ရွက်ပေးခဲ့ရာ ဒေသခံမွေးမြူရေးလုပ်ငန်းရှင်များ၊ ကျေးရွာနေကျွဲ၊ နွားများကို အသုံးပြုနေကြသော တောင်သူဦးကြီးများမှ အထူးပင်ဝမ်းမြောက်ရပါကြောင်း၊ ယခုကဲ့သို့ ကွင်းဆင်းဆောင်ရွက်မှုများကို ကျေးရွာများသို့ အစဉ်မပျက် ဆောင်ရွက်ပေးသင့်ကြောင်း ဒေသခံတောင်သူတစ်ဦးက ပြောကြားခဲ့သည်။

ကိုမျိုး(ရွှေပေါက်ကံ)

အရှိန်မထိန်းနိုင်သောယာဉ် ဈေးဆိုင်ခန်းများနှင့် အမျိုးသားတစ်ဦးတို့အား တိုက်မိ

ရန်ကုန် ဇူလိုင် ၁၁

မြောက်ဥက္ကလာပမြို့နယ်အတွင်း ဇူလိုင် ၁၀ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်က သုဓမ္မာလမ်းအတိုင်း တောင်မှမြောက်သို့ လှည်းကူးမြို့နယ်နေယာဉ်မောင်း သက်မင်းထွန်းမောင်းနှင်လာသော 2C...... နစ်ဆန်းဟီနိုးဘတ်စ်ယာဉ်လိုင်းအမှတ် (၂၁၃) ခရီးသည်တင်ယာဉ်သည် (၆) ကွေ့မှတ်တိုင်အလွန်အရောက် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်ဘေးရှိ ဈေးဆိုင်ခန်း ၁၁ ခန်းနှင့် မြောက်ဥက္ကလာပမြို့နယ်နေ မောင်ပေါက် (၄၈နှစ်) တို့အား ဝင်ရောက်တိုက်မိခဲ့သည်။

အမှုဖွင့်ဆောင်ရွက်

အဆိုပါ ယာဉ်တိုက်မှုကြောင့် ဈေးဆိုင်ခန်း ၁၁ ခန်းပျက်စီးပြီး မောင်ပေါက်တွင် ဒဏ်ရာရရှိကာ မြောက်ဥက္ကလာပဆေးရုံတွင် ပြင်ပလူနာ(မစိုးရိမ်ရ)အဖြစ် ကုသခဲ့ရသောကြောင့် ယင်းကဲ့သို့ ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း သက်မင်းထွန်းအား ဝေဘာဂီနယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

ပြည်တွင်းသတင်း

မြွေကိုက်ခံရမှုပြဿနာ ဖြေရှင်းနိုင်ရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၁

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဇူလိုင် ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် စက်မှုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ၏ မြွေကိုက်ခံရမှုပြဿနာဖြေရှင်းနိုင်ရေးဆိုင်ရာ ဆွေးနွေးပွဲ(Seminar On Snake bite Problem in Myanmar)သို့ တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မြွေကိုက်ခံရမှုအန္တရာယ်အရှိဆုံးသည် ကျေးလက်နေ တောင်သူလယ်သမားများဖြစ်ပါကြောင်း၊ မြွေကိုက်ရာတွင် အန္တရာယ်ဖြစ်နိုင်မှုတွင် ကိုက်သည့်မြွေမျိုးစိတ်၊ အကိုက်ခံရသည့်နေရာ၊ မြွေဆိပ်ဝင်ရောက်မှုပမာဏ၊ အကိုက်ခံရသူ၏ ကျန်းမာရေး အခြေအနေပေါ်တွင် များစွာမူတည်နေပါကြောင်း၊ ဆေးရုံသို့ ရောက်ရှိသည့် တရားဝင်စာရင်းဇယားများအရ ၂၀၁၂ ခုနှစ်တွင် မြွေကိုက်မှုဖြစ်စဉ် ၁၃၈၆၇ ခု ဖြစ်ပွားခဲ့ပြီး ၂၈၅ ဦး သေဆုံးခဲ့ပါကြောင်း၊ ရိုးရာနည်းများဖြင့်ကုသပြီး ဆေးရုံသို့ မလာရောက်သောသူများလည်း ရှိနိုင်ပါကြောင်း။

> "မြွေကိုက်ရာတွင် အန္တရာယ်ဖြစ်နိုင်မှုတွင် ကိုက်သည့်မြွေမျိုးစိတ်၊ အကိုက်ခံရသည့်နေရာ၊ မြွေဆိပ်ဝင်ရောက်မှုပမာဏ၊ အကိုက်ခံရသူ၏ ကျန်းမာရေးအခြေအနေပေါ်တွင် များစွာမူတည်နေ။"

အမှတ်(၁) ဆေးဝါးစက်ရုံ(ရန်ကုန်)က မြွေဆိပ်ဖြေဆေးများကို ၁၉၆၅ ခုနှစ်တွင် စတင်ထုတ်လုပ်ခဲ့ပါကြောင်း၊ မြွေပွေးအဆိပ်ဖြေဆေး ထုတ်လုပ်နိုင်ရန် ၂၀၀၇ ခုနှစ်မှ စတင်ကြိုးပမ်းခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် အသက်ကယ်နိုင်သော ဆေးဝါးအဖြစ် ဈေးကွက်သို့ ဖြန့်ဖြူးပေးနိုင်ခဲ့ပါကြောင်း။

ကျွမ်းကျင်မှု၊ နည်းပညာနှင့် ငွေကြေးဆိုင်ရာ ကန့်သတ်မှုများရှိသော်လည်း မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုစွမ်းအားကို တိုးမြှင့်ရန်နှင့် အရည်အသွေးမြှင့်တင်ရန်အတွက် ကြိုးစားနေခြင်းဖြစ်ပါကြောင်း၊ မြွေဆိပ်ဖြေဆေးအရည်အဖြစ် ထုတ်လုပ်သည့်အတွက် ဆေးထားသိုမှုနှင့် အရည်အသွေးတည်ငြိမ်မှုဆိုင်ရာ ပြဿနာများကိုလည်း ထည့်သွင်းစဉ်းစားရပါကြောင်း၊ အခက်အခဲများ ဖြေရှင်းရန်အတွက် အဓိကထား စဉ်းစားကူညီပေးမည်ဆိုပါက Dr. Chen Au Peh နှင့်အဖွဲ့အား များစွာကျေးဇူးတင်ရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဩစတြေးလျနိုင်ငံ Royal Adelaide Hospital မှ ကျောက်ကပ်ရောဂါအထူးကု Dr. Chen Au Peh က အမှာစကားပြောကြားပြီး စာတမ်းရှင်များက "မြွေဆိပ်ဖြေဆေး လက်ရှိ ထုတ်လုပ်မှုအခြေအနေနှင့် မြွေဆိပ်ဖြေဆေးထုတ်လုပ်မှု အဆင့်မြှင့်တင်ရန်အတွက် စိန်ခေါ်မှုများ" စာတမ်း၊ အဆိပ်ဖြေဆေးထုတ်လုပ်မှု အခြေအနေ စာတမ်း၊ "မြန်မာနိုင်ငံ၏ မြွေဆိပ်ဖြေဆေး ဖြန့်ဖြူးမှုနှင့် Cold Chain System" စာတမ်း၊ "မြွေကိုက်ခံရမှုအတွက် ဆေးရုံစီမံခန့်ခွဲမှု" စာတမ်းများကို တင်ပြကြပြီး ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာချိုဝင်းမော်က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၁

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ၂၀၁၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲ အခမ်းအနားကို ယမန် နေ့ နံနက် ၈ နာရီက နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ဥဒယရုံသီကုန်းတော်တွင် တည်ထားကိုးကွယ်သည့် သတ္တသတ္တာဟစေတီတော်အနီး၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် ဇနီးဒေါ်ဆွေဆွေချစ်တို့ တက်ရောက်၍ ကံ့ကော်ပင်ကိုလည်းကောင်း၊ ဒုတိယဝန်ကြီး (သစ်တော) နှင့် ဇနီးတို့က ပိတောက်ပင်ကိုလည်းကောင်း၊ ဒုတိယဝန်ကြီး (ပတ်ဝန်းကျင်)က သပြေပင်ကိုလည်းကောင်း စိုက်ပျိုးပေးကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ အရာထမ်း၊ အမှုထမ်းများ စုပေါင်း၍ သစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယခုသစ်ပင်စိုက်ပျိုးသော နေရာသည် သတ္တသတ္တာဟစေတီတော် ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ အနီးရှိ သပြေစမ်းဆည် ရေဝေရေလဲ ဒေသအတွင်း တည်ရှိနေသဖြင့် ရေမြေရာသီဥတုထိန်းသိမ်းခြင်း၊ ဆည်၏ ရေဝေရေလဲဧရိယာအား မြေဆီလွှာတိုက်စားခံရမှုမှ ကာကွယ်ထိန်းသိမ်းနိုင်ခြင်းများအား အထောက်အပံ့ဖြစ်ခြင်း၊ သစ်ပင်များ အောင်မြင်ဖြစ်ထွန်းလာပါက သားငှက်တိရစ္ဆာန်များ နားခိုနေထိုင်ကျက်စားနိုင်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရာတွင်လည်း အထောက်အကူဖြစ်ခြင်းစသောအကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။

သစ်ပင်စိုက်ပွဲအခမ်းအနားတွင် ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်း/ဌာနများမှ ဝန်ထမ်းအင်အား ၆၅၀ က ကျွန်း ၄၅ ပင်၊ ပျဉ်းကတိုး ၄၅ ပင်၊ မဟော်ဂနီ ၄၅ ပင်၊ ခရေ ၄၅ ပင်၊ စိန်ပန်း ၄၅ ပင်၊ ဆီသပြေ ၄၅ ပင်၊ ပိတောက် ၄၅ ပင်၊ ကံ့ကော် ၄၅ ပင်၊ ယင်းမာ ၄၅ ပင်၊ တမာ ၄၅ ပင်၊ ပုန်းညက် ၄၅ ပင်၊ ကုက္ကို ၄၅ ပင်နှင့် ဌာနအကြီးအကဲများမှစိုက်ပျိုးသော သစ်ပင်မျိုးစုံ ၁၁ ပင် စုစုပေါင်း ၅၅၁ ပင်တို့အား စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗဟိုဘဏ်(၆၂)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

နေပြည်တော် ဇူလိုင် ၁၁

မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ (၆၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား ဂုဏ်ပြုညစာစားပွဲနှင့် ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ထမ်းမိသားစုဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုပေးပွဲ၊ ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ၊ သင်တန်းထူးချွန်နှင့် အားကစား ထူးချွန်ဝန်ထမ်းများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို Royal ACE ဟိုတယ်တွင် ယမန်နေ့ ည ၇ နာရီ၌ ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ပြောင်းလဲတိုးတက်လာသည့် အခြေအနေများ၊ ရှေ့လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၁၄ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်သူ ၂၇ ဦးနှင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူ ၁၀ ဦးတို့အား ပညာရည်ချွန်ဆုများကို လည်းကောင်း၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ကျောင်းသားကျောင်းသူ ၃၈၈ ဦးတို့အား ပညာသင်ထောက်ပံ့ကြေးငွေကျပ် ၃၁၁၂၀၀၀ ကို လည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်မှ ဖွင့်လှစ်သည့် အရာထမ်းလောင်း အခြေခံသင်တန်းအမှတ်စဉ် (၃၈) တွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် အရာထမ်းနှစ်ဦးနှင့် (၂၅)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းအားကစားပြိုင်ပွဲတွင် ဆုရရှိခဲ့သည့် အားကစားသမား တစ်ဦးတို့ကိုလည်းကောင်း ဆုများအသီးသီး ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သီပေါမြို့ကို ဒုဌဝတီမြစ်ရေတိုက်စားခြင်းမှ ကာကွယ်ရန် နိုင်ငံတော်က ရေကာတာတည်ဆောက်ပေး၍ ကျေးဇူးတင်

သီပေါ ဇူလိုင် ၁၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်အထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာလှပရေးတို့အတွက် တစ်လလျှင် လေးကြိမ် အစည်းအဝေးများကျင်းပပြီး ရေတိုရေရှည်စီမံချက်များ ရေးဆွဲကာ ပြည်သူ့အကျိုးပြု လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

သီပေါမြို့မှာ နှစ်စဉ် မိုးတွင်းကာလတွင် ရေလွှမ်းမိုး၍ ပန်းတိမ်မြောက်ရပ်၊ ဈေးရပ်ကွက် ရွှေညောင်ပင်လမ်း(ကမ်းနားလမ်း)တစ်လျှောက် မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကာ မော်တော်ယာဉ်သွားလမ်းမှ လူ၊ စက်ဘီး၊ ဆိုင်ကယ်အဆင့်သာ သွားလာနိုင်သည့် အခြေအနေ ရှိခဲ့သည်။

ဆောင်ရွက်

နိုင်ငံတော်ဒုတိယသမ္မတ၏ ရှမ်းပြည်နယ်ခရီးစဉ်တွင် မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများက တင်ပြခဲ့၍ အရှည်ပေ ၈၀၀ ကျော်ရှိ ရေထိန်းနံရံ ရေကာတာရေတားဆည် ကိုးခု တည်ဆောက်ခြင်းလုပ်ငန်းကို နိုင်ငံတော်အစိုးရပြည်ထောင်စုသီးသန့်ရန်ပုံငွေမှ ငွေကျပ်သိန်းပေါင်း ၅၆၄၀ ကို ခွင့်ပြုခဲ့သဖြင့် ဒုဌဝတီမြစ်(သီပေါ)မြစ်ကမ်းပြို ကာကွယ်ရေးလုပ်ငန်းကို ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်အင်ဂျင်နီယာ ဦးဝင်းလွင်ဦး ကြီးကြပ်လျက် အငယ်တန်းအင်ဂျင်နီယာ နှစ်ဦးအပါအဝင် လုပ်သားအင်အား ၁၀၀ ကျော်တို့က ဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**

ရှင်းလင်း

ဆက်လက်၍ ဒုဌဝတီမြစ်ကမ်းမှ မော်တော်ကားလမ်း မြို့ဧရိယာ ၃၅ ပေအထိ ရေတိုက်စားခြင်းကို သံခြင်းအခြေပြု ကျောက်စီတမံဆောက်ရွက်ပြီးစီးမှုအား မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ အမှုဆောင်အရာရှိ ဦးစိုင်းဝင်းမြင့်နှင့် မြို့မိမြို့ဖများက ဇူလိုင် ၁၀ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာက ရှင်းလင်းပြသသည်။

စိုင်း(သီပေါ)

တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဘောလုံးပြိုင်

မတ္တရာ ဇူလိုင် ၁၁

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား အသက် ၂၀ နှစ်အောက် မြို့နယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲများကို ကျင်းပလျက်ရှိရာ ပြင်ဦးလွင်ခရိုင်အတွင်း ငါးမြို့နယ် မတ္တရာရှိ ဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၃ ရက်က မတ္တရာမြို့နယ်အားကစားကွင်း၌ ကျင်းပခဲ့ပြီး ဗိုလ်လုပွဲကို ယမန်နေ့ညနေ လေးနာရီက မတ္တရာမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်အသင်းတို့ယှဉ်ပြိုင်ကစားကြရာ မတ္တရာမြို့နယ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသွားကြောင်း သိရသည်။

ပြိုင်ပွဲအပြီး ဆုများချီးမြှင့်ရာ ဒုတိယဆုရ ပြင်ဦးလွင်မြို့နယ်အသင်းအား ဆေးဝါးနှင့်အလှူရှင် ဦးကော်ကော်(ဆရာကော် အဆုတ်သန့် တိုင်းရင်းဆေးဆိုင်ရှင်)က ဆုကြေးငွေကျပ် ၅၀၀၀၀ နှင့် အကောင်းဆုံးဘောလုံးသမားဆုရ ထွန်းလင်းအောင်(၁၀) မတ္တရာမြို့နယ်အသင်းအား ပြင်ဦးလွင်ခရိုင် ဘောလုံးပြိုင်ပွဲကျင်းပရေးကော်မတီဝင် ဦးခင်မောင်လွင်လေး မြန်မာ့လက်ရွေးစင်ဟောင်းမှ ဆုငွေကျပ် ၂၀၀၀၀ တို့ကို ပေးအပ်ချီးမြှင့်ကြပြီး ပထမဆုရ မတ္တရာမြို့နယ်အသင်းအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်က ဆုငွေကျပ်တစ်သိန်း အားချီးမြှင့်ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

၄၀၀ ဗို့ ဓာတ်ကြိုးပြတ်ကျ၍ ဈေးဝယ်နေသော အမျိုးသမီးသုံးဦး ဓာတ်လိုက်ခံရသဖြင့်သေဆုံး

ရန်ကုန် ဇူလိုင် ၁၁

လှိုင်သာယာမြို့နယ်အတွင်း ယနေ့နံနက်ပိုင်းက ဈေးဝယ်နေသော အမျိုးသမီးသုံးဦး ဓာတ်လိုက်ခံရသဖြင့် သေဆုံးခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ လှိုင်သာယာမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် လှိုင်သာယာမြို့နယ် (၁၅) ရပ်ကွက် ဈေးရှိ သရဖီလမ်းတွင် အမျိုးသမီးသုံးဦး ဓာတ်လိုက်သေဆုံးနေကြောင်း သတင်းအရ ယနေ့နံနက် ၉ နာရီ မိနစ် ၅၀ က သွားရောက်စစ်ဆေးခဲ့ကြရာ သေဆုံးသူများမှာ လှိုင်သာယာမြို့နယ်နေသူများဖြစ်သည့် ဒေါ်တင်တင်ဝင်း(၄၁ နှစ်)၊ ဒေါ်ချိုမာကြီး (၃၇ နှစ်)နှင့် ဒေါ်ရင်ငွေ (၄၉ နှစ်) တို့ဖြစ်ကြောင်း သိရပြီး ၎င်းတို့သည် (၁၅)ရပ်ကွက် သရဖီလမ်းရှိ ဈေးထဲတွင် ဈေးဝယ်နေစဉ် ၄၀၀ ဗို့ လျှပ်စစ်ဓာတ်ကြိုးပြတ်ကျရာမှ ၎င်းတို့အား ထိမိပြီး ဓာတ်လိုက်သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ သေဆုံးမှုနှင့်ပတ်သက်၍ လှိုင်သာယာမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

မြန်မာ့သစ်လုပ်ငန်း အခြေခံစက်မှုလုပ်ငန်းဌာနလက်အောက်ရှိ အမှတ်(၁/၂/၃) ပရိဘောဂစက်ရုံများနှင့် ရောင်း/ဖြန့်ဌာနတို့မှ ဝန်ထမ်းသားသမီးများအား ဂုဏ်ပြုချီးမြှင့်ပွဲကို ဇူလိုင် ၉ ရက်က အလုံမြို့နယ် သစ်တောရပ်ကွက် ပရိဘောဂစက်ရုံ၌ကျင်းပရာ အထွေထွေမန်နေဂျာဦးအောင်ငွေက တက္ကသိုလ်ဝင်တန်း လေးဘာသာဂုဏ်ထူးရှင် မခိုင်ဇာသွယ်အား ဆုချီးမြှင့်စဉ်။ ကိုကြီးတင်

ပြင်ဆင်ဖတ်ရှုပါရန်

ဇူလိုင် ၁၁ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာ လူမှုစီးပွားအားကစားကဏ္ဍ စာမျက်နှာ ၆ တွင်ပါရှိသော ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး အားလုံးဝိုင်းဝန်းကြိုးပမ်းပေး သတင်းဆောင်းပါး ကော်လံ ၁ ဒုတိယစာပိုဒ် စာကြောင်းရေ ၅ ၌ ပါရှိုင်၊ မြို၊ ခမ်း၊ သက်နှင့် ဒိုင်းနက်လူမျိုးများ အစား **ရခိုင်၊ မြို၊ ခမီ၊ သက်နှင့် ဒိုင်းနက်လူမျိုးများ** ဟု လည်းကောင်း၊ ပဉ္စမစာပိုဒ် စာကြောင်းရေ ၆ တွင် တစ်ဧကအထွက်နှုန်း ၁၆၈ ဒသမ ၇၃ တင်း အစား **၆၈ ဒသမ ၇၃ တင်း** ဟု လည်းကောင်း ပြင်ဆင်ဖတ်ရှုပေးပါရန် စာဖတ်ပရိသတ်များအား မေတ္တာရပ်ခံအပ်ပါသည်။

မြန်မာ့အလင်း

ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ ရန်ကုန်မြို့၌ စည်ကားသိုက်မြိုက်စွာကျင်းပ

ရန်ကုန် ဇူလိုင် ၁၁

ယနေ့သည် ၁၃၇၆ ခုနှစ် ဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့)ဖြစ်သည်။ သန္ဓေ၊ တောထွက်၊ ဓမ္မစကြာ၊ တစ်ချက်ပြာဋိဟာဆိုသည့်စကားအတိုင်း ဗုဒ္ဓသာသနာတော်သမိုင်း၌ ထူးခြားသောဖြစ်စဉ်ကြီးလေးခုသည် ဝါဆိုလပြည့်နေ့များ၌ ဖြစ်ပေါ်ခဲ့သည်။

ထိုဖြစ်စဉ်များမှာ ဝါဆိုလပြည့်နေ့၌ ဘုရားအလောင်း ပဋိသန္ဓေယူတော်မူခြင်း၊ တောထွက်တော်မူခြင်း၊ ဘုရားဖြစ်ပြီးနောက် ပဥ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရား ဦးဟောတော်မူခြင်း၊ သာဝတ္ထိပြည်ရှိ သရက်ဖြူပင်ရင်း၌ တိတ္ထိများအား တန်ခိုးပြာဋိဟာ ပြတော်မူခြင်းတို့ ဖြစ်သည်။

နာရီမှ ညနေ ၆ နာရီအထိ ဝတ်အသင်းများက ဓမ္မစကြာအခါတော်နေ့ ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဖတ်ပူဇော်ကြသည်။

ဗိုလ်တထောင်မြို့နယ် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံ၌ နံနက် ၁၀ နာရီတွင် ပုညသုခကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမေဓာနန္ဒက

ပွင့်စေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ နံနက် ၅ နာရီတွင် စေတီတော်အား သစ်သီးဆွမ်းများ ဆက်ကပ်လှူဒါန်းကြပြီး စေတီတော်ပရိဝုဏ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်များအား နံနက် ၉ နာရီတွင် အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြပြီး ဂေါပကအဖွဲ့ ဩဝါဒါစရိယ

ပြည့် ရွှေသက်န်းကပ်လှူပူဇော်မည်ဖြစ်ရာ ယနေ့မှစ၍ အလှူရှင်များလာရောက်လှူဒါန်းလျက်ရှိပြီး ဂေါပကအဖွဲ့ရုံးသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

သီရိမင်္ဂလာကမ္ဘာအေး စေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ အခမ်းအနားကို မွန်းလွဲ ၁ နာရီ

ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

ဝါဆိုလပြည့်နေ့က ရွှေတိဂုံစေတီတော်ရင်ပြင်တွင် ဘုရားဖူးပြည်သူများ၊ ကုသိုလ်ဒါနယူသူများဖြင့် စည်ကားစွာတွေ့ရစဉ်။

ဝါဆိုလ၌ သံဃာတော်များ ဝါဆိုဝါကပ်ပြုခြင်း၊ ဝါဆိုပန်းခူးခြင်း၊ ဝါဆိုပန်းကပ်ခြင်း၊ ဝါဆိုဆွမ်းကျွေးခြင်းနှင့် ဝါဆိုသင်္ကန်းကပ်ခြင်း၊ ဘိုးဘွားသက်ကြီးများအား ပူဇော်ကန်တော့ခြင်းတို့ကို အစဉ်အလာ မပျက်ကျင်းပကြသည်။

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ ယနေ့နံနက် ၅ နာရီတွင် စေတီတော်ရင်ပြင်တောင်ဘက်မုခ်ဧည့်ခံတန်ဆောင်း၌ စေတီတော်အား ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်းနှင့် သစ်သီးဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

နံနက် ၆ နာရီခွဲတွင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်းဆောင်း၌ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဝန်ထမ်းများက ဓမ္မစကြာအခါတော်နေ့ အခမ်းအနားကို ကျင်းပကြပြီး နံနက် ၇နာရီခွဲတွင် ဝါဆိုရွှေသင်္ကန်းများအား စေတီတော်ရင်ပြင်၌ လှည့်လည်အပူဇော်ခံကာ ဘုရားလေးဆူနှင့် ပတ္တမြားမျက်ရှင်ဘုရားတို့အား ကပ်လှူပူဇော်ကြသည်။ နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်ဩဝါဒါစရိယ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ထံမှ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

မဟာဝိဇယစေတီတော်၌ စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ငါးပါးအား ယမန်နေ့ နံနက် ၆ နာရီတွင် ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းပြီး ယနေ့နံနက် ၆

ပရိသတ်များအား သီလချီးမြှင့်ပြီး မွန်းလွဲ ၁၂ နာရီခွဲတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ရေစကြိုဆရာတော် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသနှင့် ညနေ ၃ နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မိုးညှင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တစန္ဒိမာတို့က နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ချီးမြှင့်ကြသည်။

ဆူးလေစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ ယမန်နေ့က စေတီတော်မြောက်ဘက်မုခ်အာရုံခံတန်ဆောင်း၌ စေတီတော်အား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးများ ကပ်လှူပူဇော်ကြပြီး ကျက်သရေဆောင်ခန်းမ၌ ဓမ္မစကြာအခါတော်နေ့အကြို အန္တရာယ်ကင်းပရိတ်တရားတော်နာယူ၍ မြောက်ဘက်မုခ်အာရုံခံတန်ဆောင်း၌ ဝတ်အသင်းများက ဝတ်ရွတ်ပူဇော်ကြသည်။ သိမ်တော်ကြီးကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုမာရကလည်း ဓမ္မစကြာအခါတော်နေ့ (ဗုဒ္ဓနေ့) ဖြစ်ပေါ်လာပုံကို မြွက်ကြားဟောပြောခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် ဝါဆိုရွှေကြာသင်္ကန်းများအား ဆူးလေစေတီတော်ရင်ပြင်၌ လှည့်လည်အပူဇော်ခံကာ စေတီတော်မုခ်လေးမုခ်ရှိ ဘုရားများနှင့် အတုလမာရ်အောင်ဘုရားရှင်တို့အား ဆက်ကပ်ကြသည်။

ပုဇွန်တောင်မြို့နယ် ရွှေဘုန်း

ဆရာတော်ထံမှ ပရိသတ်များက ကိုးပါးသီလခံ ယူဆောက်တည်ကြသည်။

မွန်းလွဲ ၁ နာရီတွင် မင်္ဂလာစံကျောင်းဆရာတော်က နိဗ္ဗာန်ရောက်ကြောင်း တရားချီးမြှင့်ပြီး ညနေ ၃ နာရီတွင် (၅၇)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ကျင်းပသည်။

မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေတွင် တည်ထားကိုးကွယ်လျက်ရှိသော ဝရဒါဌာဓာတုစေတီယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)၌ စေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ နံနက် ၈ နာရီတွင် ဂန္ဓကုဋိတိုက်အတွင်း၌(၁၇)ကြိမ်မြောက် ဓမ္မစကြာအခါတော်နေ့နှင့် (၈)ကြိမ်မြောက် ဝါဆိုရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲအခမ်းအနားကို ကျင်းပသည်။

သမိုင်းဝင်အပရာဇိတ ဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်၌ နံနက်အရုဏ်တက်ချိန်တွင် စေတီတော်အား ဘုရားအနေကဇာတင်ပြီး ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးမျိုးစုံ ကပ်လှူပူဇော်ကြသည်။

နံနက် ၁၀ နာရီခွဲတွင် အောင်ဗိမာန်ကျောင်းတိုက်ဆရာတော်က သီလပေးတရားချီးမြှင့်ပြီး မွန်းလွဲ ၁ နာရီတွင် နတ်ညွှန်းကျောင်းတိုက်ဆရာတော်က နိဗ္ဗာန်ရောက်ကြောင်းတရားချီးမြှင့်သည်။

သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်အား ယခုနှစ် ပွင့်လင်းရာသီတွင် လုံးတော်

တွင် အာရုံခံတန်ဆောင်းအပေါ်ထပ်၌ ကျင်းပပြီး ဝတ်အသင်းများက ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဖတ်ပူဇော်ကြသည်။

လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား)၌ (၁၃)ကြိမ်မြောက် ဓမ္မစကြာအခါတော်နေ့ ဝါဆိုသင်္ကန်းကပ်လှူပွဲကိုကျင်းပရာ နံနက် ၅ နာရီတွင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပြီး ရွှေကြာသင်္ကန်းကပ်လှူပူဇော်ကြသည်။

အလားတူ သမိုင်းဝင်ရှေးဟောင်း ကျိုက္ကစံဆံတော်ရှင်စေတီတော်၊ မိုးကောင်းစေတီတော်၊ငါးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ မယ်လမုဘုရား၊ ဥက္ကလာပစေတီတော်၊ မင်္ဂလာဒုံမြို့နယ်ရှိ ကျိုက္ကလို့၊ ကျိုက္ကလဲ့စေတီတော်၊ သန်လျင်မြို့နယ်ရှိ ကျိုက်ခေါက်စေတီတော်၊ ကျောက်တန်းမြို့နယ်ရှိ ကျိုက်မှော်ဝန်းရေလယ်ဘုရား၊ ခရမ်းမြို့ သွန်းဘုရားကြီးအပါအဝင် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ မြို့နယ်အသီးသီးရှိ ဘုရား၊ ပုထိုး၊ စေတီ၊ သိမ်၊ ကျောင်း၊ ကန်၊ ဇရပ်၊ ဓမ္မာရုံတို့၌ ဓမ္မစကြာအခါတော်နေ့ အထိမ်းအမှတ်အဖြစ် ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း၊ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ခြင်း၊ ဒါန၊ သီလ၊ ဘာဝနာမှုပြုကြခြင်းများဖြင့် အထူးစည်ကားလျက်ရှိသည်။

(သတင်းစဉ်)

ဝါဆိုလပြည့်နေ့မန္တလေးမြို့ တန်ခိုးကြီးဘုရားစေတီများ၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြား

မန္တလေး ဇူလိုင် ၁၁

ဝါဆိုလပြည့်နေ့ ဓမ္မစကြာ အခါတော်နေ့ ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားသည့် နေ့တစ်နေ့ဖြစ်သည့်ယနေ့တွင် မန္တလေးမြို့နှင့်အနီးဝန်းကျင်ရှိ တန်ခိုးကြီးဘုရားပုထိုးစေတီတော်များနှင့် ဘုန်းတော်ကြီးကျောင်းများတွင် ဗုဒ္ဓဘာသာဝင်ရဟန်းရှင်လူ ပြည်သူအပေါင်းသည် နံနက် အရုဏ်တက်ချိန်မှစ၍ ဓမ္မစကြာအခါတော်နေ့ပူဇော်ပွဲ၊ ဝါဆိုဝါကပ်ပွဲ၊ ဝါဆိုပန်းကပ်ပူဇော်ပွဲ၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲများ၊ ဆွမ်းလောင်းလှူဒါန်းပွဲများ၊ ရှင်ပြုမင်္ဂလာပွဲစသည့် ကုသိုလ်ကောင်းမှုတို့ကို စည်ကားသိုက်မြိုက်စွာကျင်းပခြင်း၊ ရပ်ကွက်အသီးသီးရှိ ဓမ္မာရုံများတွင် ဝါဆိုသင်္ကန်း၊ ဆွမ်း၊ ဘောဇဉ်၊ ခဲဖွယ် လှူဒါန်းကြခြင်း၊ ဆရာတော်များက သီလပေးတရားတော်များနှင့်နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်တော်မူခြင်းစသည့်ကုသိုလ်ကောင်းမှု ပြုသူများဖြင့် စည်ကားလျက်ရှိပြီး မြို့ရွာအနှံ့ ဘုန်းတော်ကြီးကျောင်းများ၌လည်း ကုသိုလ်ဒါနပြုကြသူများဖြင့် စည်ကားလျက်ရှိသည်။

ယနေ့နံနက် ၄ နာရီတွင် မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်အား ရေတော်ဆရာတော် ဘဒ္ဒန္တဥက္ကဌ အရှင်သူမြတ်အမှူးပြု၍ မျက်နှာသစ်တော် ဝတ်အဖွဲ့က မျက်နှာ သစ်တော်မူပြီး ရွှေသင်္ကန်းကပ်လှူကာ ဆွမ်း၊ ရေချမ်း၊ ပန်းကပ်လှူပူဇော်ကြသည်။ ဗုဒ္ဓဘာသာဝင် သူတော်စင် ရဟန်းရှင်လူ ပြည်သူတို့ကလည်း မဟာမုနိရုပ်ရှင်တော်အား ရွှေသင်္ကန်းကပ်လှူခြင်း ဆွမ်း၊ ရေချမ်းကပ်လှူခြင်း၊ ဖယောင်းဆီမီးပူဇော်ခြင်း၊ ရေသပ္ပာယ်ခြင်း၊ ငါးကန်တွင် ငါးလွှတ်ခြင်း၊ အစာကျွေးခြင်း၊ လူမှုရေးအသင်းအဖွဲ့များ၊ ဝတ်အသင်းအဖွဲ့များက ဓမ္မစကြာဝတ်ရွတ်ပူဇော်ခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ တရားအားထုတ်ခြင်း၊ ကုသိုလ်ကောင်းမှုပြုသူတို့ဖြင့် စည်ကားသိုက်မြိုက်လျက်ရှိကာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှကြီးမှူး၍ မဟာမုနိဘုရားကြီး၏ မိုးကောင်းဓမ္မာရုံ၌လည်း အသံမစဲပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ကျင်းပလျက်ရှိကြောင်း သိရသည်။

ထို့ပြင် မန္တလေးအရှေ့ပြင်လုံးဆိုင်ရာ မဟာလောက ရန်နိုင်အောင်တော်မူ ဆုတောင်းပြည့်မြတ်စွာဘုရား၊ မန္တလေးတောင်ကုသိုလ်တော် စန္ဒာမုနိကျောက်တော်ကြီး၊ ရန်ကင်းတောင်၊ စွယ်တော်မြတ်စေတီတော်၊ တဝဂူ၊ ချမ်းသာကြီးဘုရား၊ ရွှေကျီးမြင်ဘုရား၊ ဆုတောင်းပြည့်၊ ဆုတောင်းရဘုရား၊ ဝါခင်းကုန်းဘုရားစသည့် ဘုရားပုထိုးစေတီကျောင်းကန်များတွင် ဘုရားမြက်နှာသစ်တော်ရေအတွက် သနပ်ခါးသွေးခြင်းဖြင့် ကုသိုလ်ယူကြသူများ၊ ဥပုသ်သီလဆောက်တည်၍ တရားအားထုတ်ကြသူများ၊ အလှူဒါနကောင်းမှုပြုသူများဖြင့် စည်ကားများပြားပြီး အထူးသဖြင့် မဟာမုနိဘုရားကြီးတွင် တိုးမပေါက်အောင် စည်ကားများပြားလှသည်ကို တွေ့ရှိရပြီး ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ ညနေပိုင်းတွင် ဆရာတော် သံဃာတော်အရှင်သူမြတ်များက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

❍ **ရှေ့ဖုံးမှ**

တာဝန်ရှိသူများက ဗုဒ္ဓပဋိမာကျောက်စိမ်းရုပ်ပွားတော်များနှင့် စေတီတော်အရှေ့မြောက်ထောင့်အရပ်ရှိ မဟာဆုတောင်းပြည့်ရုပ်ပွားတော်မြတ်ကြီးအား ဝါဆိုရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းသံဃာ့နာယကအဖွဲ့ဝင် ဥပ္ပါတသန္တိ စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ တပ်ကုန်းမြို့နယ် ဘုရားကြီးကျောင်းတိုက် ပဓာနနာယကဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတအရိယဝံသထံမှ ပြည်ထောင်စုဝန်ကြီးဦးစိုးဝင်းနှင့် တာဝန်ရှိသူများ၊ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယတိုင်းသံဃာ့နာယကအဖွဲ့ဝင် လယ်ဝေးမြို့ဘုရားကြီးကျောင်းတိုက် ပဓာနနာယကဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတအရိယဝံသထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယနေ့သည် ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) ဖြစ်သည်နှင့်အညီ နေပြည်တော်ရှိဘုရား၊ ပုထိုးစေတီတော်တို့၌ ဗုဒ္ဓပူဇနိယပွဲတော်များကို ကျင်းပလျက်ရှိရာ ကုသိုလ်ပုညပြု ကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ညနေ ၄ နာရီခွဲတွင် ဥပ္ပါတသန္တိစေတီတော် လိုဏ်ဂူတော်အတွင်း၌ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှ ဝတ်အသင်းအဖွဲ့များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် လက်အောက်ခံတပ်ရင်းတပ်ဖွဲ့များမှ ဝတ်အသင်းအဖွဲ့များက ဓမ္မစကြာဒေသနာတော်နှင့် ပရိတ်တော်များကို ရွတ်ဖတ်ပူဇော်ကြပြီး အနယ်နယ် အရပ်ရပ်မှ လာရောက်ကြသော ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ညပိုင်းတွင် နေပြည်တော်ဥပ္ပါတသန္တိစေတီတော်ကုန်းတော်ပြင်၌ ဘုရားရှင်အားရည်မှန်း၍ ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးအား နေပြည်တော်ကောင်စီဝင်များ၊ ဂေါပကအဖွဲ့ဝင်များနှင့် ဝတ်အသင်းအဖွဲ့များက ဆီမီး ၉၀၀၀ ဖြင့် ထွန်းညှိပူဇော်ခြင်း၊ ဗုဒ္ဓဒေသနာတော်များ ရွတ်ဆိုပူဇော်ခြင်း၊ ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်းဆက်ကပ်လှူဒါန်း၍ ဒါနသီလ၊ ကုသိုလ်ပုညပြုကြသူများ၊ သမထ၊ ဝိပဿနာဘာဝနာပွားများကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေ ဘောဂသိဒ္ဓိရပ်ကွက်ရှိ ဓာတုဇယ ဓာတ်ပေါင်းစုစေတီနှင့် စေတီတော်ပရိဝုဏ်အတွင်းရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၌ ဝါဆိုဦးသီလဆောက်တည်သူ နေပြည်တော်ရှိဝန်ထမ်းမိသားစုများ၊ ပတ်ဝန်းကျင်ဒေသရှိ ကျေးရွာများမှ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိပြီး နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ရှိ ဆုတောင်းပြည့် လောကမာရဇိန်၊ ဘုရားကိုးဆူနှင့် ကိုးခမ်းကြီးဘုရားတို့၌လည်း ဒေသနေပြည်သူများက အရုဏ်ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်းကပ်လှူခြင်း၊ သီလဆောက်တည်ခြင်း၊ ဘာဝနာတရားပွားများခြင်းစသည့် ဒါနသီလ ဘာဝနာကုသိုလ်ပုည ဆည်းပူးကြသူများ၊ မိသားစုအလိုက် ဘုရားဖူးကြသူများဖြင့် စည်ကားလျက်ရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၁

စက်မှုဝန်ကြီးဌာန တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ပေါင်းစပ်ညှိနှိုင်းစီမံခန့်ခွဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီက စက်မှုဝန်ကြီးဌာန၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများအား အရှိန်မြှင့်တင်မှုလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် ဝန်ကြီးဌာနမှ တာဝန်ယူ ဆောင်ရွက်နေရသည့် လုပ်ငန်းကဏ္ဍများအလိုက် အလုပ်ရုံဆွေးနွေးပွဲများ၊ ခေတ်နှင့်လိုက်လျောညီထွေစွမ်းဆောင်ရည်ရှိရှိလုပ်ကိုင်နိုင်ရေး၊ အရာထမ်း၊ အမှုထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာပညာရပ်အသီးသီးကို ကျွမ်းကျင်အောင် စွမ်းရည်မြှင့်တင်နိုင်အောင် အမြဲမပြတ်လေ့လာဆည်းပူးနေရန်လည်း လိုအပ်ပါကြောင်း၊ တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပေါင်းစပ်ညှိနှိုင်းအဖြေရှာမှုများအပြင် ပြန်လည်သုံးသပ်အကဲဖြတ်ခြင်းကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများတွင် စက်မှုကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးတို့အတွက် မိမိတို့ဝန်ကြီးဌာနတွင် စက်မှုသင်တန်းကျောင်းများဖွင့်လှစ် သင်ကြားပေးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် Myanmar Egres Capacity Development Center မှ ဒေါက်တာကျော်ရင်လှိုင်ကMyanmar Politic and Imaging New Myanmar ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဦးစောမြင့်မောင်က Bureaucracy in Myanmar ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့သည်။

အလားတူ စက်မှုဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများကို တတိယအဆင့်အရှိန်မြှင့်တင်မှုလုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပွဲကို ဇူလိုင် ၁ ရက်က နေပြည်တော်ရုံးအမှတ်(၃၇)စုပေါင်းခန်းမ၌ပင် ကျင်းပခဲ့ကြောင်း သိရှိရသည်။

စက်မှုဝန်ကြီးဌာန၏ ၂၀၁၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ရုံးအမှတ်(၃၀)၊ (၃၇) နှင့်(၄၁) ရုံးပတ်လည်တို့တွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ ဒုတိယဝန်ကြီး ဦးသိန်းအောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများက သတ်မှတ်နေရာများ၌ ကျွန်းပင်များကို စိုက်ပျိုးကြပြီး ဝန်ထမ်းများ၏ သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဂျပန်အောက်လွှတ်တော်အမတ်နှင့်အဖွဲ့ တို့ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇူလိုင် ၁၁

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဂျပန်အောက်လွှတ်တော်အမတ် ဂျပန်-မြန်မာပါလီမန်ချစ်ကြည်ရေးအသင်း Mr.Ichiro AISAWA ဦးဆောင်သောအဖွဲ့တို့သည် ဇူလိုင် ၁၀ ရက် ညနေပိုင်းက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီးရုံး၌တွေ့ဆုံ၍ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား လယ်ယာကဏ္ဍပူးပေါင်းဆောင်ရွက်မှု အဆင့်မြှင့်တင်ရေး၊ ကျန်းမာရေးအတွက် ဆေးဖက်ဝင်သီးနှံများ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချရေး၊ ဂျပန်နိုင်ငံထောက်ပံ့ငွေဖြင့် နှစ်နှစ်စီမံကိန်းရေးဆွဲပြီး အမေရိကန်ဒေါ်လာ သန်း ၃၀ ဖိုး ရင်းနှီးမြှုပ်နှံ၍ မြန်မာနိုင်ငံအနှံ့အပြားနှင့် အထူးသဖြင့် အပူပိုင်းဇုန်ဒေသဖြစ်သော မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးအကောင်အထည်ဖော်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုဗ္ဗသီရိမြို့နယ်တွင် မိုးရာသီသစ်ပင်စိုက်ပျိုး

နေပြည်တော် ဇူလိုင် ၁၁

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်တွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၈ ရက်နံနက် ၇ နာရီက ဇဝနရပ်ကွက်ရှိ အမှတ် (၁၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ပုဗ္ဗသီရိမြို့နယ် တာဝန်ခံဦးသန်းဌေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုး၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်နွယ်နီထွန်း၊ ကျောင်းအုပ်ဆရာကြီးနှင့်ဆရာ ဆရာမများမှ ရတနာတန်းဝင် ကျွန်း၊ ယူကလစ်၊ တမာ၊ မဲဇလီ၊ ပိတောက်အစရှိသော သစ်ပင် ၁၂၀၀ ကို စိုက်ပျိုးခဲ့သည်။

ထို့အတူ နေပြည်တော်ကောင်စီဝင် ဦးသန်းဌေး၊ မြို့နယ် အုပ်ချုပ်ရေးမှူးနှင့်ရပ်/ကျေးအုပ်ချုပ်ရေးမှူးများသည် ဇူလိုင် ၆ ရက် နံနက်ပိုင်းက ပုဗ္ဗသီရိမြို့နယ် ညောင်လူးကျေးရွာအုပ်စု ကျောက်စရစ်ကုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းတွင် ရတနာတန်းဝင် ကျွန်း၊ ပိတောက်၊ ယူကလစ်၊ တမာ၊ မဲဇလီအစရှိသော သစ်ပင် ၂၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(ရုပ်ဗေဒ)

တရားမဝင် ဆောက်လုပ်ထားသော လူနေတိုက်များစစ်ဆေးအရေးယူမည်

ရန်ကုန် ဇူလိုင် ၁၁

ရန်ကုန်မြို့တွင် လူနေတိုက်တာအဆောက်အအုံများ တည်ဆောက်မှု တစ်နေ့တခြား တိုးတက်များပြားလာလျက်ရှိရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ခွင့်ပြုချက်မရရှိဘဲ ဆောက်လုပ်ထားသော ဆောက်လုပ်လျက်ရှိသော တိုက်တာအဆောက်အအုံများကို အရေးယူမှုများပြုလုပ်ကာ ဖြိုဖျက်သည်အထိ ပြုလုပ်သွားမည်ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“ရန်ကုန်မှာ တရားဝင်ခွင့်ပြုချက်ရပြီး တည်ဆောက်ထားတဲ့ တည်ဆောက်နေဆဲဖြစ်တဲ့ လူနေတိုက်တာ အဆောက်အအုံတွေရှိသလို တရားမဝင်တည်ဆောက်နေတဲ့ တည်ဆောက်ထားတဲ့ တိုက်တာ အဆောက်အအုံတွေရှိတယ်။ ဒါတွေကို ကွင်းဆင်းစစ်ဆေးပြီး အရေးယူဆောင်ရွက်မှုတွေ ပြုလုပ်သွားတော့မှာပါ”ဟု ၎င်းကပြောသည်။

ရန်ကုန်မြို့တွင် တရားမဝင် လူနေတိုက်တာအဆောက်အအုံများ တည်ဆောက်နေမှုနှင့်ပတ်သက်ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဇူလိုင် ၇ ရက်က ရှင်းလင်းပွဲတစ်ရပ်ပြုလုပ်ကာ စာနယ်ဇင်းများကိုလည်း အသိပေးခဲ့သည်။ ရန်ကုန်မြို့တွင် လူနေတိုက်တာများ တည်ဆောက်ရာ၌ ကန်ထရိုက်လိုင်စင်များထုတ်ပေးကာ လိုင်စင်ရအင်ဂျင်နီယာများကဦးစီးပြီး ဆောက်လုပ်ခွင့်ပေးခဲ့သည်။

ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ တရားဝင်ခွင့်ပြုချက်ရပြီး တည်ဆောက်နေသော လူနေတိုက်တာအဆောက်အအုံကို တွေ့ရစဉ်။

သို့သော်ယခုအခါ ရန်ကုန်မြို့နေရာအများအပြားတွင် တရားဝင်ခွင့်ပြုချက်မရယူဘဲ လူနေတိုက်တာများ ဆောက်လုပ်ထားသော အဆောက်အအုံအလုံး ၂၀၀၀ ကျော်ရှိနေကြောင်း သိရသည်။ အထူးသဖြင့် သဃ်န်းကျွန်းမြို့နယ်တွင် တရားမဝင်ဆောက်လုပ်ထားသော လူနေတိုက်တာ အဆောက်အအုံပေါင်းအလုံး ၆၀၀ ကျော်ရှိနေကြောင်း သိရသည်။

“ခွင့်ပြုချက်မရဘဲ စည်းကမ်းမဲ့ဆောက်လုပ်နေတဲ့ လူနေတိုက်တာအဆောက်အအုံတွေကို ကွင်းဆင်းစစ်ဆေးပြီး တရားစွဲမှုတွေပြုလုပ်မှာဖြစ်ပါတယ်။ ဒါမှမဟုတ် ဆက်လက်တည်ဆောက်မယ်ဆိုရင် အဲဒီတိုက်တာ အဆောက်အအုံတွေကို ဖြိုဖျက်မှုတွေပြုလုပ်သွားမှာ ဖြစ်ပါတယ်”ဟု ၎င်းကဆက်လက်ပြောကြားသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်တွင် လူနေတိုက်တာအဆောက်အအုံများ တည်ဆောက်မှုဆိုင်ရာ စည်းကမ်းဥပဒေများ ထုတ်ပြန်ရာတွင် ပုဒ်မ ၄၈ ၌ တရားမဝင် ခွင့်ပြုချက်မရရှိဘဲ တည်ဆောက်မှုများ ပြုလုပ်မှုကို စိစစ်တွေ့ရှိပါက ယင်းလူနေတိုက်တာ အဆောက်အအုံကို ဖြိုဖျက်နိုင်ကြောင်း သတ်မှတ်ထားသည်။

ရန်ကုန်မြို့တွင် ယခုအခါ လူနေရပ်ကွက်များ၌ မိသားစုလုံးချင်းတိုက်များတည်ဆောက်မှု၊ အခန်းပေးအခန်းယူစနစ်ဖြင့် မြေနေရာ ပိုင်ရှင်အား ငွေကြေးများစွာပေးအပ်ပြီး တရားမဝင် ဆောက်လုပ်မှုများ ပြုလုပ်နေလျက်ရှိသည်။ ထိုသို့ တရားမဝင်၊ ခွင့်ပြုချက်မရဘဲ တည်ဆောက်နေသော လူနေတိုက်တာများကို အရေးယူမှုများ ပြုလုပ်တော့မည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့အလင်း

ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ချပွဲကျင်းပ

ကျောက်ဖြူ ဇူလိုင် ၁၁

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ရွာကြီးကျေးရွာအုပ်စု နားမူးတွေကျေးရွာ ကွင်းအမှတ် (၇၀၈)တွင် တောင်သူတို့စုပေါင်း၍ အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့ချပွဲကို ဇူလိုင် ၃ရက် နံနက် ၈ နာရီက ကျင်းပခဲ့သည်။

အဆိုပါမျိုးစေ့ချပွဲကို ရမ်းဗြဲမြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်ခင်စိုးနှင့်ဝန်ထမ်းများက ကြီးမှူး၍ ကျင်းပခဲ့ပြီး ရွာကြီးကျေးရွာအုပ်စုနှင့် ခွဆုံကျေးရွာအုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ၊ စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။ အဆိုပါ အထူးအထွက်တိုးပုလဲသွယ် စပ်မျိုးစပါး တစ်ကွင်းတစ်စပ်တည်း စိုက်ပျိုးမည့်တောင်သူများက စုပေါင်းပျိုးပေါင်ပြုလုပ်၍ မျိုးစေ့ချခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီး ဦးစီးမှူး ဦးအောင်ခင်စိုးက စနစ်တကျဖြစ်စေရန်နှင့် မျိုးစေ့နှုန်းထားသက်သာခြင်း၊ တောင်သူများ GAP စနစ်ကျင့်သုံးလိုက်နာခြင်းကြောင့် ဝင်ငွေပိုမိုတိုးတက်စေမည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

(၁၅၇)

အာဇာနည်နေ့ ဗိုလ်ချုပ်ပြတိုက် အခမဲ့ကြည့်ရှုလေ့လာနိုင်

ရန်ကုန် ဇူလိုင် ၁၁

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ဗိုလ်ချို(၁)ရပ်ကွက် နတ်မောက်လမ်း ဗိုလ်ချုပ်ပြတိုက်ကို အစိုးရရုံးပိတ်ရက်များမှအပ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ထားရှိသည်။ ဝင်ကြေးအဖြစ် လူကြီးငွေကျပ် ၃၀၀၊ ကလေးသံဃာတော်၊ သီလရှင်ငွေကျပ်၁၀၀ ကောက်ခံရာ နိုင်ငံခြားသားများအပါအဝင် နေ့စဉ်လူ အယောက် ၅၀ မှ ၁၅၀ အထိ လာရောက်လေ့လာလျက်ရှိသည်။ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနတို့က ကြီးကြပ်ထိန်းသိမ်း စောင့်ရှောက်လျက်ရှိသည့်အပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက သန့်ရှင်းရေး၊ သီးပင်စားပင်၊ သစ်ပင်ပန်းမန်လှပစိမ်းလန်းစိုပြည်ရေးများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

“ဗိုလ်ချုပ်အောင်ဆန်း၊ ဇနီး ဒေါ်ခင်ကြည်နဲ့မိသားစုဟာ လွတ်လပ်ရေးမရမီ ယခုပြတိုက်မှာ ၁၉၄၅ ခုနှစ် မေလကနေ ၁၉၄၇ ခုနှစ် ဇူလိုင်လအထိ နေထိုင်ခဲ့ကြတယ်။ ဗိုလ်ချုပ် ငယ်စဉ်ဘဝအကြောင်း၊ တက္ကသိုလ်ကျောင်းသားဘဝ၊ အိမ်ထောင်သည်ဘဝ၊ လွတ်လပ်ရေးကြိုးပမ်းမှုအစဉ်အလာ၊အစည်းအဝေးခန်း၊ စာဖတ်ခန်း၊ အိပ်ခန်း၊ ဇနီး သားသမီးများနဲ့အတူ စားသောက်နေထိုင်မှုများ လေ့လာရမှာပါ၊ ပြတိုက်ခြံဝင်းအတွင်း စဝင်လိုက်ရင် ဗိုလ်ချုပ်လုပ်ကြံခံရတဲ့နေ့အထိ အသုံးပြုခဲ့တဲ့ အင်္ဂလန်နိုင်ငံထုတ် နံပါတ် RC.2874 Wolseley အမျိုးအစားအနက်ရောင်ရှေးဟောင်းမော်တော်ကားတစ်စီး ကားဂိုဒေါင်အတွင်း ရပ်တန့်ထားတာလည်း တွေ့ရမယ်၊ ပေါက်တူးကိုင် ပေါင်းရှင်းနေတဲ့ ကြေးရုပ်တုကိုလည်းတွေ့ရမယ်”ဟု ပြတိုက်တာဝန်ခံ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်အေးက ရှင်းလင်းပြောကြားသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)

ဆေးဝါးဆိုင်ရာ ကုန်စည်ပြပွဲဖွင့်

ရန်ကုန် ဇူလိုင် ၁၁

ဒုတိယအကြိမ် မြန်မာနိုင်ငံ နိုင်ငံတကာဆေးဝါးဆိုင်ရာ ကုန်စည်ပြပွဲနှင့်ဟောပြောပွဲအခမ်းအနား The 2nd International Exhibition & Conference on Pharmaceutical and Medical Industry for Myanmar (MYANMAR PHAR-MED EXPO-2014) ဖွင့်ပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံဆေး၊ ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူနှင့် မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံများအသင်းဥက္ကဋ္ဌ ဒေါက်တာ ရဲမိုးမြင့်တို့က ကုန်စည်ပြပွဲနှင့် ဟောပြောပွဲ အခမ်းအနားကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဗီယက်နမ်နိုင်ငံ VEAS Co., Ltd. မှ Managing Director Mr. Nguyen Ba Vinh က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး (ရန်ကုန်မြို့တော်ဝန်) ဦးလှမြင့်နှင့် တာဝန်ရှိသူတို့က ကုန်စည်ပြပွဲနှင့် ဟောပြောပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပြပွဲတွင် နိုင်ငံပေါင်း ၂၀ ကျော်မှ ကုမ္ပဏီပေါင်း ၆၀ ကျော်က ပြခန်းပေါင်း ၆၀ ကျော် ဖွင့်လှစ်၍ ဇူလိုင် ၁၂ ရက်အထိ သုံးရက်ကြာ ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပျဉ်းမနား ဇူလိုင် ၁၁

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနအစည်းအဝေးခန်းမတွင် ဇူလိုင် ၃ ရက်က ကျင်းပသော နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှု တတိယအဆင့် (Third Wave)အရှိန်မြှင့်တင်မှုနှင့် အကောင်အထည်ဖော်မှု လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၏ ရှင်းလင်းဆွေးနွေးမှုများ ထပ်ဆင့်ရှင်းလင်းဆွေးနွေးပွဲကို ဇူလိုင် ၉ ရက် နံနက် ၉ နာရီခွဲက နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ပြုပြင်ပြောင်းလဲမှု တတိယအဆင့်အရှိန်မြှင့်တင်မှု ထပ်ဆင့်ရှင်းလင်း

အဆိုပါ ဆွေးနွေးပွဲတွင် နေပြည်တော် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ ညွှန်ကြားရေးမှူး ဒေါက်တာ ကျော်စိုး၊ ဒက္ခိဏခရိုင် ဦးစီးမှူး ဒေါက်တာနေစိုး၊ ဥတ္တရခရိုင် ဦးစီးမှူး ဒေါက်တာအောင်ကျော်မိုးတို့က နိုင်ငံတော်၏ပြုပြင်ပြောင်းလဲမှု တတိယအဆင့် အရှိန်မြှင့်တင်မှုနှင့် အကောင်အထည်ဖော်မှု လုပ်ငန်းစဉ်များမှ အုပ်ချုပ်မှုယန္တရား တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဆောင်ရွက်ခြင်း၊ e-Government ဆိုင်ရာ လုပ်ငန်းစဉ်များ ချမှတ်ခြင်းနှင့် ဝန်ထမ်းများ၏စိတ်ဓာတ်၊ စည်းကမ်းနှင့် စွမ်းဆောင်ရည်ပြည့်ဝအောင် တည်ဆောက်ခြင်းတို့ကို အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်း ၉၇ ဦးခန့် တက်ရောက်၍ လုပ်ငန်းစဉ်များကို အပြန်အလှန် ဆွေးနွေးခြင်း၊ ဆွေးနွေးပွဲရလဒ်များ ဖော်ထုတ်ခြင်းများပြုလုပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ကိုမျိုး (ရွှေပေါက္ကံ)

ဧည့်လမ်းညွှန် လိုအပ်ချက်ပြည့်မီရေးအတွက် သင်တန်းပေး

ရန်ကုန် ဇူလိုင် ၁၁

မြန်မာနိုင်ငံသို့ နိုင်ငံခြားသား ခရီးသွားများ လာရောက်မှု မြင့်တက်လျက်ရှိပြီး ဧည့်လမ်းညွှန်များလည်း လိုအပ်လျက်ရှိရာ ဧည့်လမ်းညွှန်အသစ်များ မွေးထုတ်ပေးနိုင်ရန်နှင့် ဧည့်လမ်းညွှန်ဟောင်းများ၏ လုပ်ငန်းလိုင်စင် သက်တမ်းတိုးခြင်းများကိုလည်း ပိုမိုပြုလုပ်ပေးလျက်ရှိကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်းမှ သိရသည်။

ပြည်တွင်း၌ ဧည့်လမ်းညွှန် လိုအပ်ချက်ပြည့်မီစေရေးအတွက် ရန်ကုန်မြို့ရှိ ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်းမှ အပတ်စဉ်လေ့ကျင့် သင်ကြားပေးနေသည့် နည်းတူ ဒေသဆိုင်ရာ ဧည့်လမ်းညွှန် အခြေခံသင်တန်းများကိုလည်း နိုင်ငံခြားသား ခရီးသွားများ အများဆုံး လာရောက်သည့် ဒေသများ အတွင်းမှ လူငယ်များကို သွားရောက် သင်ကြားပေးလျက်ရှိရာ **(အောက်ပုံ)** ယခုလ အတွင်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ခဲ့သည့် သရေခေတ္တရာ မြို့ဟောင်းသို့ လာရောက်ကြမည့် ကမ္ဘာလှည့်များ အဆင်ပြေစေရေးနှင့် ဒေသတွင်းလူငယ်များ အလုပ်အကိုင် အခွင့်အလမ်း တိုးပွားလာစေရေး အတွက် ဧည့်လမ်းညွှန် အခြေခံ သင်တန်းကို ယခုလကုန်တွင် ပြည်မြို့၌ သွားရောက် ဖွင့်လှစ်ပေးမည် ဖြစ်သည်။

ပြည်မြို့ရှိ ဘွဲ့ရလူငယ်များ လျှောက်ထားတက်ရောက်နိုင်သည့် ဒေသဆိုင်ရာ ဧည့်လမ်းညွှန်အခြေခံ သင်တန်း ဖွင့်လှစ်နိုင်ရေးအတွက် ဟိုတယ်/ခရီးမှ တာဝန်ရှိသူများနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန သရေခေတ္တရာ လုပ်ငန်းအဖွဲ့တို့က ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဧည့်လမ်းညွှန်လုပ်ကိုင်ခွင့် လိုင်စင်ရရှိထားသော်လည်း ဆက်လက် အလုပ်လုပ်ကိုင်ခြင်းမရှိသည့် ဧည့်လမ်းညွှန်များနှင့် လိုင်စင်သက်တမ်း ကုန်ဆုံးသော်လည်း သက်တမ်းတိုးခြင်းမရှိသည့် ဧည့်လမ်းညွှန်များအတွက် မွမ်းမံသင်တန်းများ သင်ကြားပေးခြင်းနှင့် လိုင်စင်တိုးရန် ကူညီ ဆောင်ရွက်ပေးခြင်းများကိုလည်း ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနမှ လုပ်ဆောင်ပေးလျက်ရှိသည်။

လက်ရှိတွင် မြန်မာနိုင်ငံအတွင်း ဧည့်လမ်းညွှန်လိုင်စင် ရရှိထားပြီးသူ ၈၃၀၀ ရှိပြီး လိုင်စင်သက်တမ်းပြည့်မီစွာ လုပ်ကိုင်နေကြသည့် ဦးရေမှာ ၃၇၅၀ ဝန်းကျင်သာ ရှိသေးကြောင်း သိရသည်။ **သွန်းဝသန်**

နှစ်ပတ်လည်စည်းဝေးနှင့် ပညာသင်စရိတ်ထောက်ပံ့

မော်လမြိုင် ဇူလိုင် ၁၁

မုဒုံမြို့နယ် မြို့နယ်ယာဉ်လုပ်ငန်းကြီးကြပ်ရေးကော်မတီ ၂၀၁၃-၂၀၁၄ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို မုဒုံမြို့ သာသနာ့ဗိမာန်၌ ဇူလိုင် ၉ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပရာ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ပြည်နယ်ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ကျိုက်မရောမြို့နယ်-မော်လမြိုင်မြို့နယ်-သံဖြူဇရပ်မြို့နယ်များမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မုဒုံမြို့နယ်ရှိ ကော်မတီလေးရပ်မှ တာဝန်ရှိသူများ၊ လိုင်းများမှ တာဝန်ခံဂိတ်မှူးများနှင့် အသင်းဝင်ယာဉ်ပိုင်ရှင်/ယာဉ်လုပ်သား စုစုပေါင်း ၁၀၈ ဦး တက်ရောက်ကြသည်။

ဆက်လက်၍ ယာဉ်ပိုင်ရှင်/ယာဉ်လုပ်သားတို့၏ သားသမီး ၂၂၈ ဦးအား ပညာသင်စရိတ် ထောက်ပံ့ချီးမြှင့်ငွေကျပ် ၂၈၄၁၀၀၀၊ သုံးဘာသာဂုဏ်ထူးရှင်သုံးဦး၊ တစ်ဘာသာဂုဏ်ထူးရှင်တစ်ဦး၊ အဌမတန်းအောင်သုံးဦးတို့အား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်သည်။ **ကျော်သန်း(မော်လမြိုင်)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

နိုင်ငံတကာဈေးကွက်နှင့် မြန်မာ့ငါးမှတ်

ကမ္ဘာပေါ်တွင် ငါးစားသုံးမှုသည် ၂၀၂၀ ပြည့်နှစ်တွင် တစ်နှစ်လျှင် လူတစ်ဦးချင်းစားသုံးမှု ၁၅ ဒသမ ၇ ကီလိုဂရမ်အထိရောက်ရှိလာမည်ဟု သုတေသီများ ခန့်မှန်းထားကြသည်။ ကမ္ဘာ့ငါးထုတ်လုပ်မှု၏ ထက်ဝက်ကျော်ကို အာရှတိုက်ကထုတ်ပေးနေသည့်အတွက် ရေထွက်ကုန်နှင့် ပတ်သက်လာလျှင် အာရှနိုင်ငံများက ဩဇာရှိနေသည်ဟု သိရသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် သားငါးကဏ္ဍ အသားတင်ထုတ်လုပ်မှုတန်ဖိုး သုံးဆအထိ တိုးတက်ထုတ်လုပ်ရေး ရည်မှန်း ဆောင်ရွက်လျက်ရှိနေသည်ဟု သိရသည်။

မြန်မာ့ပင်လယ်ပြင်မှ ဖမ်းယူရရှိသည့်ငါးမှတ်ငါးသည် နိုင်ငံတကာဈေးကွက်တွင် ဈေးကောင်းရလျက်ရှိသည်။ ငါးမှတ်ငါးကို ဂျပန်၊ စင်ကာပူ၊ထိုင်းနှင့် ထိုင်ဝမ်တို့တွင် နှစ်သက်စွာစားသုံးကြပြီး တရုတ်နိုင်ငံကအများဆုံး ဝယ်ယူလျက်ရှိကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ပုသိမ်ခရိုင်၊ လပွတ္တာခရိုင်နှင့် ဖျာပုံခရိုင်တို့သည် ပင်လယ်ပြင်နှင့် တစ်ဆက်တစ်စပ်တည်းရှိသည့်အတွက် ရေလုပ်ငန်းအထူးဖွံ့ဖြိုးသည့် ခရိုင်များဖြစ်သည်။ ဖျာပုံခရိုင်မှ ပင်လယ်ပြင်တွင် ငါးဖမ်းစက်လှေပေါင်း ၄၀၀ကျော် ရာသီမရွေး(ခွင့်ပြုဧရိယာအတွင်း) ငါးမှတ်များ ဖမ်းဆီးလျက်ရှိသည်။

ယခုရက်ပိုင်းအတွင် ငါးမှတ်အဝယ်ဒိုင်များဘက်သို့ ရောက်ရှိခဲ့ပြီး ငါးမှတ်ဈေးကွက်ကို လေ့လာရာ ငါးမှတ်တွင် အဖြူနှင့်အမည်း နှစ်မျိုးရှိပြီး ငါးမှတ်အဖြူက ဈေးပိုရကြောင်း၊ငါးမှတ်ပြည်တွင်း ဈေးကွက်တွင် အတက်အကျရှိသော်လည်း ပျမ်းမျှအားဖြင့် ငါးမှတ်ဂရမ် ၄၀၀ ထက် (တစ်ကောင် ၂၅ကျပ်သားခန့်) တစ်ပိဿာကို ကျပ် ၂၈၀၀၀၊ ဂရမ် ၃၀၀အထက် ငါးမှတ်ပိဿာ ကျပ် ၂၁၅၀၀၊ ဂရမ် ၂၀၀ အထက် ငါးမှတ်တစ်ပိဿာ ကျပ် ၁၅၃၀၀၊ ဂရမ် ၁၀၀အထက် ငါးမှတ် တစ်ပိဿာကျပ် ၁၀၃၀၀ နှင့် ဂရမ် ၅၀ အထက် ငါးမှတ်တစ်ပိဿာကျပ် ၅၅၀၀ဖြင့် ဝယ်ယူလျက်ရှိကြောင်း ငါးမှတ်အဝယ်ဒိုင် ပိုင်ရှင်တစ်ဦးက ပြောပြသည်။

ဖျာပုံမြို့ရှိ ဝါရင့်ရေလုပ်ငန်းရှင် ဦးဝေမြင့်က ရေလုပ်ငန်းရှင်များအနေဖြင့် ၁၉၈၄ ခုနှစ်က ငါးမှတ်များဖမ်းဆီးသည့် လုပ်ငန်းစတင်ခဲ့ကြောင်း၊ ၁၉၈၈ခုနှစ်အထိ ငါးမှတ်များအရများကြောင်း၊ ၁၉၉၀ခုနှစ်နောက်ပိုင်း ငါးမှတ်များအရနည်းပါးသွားကြောင်း၊ ရေလုပ်ငန်းရှင်များနှင့် ရေလုပ်သားတို့ကလည်း သမားရိုးကျနည်းမဟုတ်တော့ဘဲ အဆင့်မြင့်နည်းပညာများဖြင့် ဖမ်းဆီးကြကြောင်း၊ ငါးများဥချရာသီတွင်ပင် ဖမ်းဆီးနေကြကြောင်း၊ အိမ်နီးချင်းနိုင်ငံများမှ ငါးဖမ်းစက်လှေများကလည်း တရားမဝင်ဝင်ရောက် ဖမ်းဆီးနေကြောင်း၊ သက်ဆိုင်ရာကလည်း ကြပ်မတ်မှုအားနည်းကြောင်း၊ ကာလကြာမြင့်လာသည့်အခါ ငါးမှတ်များ ရှားပါးသွားကြောင်း၊ ငါးမှတ်အရနည်းသော်လည်း နိုင်ငံတကာဈေးကွက်ကျယ်ပြန့်လာခြင်း၊ ဈေးနှုန်းမြင့်မားလာခြင်းတို့ကြောင့် မြန်မာ့ပင်လယ်ပြင်ကို ဆက်လက်အားကိုးလုပ်ကိုင် ဆောင်ရွက်ရဦးမှာဖြစ်ကြောင်း သူ၏အမြင်ကိုပြောပြသည်။

ဖျာပုံမြို့သည် ကားလမ်း၊ ရေလမ်းများဖြင့် အချိန်တိုအတွင်း ရန်ကုန်မြို့သို့ အချိန်မရွေးသွားလာနိုင်သည့်အတွက် ဖျာပုံခရိုင်အတွင်း ငါးဖမ်းရေယာဉ်များတွင် သာမကဘဲ ပုသိမ်ခရိုင်နှင့် အခါအားလျော်စွာ မြိတ်၊ ထားဝယ်မြို့များမှ ငါးဖမ်းရေယာဉ်များကလည်း ဖျာပုံမြို့အဝယ်ဒိုင်များသို့ ငါးမှတ်များ လာရောက်ရောင်းချနေသဖြင့် ဖျာပုံမြို့သည် ငါးပုစွန်ဈေးကွက် ခိုင်မာစွာတည်ရှိနေခြင်းနှင့်အတူ ရေလုပ်ငန်းတွင် ထင်ရှားဖွံ့ဖြိုးသောမြို့ဟု သတ်မှတ်နိုင်သည်။ **အောင်ဝင်း(ဖျာပုံ)**

ငါးရစ်ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၁၁-၇-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၅၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၃၅၅၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၅၀၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၇
ဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၉၃၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၁၁၄၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၉၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၀၀၀-၆၀၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၅၀၀-၄၅၀၀
၃။	ငါးရံ့	တစ်ပိဿာ	၇၀၀၀-၉၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၁၀၀၀-၁၃၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၇၅၀၀-၉၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၂၀၀၀-၂၅၀၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၈၀၀၀-၁၈၀၀၀
၈။	ကြက်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၇၅၀၀-၈၅၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၆၀၀၀-၈၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၅-၉၈၂
ဥရောပ	တစ်ယူရို	၁၃၃၇-၁၃၄၇
စင်ကာပူ	တစ်ဒေါ်လာ	၇၇၉-၇၈၅
ထိုင်း	တစ်ဘတ်	၃၀.၇-၃၂.၂
အိန္ဒိယ	တစ်ရူပီး	၁၆-၁၆.၆
တရုတ်	တစ်ယွမ်	၁၆၀-၁၆၄
မလေးရှား	တစ်ရင်းဂစ်	၃၀၂-၃၀၇

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။

တစ်နိုင်တစ်ပိုင် အသားစားကြက်မွေးမြူရေးလုပ်ငန်းအောင်မြင်ဖြစ်ထွန်း

အင်းတော် ဇူလိုင် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မံဟဲကျေးရွာအုပ်စု ပေကုန်းကျေးရွာတွင် တစ်နိုင်တစ်ပိုင် အသားစားကြက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိရာ အောင်မြင်ထွန်းလျက်ရှိကြောင်း သိရသည်။

ပေကုန်းကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ် နယ်စပ်ဒေသတို့ ပေါင်းဆုံရာဒေသတစ်ခုဖြစ်သော ကျေးရွာဖြစ်သည့်အလျောက် အများစုမှာ စိုက်ပျိုးရေးလုပ်ငန်းနှင့် ကုန်စည်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းကို လုပ်ကိုင်ကြကြောင်း၊ လူဦးရေ ၃၀၀၀ ခန့် အိမ်ထောင်စု ၆၀၀ တို့ရှိပြီး စီးပွားဖြစ် တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ကြသူနည်းပါးကြောင်း၊ သို့သော် ယခုအခါ အဆိုပါကျေးရွာတွင် တစ်နိုင်တစ်ပိုင် အသားစားကြက်မွေးမြူရေးလုပ်ငန်းကို စမ်းသပ်လုပ်ကိုင်ရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ကြက်ခြံမှ အသားစားကြက်အကောင်ရေ ၇၀၀ ခန့်ကို စမ်းသပ်မွေးမြူနေပါတယ်။ ရောဂါပိုးမွှား ကင်းစင်ရန်အတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာကျော်မင်းဦး၏ စစ်ဆေးလမ်းညွှန်မှုကိုခံယူပြီး စမ်းသပ်မွေးမြူနေပါတယ်။ မွေးကင်းစ ကြက်ပေါက်တစ်ကောင်ကို ငွေကျပ် ၈၀၀နှုန်းဝယ်ရပါတယ်။ ရက် ၄၅ ရက်လောက် မွေးမြူလိုက်ရင် အဲဒီကြက်တွေက တစ်ကောင်ကို တစ်ပိဿာခွဲခန့်အထိ ရပါတယ်။ ဈေးနှုန်းအနေနဲ့ တစ်ပိဿာ ငွေကျပ် ၄၅၀၀၊ ၅၀၀၀ အထိ အဝယ်လိုက်လျှင် လိုက်သလို ဈေးကောင်းရပါတယ်။ ကချင်ပြည်နယ် ဖားကန့် ဆိုင်းတောင်မှ ဝယ်လက်များက တစ်ခြံလုံးကို အော်ဒါပေးမှာနေတဲ့အတွက် အခုလို တစ်ပိုင်တစ်နိုင် စမ်းသပ်မွေးမြူခဲ့တာပါ။ ဆက်လက်တိုးချဲ့မွေးမြူသွားမှာပါ"ဟု စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မံဟဲကျေးရွာအုပ်စု ပေကုန်းရွာမှကြက်ခြံပိုင်ရှင် ဦးသိန်းထိုက်က ပြောပြသည်။

နီတိုး(မော်လူး)

ပျောက်ဆုံးကြောင်း

ကျွန်တော် အောင်အောင် ၁၄/ဇလန (နိုင်)၁၃၆၇၈၅ ၏ နိုင်ငံကူးလက်မှတ် ပတ်စ်ပို့မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၃၁၆၅၃၈၂၃

ဒေါ်မေသက်လှိုင် ၁၂/မရက(နိုင်)၀၅၈၂၄၅ (ဘ)ဦးကိုကိုကြီးနှင့်

အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၇ ရပ်ကွက်၊ ဦးကျော်လှလမ်း၊ အမှတ် ၈/ခနေ (ဘ)ဦးကိုကိုကြီး(ကွယ်လွန်)နှင့်အမိ ဒေါ်တယ်ရီလှိုင်၏သားသမီးများဖြစ်ကြသည့် ဦးထိန်လင်း ၁၂/မရက(နိုင်)၀၆၉၇၄၈၊ ဒေါ်အေးမြလှိုင် ၁၂/မရက (နိုင်)၀၀၂၇၈၁၊ ဦးအောင်ခိုင်စိုး ၁၂/မရက(နိုင်)၀၀၂၈၇၂တို့၏လွှဲအပ်ညွှန်ကြားချက် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးထိန်လင်း၊ ဒေါ်အေးမြလှိုင်၊ ဦးအောင်ခိုင်စိုးတို့၏ဖခင် ဦးကိုကိုကြီး(ကွယ်လွန်)သည် မကွယ်လွန်မီက ၄င်းပိုင်ဆိုင်နေထိုင်နေသည့် မြေအစိတ်အပိုင်းများထဲမှ မြေဧရိယာကေအချို့ကို ရောင်းချခဲ့ပြီး ဖခင်ဖြစ်သူသည် ရောင်းရငွေများဖြင့်-

(၁) ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ မြေကွက်အမှတ် ၉၀၂၊ အကျယ်အဝန်းပေ(၆၀×၈၀)ရှိ ဂရန်မြေကွက်နှင့် ၄င်းမြေကွက်ပေါ်ရှိ အမှတ်(ဂျေ-၉)၊ အထက်ပဒေသာပင်လမ်း၊ FMI City၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော နှစ်ထပ်တိုက်နေအိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်။

(၂) ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ မြေကွက်အမှတ် ၂၈၀၊ အကျယ်အဝန်းပေ(၈၀×၈၀)ရှိ ဂရန်မြေကွက်နှင့် အမှတ်(စီ-အေ)၊ ချယ်ရီ(၃)လမ်း၊ တစ်ခိုင်လုံးရွှေ သစ်ခွအိမ်ရာ၊ FMI City၊ လှိုင်သာယာမြို့နယ်၊ရန်ကုန်မြို့ဟုခေါ်တွင်သော ဂရန်မြေကွက်နှင့် ၄င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်။

(၃) ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်၄/၆ (ပ)၊ မြေကွက်အမှတ် ၁၃၀၈+၁၃၀၉၊ အမှတ်၄/၆(ပ)၊ သီရိဇေယျာလမ်း၊ (၅)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်ဟု ခေါ်တွင်သော မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်

ဖခင်ဖြစ်သူမကွယ်လွန်မီ ဖခင်သည်နာမကျန်း၍ ဦးနှောက်မှတ်ဉာဏ်ချို့ယွင်းမှုရောဂါခံစားနေရသော ဇနီးဖြစ်သူနှင့် ကျန်သားသမီးများအား ၄င်းပိုင်ဆိုင်ပစ္စည်းများအားလုံးကို ညီမျှစွာခံစားယူကြရန် အမြဲဆန္ဒပြုပြောကြားခဲ့ပါသည်။ ဖခင်ဖြစ်သူ ကွယ်လွန်သောအခါတွင် သမီးတစ်ဦးဖြစ်သည့် ဒေါ်မေသက်လှိုင်သည် ဖခင်၏ဆန္ဒကိုဖယ်ရှား၍ ဖခင်၏ငွေများဖြင့် အမှတ်စဉ်(၁)၊ (၂)၊ (၃) စာရင်းပါပစ္စည်းများကို ၄င်းအမည်ဖြင့် စာချုပ်ချုပ်ဆိုခဲ့ကြောင်း ကြားသိရသည့်အပြင် ဖခင်နှင့် မိခင်ပိုင်ပစ္စည်းအားလုံးကို ၄င်းလက်ဝယ်တွင် ယူထားကာ ကျန်မောင်နှမများကို အသိပေးပြသခြင်းမရှိပါ။ ဒေါ်မေသက်လှိုင်အမည်ပေါက်နေသော်လည်း အဆိုပါပစ္စည်းများအားလုံးသည် ဖခင်၏ငွေကြေးဖြင့်ဝယ်ယူကြောင်း ဖခင်ကမှာကြား၊ ပြောကြားခဲ့သောကြောင့် မိသားစုပိုင်ပစ္စည်းများဖြစ်ပါကြောင်းနှင့် မိသားစုပိုင်ပစ္စည်းအားလုံးကို ဒေါ်မေသက်လှိုင်မှ မည်သူ့ကိုမျှ လွှဲပြောင်းရောင်းချပိုင်ခွင့်မရှိပါကြောင်း ဒေါ်မေသက်လှိုင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်သူများ-
၁။ ဦးထိန်လင်း
၁၂/မရက(နိုင်)၀၆၉၇၄၈
၂။ ဒေါ်အေးမြလှိုင်
၁၂/မရက(နိုင်)၀၀၂၇၈၁
၃။ ဦးအောင်ခိုင်စိုး
၁၂/မရက(နိုင်)၀၀၂၈၇၂

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးအေးအောင်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၃၂၂)
အမှတ် ၁၂၁၊ ဒုတိယထပ်၊ ဘုန်းကြီးလမ်းနှင့် ဂရိတ်ဝေါကွန်ဒိုစီ၊ အခန်းအမှတ်၁၀၁၊
(၄)လမ်း၊ လမ်းမတော်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၂၅၆၉၄၊
၀၉-၅၁၆၉၁၅၉၊ ၀၉-၇၃၀၄၅၆၈၇

Wellcome for you, applied with your experience
Mandalay Kara Watt Floating Mobile Hotel
River Road, Between 35 A Street-26 B Street
Mandalay

1.Secretary	F (1)
2.Front Office Manager (3year experience)	M/F (1)
3.Front Office Supervisor (2year experience)	M/F (1)
4.Receptionist	M/F (8)
5.Reception Cashier	F (2)
6.Bell Boy	M (8)
7.Executive House Keeper (3year experience)	F (1)
8.Executive Chef (3year experience)	M (1)
9.House Keeping Supervisor (2year experience)	M/F (1)
10.Room Attendant (2year experience)	M/F (20)
11.F & B Manager(5year experience)	M/F (1)
12.F & B Supervisor (5year experience)	M/F (2)
13.Head Waiter	M (2)
14.Waiter/Waitress	M/F (20)
15.Stewarding	M (1)
16.H.R Manager (5year experience)	M/F (1)
17.Admin Assistant	M/F (4)
18.Security Officer	M (1)
19.Purchasing Officer	M/F (2)
20.Florist	M/F (2)
21.Sale & Marketing	M/F (8)
22.Operation Manager	M/F (1)
23.Finance Manager	M/F (1)
24.Engineering (Electrical+Piping)	M/F (1)
25.IT Engineering (Hardware+Network)	M/F (8)
26.Doctor	M/F (1)
27.Nurse	F (1)
28.Driver	M (2)

All Positions can be applied with (3) recent Photo and Other attachment papers not later than (14-7-2014) at the location Of Mandalay KaraWatt Foating Mobile Hotel River road between 35(A) Street 26(B) Street Mandalay.

Contact Phone 02-64988 or 09-5143902

ကျေးဇူးဆပ်ပါမည်

ယာဉ်အမှတ် CD-3/12 ၏ ယာဉ်သက်သေခံကတ်ပြား(ဗီုးတက်)နှင့် ယာဉ်မှတ်ပုံတင်စာအုပ်သည် အမည်ပြောင်းလျှောက်ထားရန် မြောက်ဒဂုံ ရာဖြတ်ရုံးတွင် လျှောက်ထားပြီး အခွန်ဆောင်ရန်ဆောင်ရွက်စဉ် ၂၅-၆-၂၀၁၄ ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူမှ ဦးအေးသွယ် ဖုန်း-၀၉-၅၁၄၄၅၂၈ သို့ ဆက်သွယ်အကြောင်းကြားပေးနိုင်ပါရန်။

အမည်ပြောင်း

ဦးမျိုးမင်းဇော်၏သား အထက(၁) ဒဂုံ၊ အဋ္ဌမတန်း(D)တွင် ပညာသင်ကြားနေသော မောင်လှိုင်ဘွားအောင်အား မောင်ဇော်လင်းထက်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဇော်လင်းထက်

တစ်ဦးတည်းဖြစ်ကြောင်း

နေပြည်တော် အထက(၁၄)၊ နဝမတန်း(B)မှ မောင်အောင်ဆန်းလှိုင်နှင့် သတ္တမတန်း(C)မှ မောင်နေလင်းထွန်းတို့၏ဖခင် ဦးရှမ်းချိန်နှင့် ဦးဆန်းလှိုင် ၁၂/ကခက(နိုင်)၀၆၆၅၀၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ရှေးဟောင်းပစ္စည်းဟုယူဆရသော ပစ္စည်းများတွေ့ရှိ

မြင်းခြံ ဇူလိုင် ၁၁

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် တလုပ်မြို့ကျေးရွာအုပ်စု မြို့မရပ်ကွက်တွင် ရှေးဟောင်းစေတီဟောင်းတစ်ဆူအား ပြုပြင်ရန်အတွက် သစ်ပင်များရှင်းလင်းရာမှ ရှေးဟောင်းပစ္စည်းဟုယူဆရသော ပစ္စည်းများတွေ့ရှိခဲ့သည်။ တွေ့ရှိသော ရှေးဟောင်းပစ္စည်းခုနစ်မျိုးကို လောကမဥ္ဇူဘွဲ့အမည်ရဘုရား၏ အနောက်တောင်ဘက် ရင်ပြင်တော်ပေါ်တွင်ပေါက်နေသော သစ်ပင်ကို ဖယ်ရှားရှင်းလင်းရာမှ တွေ့ရှိရခြင်းဖြစ်သည်။ ရှေးဟောင်းပစ္စည်းများတွင် ဖွားတော်မူခန်း၊ တောထွက်တော်မူခန်း၊ ပဥ္စဝဂ္ဂီငါးပါးအား တရားဟောတော်မူခန်း၊ ဗောဓိပင်နှင့် ရွှေပလ္လင်အောင်တော်မူခန်း၊ မတ်ရပ်ဗျာဒိတ်ပေးဟန်၊ ကျောင်းဆောင်တစ်ခုနှင့် အခြားပစ္စည်းတစ်ခုတို့ ပါဝင်သည်။ ထိုရှေးဟောင်းပစ္စည်းများကို ကျေးရွာသံဃနာယကဆရာတော်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် နယ်မြေခံရဲကင်းတို့က တာဝန်ယူစောင့်ရှောက်ထားကြောင်း သိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

မိခင်နှင့်စကားများရာမှ သားနှင့်ပါဆက်ဖြစ်၍ ဓားဖြင့် ထိုးသတ်ခံရ

ရန်ကုန် ဇူလိုင် ၁၁

အင်းစိန်မြို့နယ် တညင်းကုန်းရပ်ကွက် ဘူတာစုရှိ ကုန်စိမ်းဈေးတွင် ဇူလိုင် ၈ ရက် ည ၉ နာရီခွဲခန့်က လူသတ်မှုတစ်ခုဖြစ်ပွားခဲ့သည်။

သေဆုံးသူ သက်နိုင်ဦး (၂၆ နှစ်)သည်ပြစ်မှုကျူးလွန်သူ၏မိခင်နှင့် စကားများရန်ဖြစ်နေစဉ် သားဖြစ်သူ ရာဇာနှင့် အမည်မသိတစ်ဦးတို့က ဝင်ရောက်တားမြစ်ရာ ဆက်လက်စကားများရန်ဖြစ်ခဲ့ပြီး သေဆုံးသူ သက်နိုင်ဦးသည် မိမိ၏ဆိုင်ခန်းတွင် ပြန်လည်အိပ်နေစဉ် ရာဇာ (၂၅ နှစ်)က သက်နိုင်ဦးကို လာရောက်ခေါ်နှိုးကာ ၄က်ကြီးတောင်ဓားဖြင့် ထိုးခဲ့ခြင်းဖြစ်သည်။

သက်နိုင်ဦးကို အင်းစိန်ဆေးရုံသို့ပို့ခဲ့ရာ ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့သည်။ ရာဇာကို အင်းစိန်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

မြင့်ဦး(အင်းစိန်)

ရပ်ထားသောကားကို နောက်မှဝင်တိုက်၊ ယာဉ်မောင်းသေဆုံး

ကျွဲပွဲ ဇူလိုင် ၁၁

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ကျွဲပွဲမြို့အနီး ရန်ကုန်-မန္တလေးပုံမှန်လမ်း မိုင်တိုင်အမှတ် (၁၅၈/၄)အနီး လမ်းညာဘက်ခြမ်း၌ရပ်ကာကားအောက်၌ ပန်ကာပြင်နေသည့် ယာဉ်မောင်း ကျော်ခိုင်ထွန်း မောင်းနှင်သော ယာဉ်အမှတ် 9B/--- ယူဒီ ၁၂ ဘီး ဂေါ်ဖိတင်ထားသည့် ၁၂ ဘီးယာဉ်ကို တောင်ငူမှ ဒူးရင်းသီးများတင်ကာ ဖြူးမြို့မ (၃)လမ်းနေ ယာဉ်မောင်း ဇော်ဝင်းကို မောင်းနှင်လာသည့် 8G/----လိုက်ထရပ်ယာဉ်က ဇူလိုင် ၈ ရက် နံနက် ၂ နာရီခွဲက နောက်မှဝင်တိုက်မိသည်။

ယာဉ်တိုက်မှုကြောင့် ဒူးရင်းသီးကား ယာဉ်မောင်းဇော်ဝင်းကိုမှာ နေရာတွင်ပင် ပွဲချင်းပြီးသေဆုံးသွားပြီး ထိုကား၏ ယာဉ်နောက်လိုက် ကျောက်ကြီးမြို့ သာစည်ရွာနေ ဦးတင်ရွှေမှာ ဒဏ်ရာ(မစိုးရိမ်ရ)ရရှိကာ ၁၂ ဘီးကားယာဉ်မောင်းကျော်ခိုင်ထွန်းမှာ ခြေထောက်ကျိုးသွားကြောင်း သိရသည်။

သိန်းဝင်း(ကျွဲပွဲ)

ဥပဒေဘောင်အတွင်းနေထိုင်ခြင်း
ဘေးကင်းရန်ကွာ လွန်ချမ်းသာ

နှစ်လုံးထီ လောင်းကစားလုပ်သူဖမ်း

ပုသိမ် ဇူလိုင် ၁၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၆)ရပ်ကွက် တဂေါင်းဘုရားလမ်းနေ ဇာနည် (၃၅ နှစ်) နေအိမ်တွင် နှစ်လုံးထီလောင်းကစားပြုလုပ်နေကြောင်းသတင်းအရ ဇူလိုင် ၈ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ က ပုသိမ်ခရိုင် မူခင်းနှိမ်နင်းရေးအဖွဲ့မှ ရဲအုပ်ငြိမ်းချမ်းကျော်နှင့်အဖွဲ့၊ ပုသိမ်မြို့မရဲစခန်းမှ ရဲအုပ်ဇော်မင်းထွန်းတို့ ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေဖမ်းဆီးရာ နှစ်လုံးထီ လောင်းကစားရာတွင် အသုံးပြုသော စာရွက်စာတမ်းများနှင့် ငွေကျပ် ၁၉၀၀၀၀ကို သိမ်းဆည်းရမိသဖြင့် ပုသိမ်မြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မြေတူးစက်နှင့်မလွတ်သည့် လျှပ်စစ်ဓာတ်ကြိုးကို ဖယ်ရှားရာမှ ဓာတ်လိုက်သေဆုံး

ရန်ကုန် ဇူလိုင် ၁၁

တောင်ဥက္ကလာပမြို့နယ်အတွင်း ဇူလိုင် ၉ ရက် မွန်းလွဲပိုင်းက မြေတူးစက်နှင့်မလွတ်သည့် လျှပ်စစ်ဓာတ်ကြိုးကို ဖယ်ရှားရာမှ အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၀ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် သုမင်္ဂလာလမ်း နန္ဒဝန်ဈေးရှေ့တွင် တောင်ဥက္ကလာပမြို့နယ်နေ စည်ပင်လမ်းတံတားအဖွဲ့ နေ့စားဝန်ထမ်း ကိုကျော်မင်းအေး (၂၁ နှစ်)သည် အဆိုပါဈေးရှေ့၌ ရေမြောင်းမှ ဆယ်ယူထားသော မြေများအား မြေတူးစက်ဖြင့် သယ်ယူစဉ် မြေတူးစက်ပေါ်တက်၍ ဓာတ်ကြိုးကို ဖယ်ရှားရာမှ ဓာတ်လိုက်သေဆုံးသွားခဲ့ခြင်းဖြစ်သည်။

၄င်းသေဆုံးမှုနှင့် ပတ်သက်၍ တောင်ဥက္ကလာပ မြို့မရဲစခန်းက သေမှုသေခင်းဖြင့် ရေးဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း (SP)

အရက်အတူသောက်ရာမှ စကားများ၍ ဓားခုတ်မှုကြောင့် လူတစ်ဦးသေဆုံး

ကျောက်တံခါး ဇူလိုင် ၁၁

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဖဒိုနယ်မြေရဲစခန်းတွင် တပ်ကြပ်ကြီးထီးတလိန်းတာဝန်ကျတာဝန်မှူးဆောင်ရွက်စဉ် ဖဒို အမှတ်(၁)ရပ်ကွက်တွင် လူနှစ်ဦး စကားများရန်ဖြစ်ရာမှ ဓားခုတ်မှုတစ်ခုဖြစ်ပွားကြောင်း သိရှိရသဖြင့် အခင်းဖြစ်နေရာသို့ သွားရောက်စုံစမ်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၉ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က ဖဒိုမြို့ အမှတ်(၁)ရပ်ကွက်နေ ကိုဘီမား(ခ) ရမ်းဒူးလား (၆၀ နှစ်)၊ တစ်ရပ်ကွက်တည်းနေ ကျော်ကျော် (ခ)ဆန်ကေ (၃၂ နှစ်)နှင့် ကိုဘိုလား (၄၄နှစ်)တို့ အရက်အတူသောက်ကြရင်း နောက်ပြောင်ရာမှ အချေအတင်စကားများခဲ့ပြီး ကိုဘီမားက ကိုကျော်ကျော်ကို ရိုက်ပုတ်လိုက်ရာ ကိုကျော်ကျော်က အရိုးအသွား တစ်ပေနှင့် ခြောက်လက်မခန့်ရှိ ဓားမဖြင့် ကိုဘီမားအား နောက်မှနှစ်ချက်ဆင့်ခုတ်လိုက်ရာ ကိုဘီမား၏လည်ပင်းတွင် ပြတ်ရှဒဏ်ရာများရရှိခဲ့၍ ဖဒိုတိုက်နယ်ဆေးရုံတွင် ဆေးကုသမှုခံယူနေစဉ် ဇူလိုင် ၁၀ ရက် နံနက် ၄ နာရီက ဓားခုတ်ဒဏ်ရာဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ကျောက်တံခါးမြို့နယ် ဖဒိုနယ်မြေရဲစခန်းမှ ပြစ်မှုကျူးလွန်သူ ကျော်ကျော်အားဖမ်းဆီး၍ ဖဒိုစခန်းမှူး ရဲအုပ်အောင်ကျော်ဦးက စစ်ဆေးဆောင်ရွက်ပြီး အမြန်ဆုံးတရားစွဲတင်ပို့နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

(၁၂)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ဖိတ်ကြားလွှာ

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရုဆရာတော်ကြီး၏ သြဝါဒကို ဦးထိပ်ပန်ဆင်လျက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသဦးစီး၍ တည်ထောင်ဖွင့်လှစ်အပ်သော ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ တိပိဋက မဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၌ ၆၅ ပါး၊ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက် တိပိဋကသန္တာဝါသစာသင်တိုက်၌ အပါး ၈၀၊ ဝါဆိုဝါကပ်တော်မူကြမည့် သံဃာတော်အရှင်သူမြတ်များနှင့် ပင့်သံဃာတော် အပါး၂၀၊ စုစုပေါင်း ၁၆၅ ပါးတို့အား ကာလဒါနအဖြစ်ဖြင့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်ဖြစ်ပါသောကြောင့် အောက်ပါအစီအစဉ်အတိုင်းကြွရောက်ကြပါရန် လေးမြတ်စွာဖိတ်ကြားအပ်ပါသည်။

နေ့ရက်နှင့် အချိန်

၁၃၇၆ ခုနှစ် ဝါဆိုလပြည့်ကျော် ၂ ရက်၊ ၁၃-၇-၂၀၁၄ ရက် (တနင်္ဂနွေနေ့)
နံနက် ၈း၀၀ နာရီမှ ၁၂း၀၀ နာရီအထိ
နံနက်စာ ထမင်းဟင်းလျာဖြင့် တည်ခင်းဧည့်ခံပါမည်။

နေရာ

တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်
ကျန်စစ်သားလမ်း၊ အမှတ်(၂)လမ်းမကြီးအနီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊
ရန်ကုန်မြို့
ဖုန်း-၀၁-၅၈၅၀၃၄၊ ၀၁-၅၈၅၃၉၆၊ ၀၉-၇၃၁၅၂၈၈၂

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၇၊ မြေကွက်အမှတ် ၅၈၊ အကျယ်(အလျားပေ ၄၀×အနံပေ ၆၀)ရှိ ဒေါ်ခင်ခင်ထွေး ၁၂/ဗဟန(နိုင်)၀၃၆၄၆၀ အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်နှင့် ယခုအခေါ် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ တပင်ရွှေထီးလမ်းနှင့် မေတ္တာလမ်းထောင့်ရှိ အမှတ်(၅၈)ဟုခေါ်တွင်သည့် မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့ကို ဒေါ်ခင်ခင်ထွေးထံမှ ၂-၈-၂၀၁၃ ရက်စွဲပါ မြေနှင့် အဆောက်အအုံအပြီးအပိုင်ရောင်းဝယ်ကတိစာချုပ်အရ ဝယ်ယူထားသူ ဒေါ်နီနီအောင် ၁၂/ပဇတ(နိုင်)၀၁၅၂၇၁ နှင့် ဒေါ်သီသီညို ၁၂/ပဇတ(နိုင်)၀၁၄၀၃၉ တို့ထံမှ ၉-၅-၂၀၁၄ ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်၊ ခြံ၊ မြေအရောင်းအဝယ်စရန်ပေး ကတိစာချုပ်အရ ဝယ်ယူထားသူ ဦးချစ်ဦး ၁၄/ဘကလ(နိုင်)၁၀၉၂၁၉ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလှဲ့ဝင်း LL.B, D.B.L
အထက်တန်းရှေ့နေ
အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၉၆၆၉၀၀၄၊ ၀၁-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ၈၉၃၊ အကျယ်အဝန်းပေ(၄၀×၆၀)ရှိ နှစ် ၆၀ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဒေါ်စိန်စိန်အမည်ပေါက်ပြီး ဦးအောင်စုလှိုင်မှ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ဦးအောင်စုလှိုင် ၈/နမန(နိုင်)၁၂၉၅၀၃ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ကန့်ကွက်ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်များကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်လင်းအေး
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၇၃၁)
အခန်း ၃၊ ခုနစ်လွှာ၊ Strand Condo၊
မဟာဗန္ဓုလပန်းခြံလမ်းနှင့်ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၇၂၁၈၅

စက်ချုပ်ကျွမ်းကျင် ဝန်ထမ်းအလိုရှိသည်

၁။ စက်ချုပ်ကျွမ်းကျင် (၁၀)ဦး
၂။ ပိတ်ညှပ်ကျွမ်းကျင် (၁)ဦး

ဖုန်း-၀၉-၂၅၄၂၃၉၂၃၇၊ ၀၉-၃၂၂၃၉၇၂၆

အမည်မှန်

မော်လမြိုင်မြို့၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အလက(၄) တက္ကသိုလ်ဝင်တန်း(A)တွင် ပညာသင်ကြားနေသော မောင်ကျော်စွာဟိန်း၏ ဖခင်နှင့် မိခင်အမည်မှန်မှာ ဦးမြတ်သူ ၉/သစန(နိုင်)၀၈၈၇၂၂၊ ဒေါ်တင်ရီ ၉/သစန(နိုင်)၀၉၄၅၂၁ ဖြစ်ပါကြောင်း။

ကြော်ငြာ

THE WORLD'S NUMBER ONE LUXURY CAR BRAND HAS ARRIVED.

The arrival of BMW in Myanmar marks a significant change in the way you experience luxury. As the world's number one luxury car brand, our commitment to the highest standards mean you no longer have to compromise, starting with the BMW X5 xDrive35i. Its BMW TwinPower Turbo six-cylinder in-line engine provides smooth running and a torque at 400Nm while its 306hp takes only 6.5 seconds to sprint from 0 to 100 km/h.

(3 years Warranty, inclusive 3 years Maintenance Service and 1 year Comprehensive Motor Insurance)

The wait is now over. Please visit to display room : **P5 Parking, Junction Square, Between Kyun Taw Road and Pyay Road, Kamayut Township**. Contact : **09 8633 209** or email **info@pac-bmw.com** to experience Sheer Driving Pleasure.

PRESTIGE AUTOMOBILES.
MYANMAR'S EXCLUSIVE AUTHORISED BMW DEALER.

BMW EfficientDynamics
Less emissions. More driving pleasure.

မျိုးဆက်ပွားကျန်းမာရေးငါးနှစ်တာ မဟာဗျူဟာစီမံကိန်း(၂၀၁၄-၂၀၁၈)အား ရှင်းလင်းဖြန့်ဝေသည့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၁

ကျန်းမာရေးဦးစီးဌာန၊ မိခင်နှင့်ကလေး ကျန်းမာရေးဌာနစိတ်နှင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် မျိုးဆက်ပွားကျန်းမာရေးငါးနှစ်တာ မဟာဗျူဟာစီမံကိန်း(၂၀၁၄-၂၀၁၈)ကို ရှင်းလင်းဖြန့်ဝေသည့် " Dissemination Workshop on Reproductive Health Five Year Strategic Plan in Myanmar (2014-2018)" အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၀ ရက် မွန်းလွဲပိုင်းက နေပြည်တော် ရှိုင်ရယ် ကုမုဒြာဟိုတယ်၌ ကျင်းပရာ **(ယာပုံ)** ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသိန်းသိန်းဌေးက အမျိုးသား မျိုးဆက်ပွားကျန်းမာရေး မူဝါဒကို ၂၀၀၂ ခုနှစ်တွင် စတင်ရေးဆွဲခဲ့ပြီး ပထမအကြိမ်မျိုးဆက်ပွား ကျန်းမာရေး မဟာဗျူဟာစီမံချက်ကို ၂၀၀၄ ခုနှစ်တွင် စတင်ရေးဆွဲကြောင်း၊ ယခုရှင်းလင်းဖြန့်ဝေသည့် တတိယ ငါးနှစ်အတွက် မျိုးဆက်ပွားကျန်းမာရေး ငါးနှစ်တာ မဟာဗျူဟာစီမံကိန်း (၂၀၁၄-၂၀၁၈)ကို ကျန်းမာရေးနည်းစနစ် ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အရည်အသွေးပြည့်မီသော ကျန်းမာရေးစောင့်ရှောက်မှုကို လူတိုင်းလက်လှမ်းမီစေရန်နှင့် ပြည်သူလူထု ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်လာစေရန်ရည်ရွယ်၍ အမျိုးသားကျန်းမာရေးမူဝါဒ၊ လူဦးရေမူဝါဒများနှင့်အညီ ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းမဟာဗျူဟာစီမံကိန်းတွင် မြန်မာနိုင်ငံ၏ မျိုးဆက်ပွားကျန်းမာရေးအခြေအနေနှင့်သက်ဆိုင်သော အချက်အလက်များ၊ တွေ့ကြုံရနိုင်သော အခက်အခဲနှင့် အခွင့်အလမ်းများ၊ ရည်မှန်းချက်များပြည့်မီစေရေးအတွက် နည်းဗျူဟာများ၊ ဆောင်ရွက်ရန်နည်းလမ်းများ ပါဝင်ကြောင်း၊ အန္တရာယ်ကင်းသော မိခင်ဘဝ၊ သားဆက်ခြားခြင်းနှင့် သားပျက်သားလျှောပြီးနောက် ပြုစုကုသခြင်း၊ ပျိုရွယ်သူမျိုးဆက်ပွားကျန်းမာရေးနှင့် အမျိုးသမီးများတွင်ဖြစ်ပွားတတ်သော ကင်ဆာရောဂါများကာကွယ်ကုသခြင်းတို့ အဓိကပါဝင်ပြီး အရေးပေါ်အခြေအနေတွင် ကြုံတွေ့ရသော မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုနှင့် Gender mainstreaming တို့မှာ ပိုမိုအားဖြည့်ဆောင်ရွက်ရမည့် ကဏ္ဍများအနေနှင့်ပါဝင်ကြောင်းဖြင့် ပြောကြားသည်။

ယခုအခါတွင် မြန်မာနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ မျိုးဆက်ပွားကျန်းမာရေး ဆေးဝါးပစ္စည်းများ ဖူလုံပြည့်စုံရေးအစီအစဉ်တွင်ပါဝင်သော ၄၆ နိုင်ငံတွင် အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်လာပြီဖြစ်သည်။ အစိုးရဘဏ္ဍာရေးအသုံးစရိတ်မှ ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် အမေရိကန်ဒေါ်လာ ၃ ဒသမ ၂ မီလျံတန်ဖိုးရှိ သားဆက်ခြားဆေးဝါးများ ဝယ်ယူနိုင်ခဲ့သည်။ မျိုးဆက်ပွားကျန်းမာရေး အညွှန်းကိန်းများကို ကြည့်လျှင်လည်း ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု လွှမ်းခြုံနိုင်မှုမှာ ၂၀၀၇ ခုနှစ်တွင် ၆၄ ဒသမ ၆ ရာခိုင်နှုန်းရှိရာမှ ၂၀၁၃ ခုနှစ်တွင် ၈၂ ရာခိုင်နှုန်းအထိ မြင့်တက်လာသည်။ ကျွမ်းကျင်သူနှင့် မွေးဖွားနှုန်းမှာ ၂၀၀၇ ခုနှစ်တွင် ၆၄ ရာခိုင်နှုန်းရှိရာမှ ၂၀၁၃ ခုနှစ်တွင် ၇၂ ရာခိုင်နှုန်းအထိ မြင့်တက်လာပြီး မိခင်သေနှုန်းမှာ ၁၉၉၀ ပြည့်နှစ်တွင် အရှင်မွေးတစ်သိန်းလျှင် ၅၈၀ မှ ၂၀၁၃ ခုနှစ်တွင် ၂၀၀ ဦးသို့ ကျဆင်းသွားခဲ့သည်။

UNFPA အဖွဲ့မှ ဌာနေကိုယ်စားလှယ် Ms.Jannet E Jackson က အမှာစကားပြောကြားခဲ့ပြီး ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာ)က မျိုးဆက်ပွားကျန်းမာရေး ငါးနှစ်တာ မဟာဗျူဟာစီမံကိန်း၂၀၁၄-၂၀၁၈ ၏ နိဒါန်းနှင့် ဒုတိယညွှန်ကြားရေးမှူး(မိခင်နှင့်ကလေး)က စီမံကိန်း၏ Core Element များအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အခြားနှီးနွှယ်ဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သားဖွားမီးယပ် အထူးကုဆရာဝန်ကြီးများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ အလှူရှင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၈၀ ခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အေလာအခြေခံပညာအထက်တန်းကျောင်းဆောင်သစ်ဖွင့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်

နေပြည်တော် ဇူလိုင် ၁၁

လယ်ဝေးမြို့နယ် အေလာအခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၀ ရက် နံနက် ၇ နာရီ မိနစ် ၄၀ က ကျင်းပသည်။ အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် (လယ်ဝေးမြို့နယ်တာဝန်ခံ) ဦးမြင့်ဆွေ၊ နေပြည်တော်ကောင်စီဝင် ပညာရေးတာဝန်ခံ ဦးဖုန်းဇော်ဟန်၊ နေပြည်တော်ပညာရေး ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (ခရိုင်အလုပ်မှုဆောင်) ဦးဇော်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ အေလာအခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခြင်းအခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် (လယ်ဝေးမြို့နယ်တာဝန်ခံ) ဦးမြင့်ဆွေက ပညာရေးဆိုင်ရာကိစ္စရပ်များအား အမှာစကားပြောကြားခဲ့သည်။ **(အောက်ပုံ)**ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေက သုံးဘာသာ ဂုဏ်ထူးရှင်တစ်ဦးနှင့် နှစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦးအားလည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်က နှစ်ဘာသာဂုဏ်ထူးရှင်

သုံးဦးအားလည်းကောင်း၊ နေပြည်တော်ပညာရေးညွှန်ကြားရေးမှူး ဦးစိုးဝင်းက နှစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် တစ်ဦးအားလည်းကောင်း၊ နေပြည်တော်ပညာရေး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်စိုးက တစ်ဘာသာ ဂုဏ်ထူးရှင် သုံးဦးအားလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရှောင်က တစ်ဘာသာဂုဏ်ထူးရှင် လေးဦးအားလည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းနွဲ့က တစ်ဘာသာဂုဏ်ထူးရှင် သုံးဦးအားလည်းကောင်း ဆုများချီးမြှင့်ခဲ့သည်။

ကိုကို(ပျဉ်းမနား)

ဆီဆိုင်မြို့နယ် လွယ်ထွဲကျေးရွာ၌ မိုးရာသီသစ်ပင်စိုက်

တောင်ကြီး ဇူလိုင် ၁၁

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ဦးစီးကျင်းပသော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် တောင်ရှေ့ကျေးရွာအုပ်စု လွယ်ထွဲကျေးရွာတွင် ဇူလိုင် ၇ ရက် နံနက် ၉ နာရီက ကျင်းပရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လှသိန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူ စုစုပေါင်း ၄၀၀ ကျော် တက်ရောက်စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။ အဆိုပါသစ်ပင်စိုက်ပျိုးပွဲတော်တွင် ကျွန်း၊ ပျဉ်းကတိုး၊ ခါတော်မီ၊ မဲဇလီ စုစုပေါင်း အပင် ၃၅၀၀ ကို စိုက်ပျိုးပေးကြကြောင်းသိရသည်။ **(ဝဲပုံ)**

နန်းဦးခမ်း(ဟိုပုံး)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈-E၊ မြေကွက်အမှတ် ၁၁၄/၂အေ၂+၁၁၄/၂အေ၆၊ ဧရိယာ ၀ဒသမ ၁၉၉၈ဧကရှိ ဂရန်ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၂၈၉၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်ဟု ခေါ်တွင်သည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် တန်ဖိုးငွေတချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါပစ္စည်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အထက်ပါပစ္စည်း၏ တရားဝင် အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသက်ထွန်း (စဉ်-၃၅၅၇) **ဒေါ်ကြည်ကြည်ဌေး (စဉ်-၂၃၆၇)**
B.A(Law), LL.B **B.A(Law), LL.B**

တရားလွှတ်တော်ရှေ့နေများ
အမှတ် ၆စီ-၂၊ ရန်ကင်းစင်တာကွန်ဒို၊ ဆရာစံလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၅၅၆၈၁၂၊ ၀၉-၅၀၁၅၂၃၄၊ ၀၉-၅၀၃၁၂၃၄

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၄၄)၊ ဦးပိုင်အမှတ်(၇၂)၊ ၅၅×၅၆ကြား၊ အောင်ဇေယျ×အနော်ရထာလမ်းကြားရှိ ဒေါ်ဗူးစေ့အမည်ဖြင့် ချထားပေးသော မြေကွက်အား ဦးခင်မောင်လတ် ၁၃/လရန(နိုင်)၀၅၁၄၅၀မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ (အခွန်) ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

မိဘအမည်မှန်

ကျိုင်းတုံမြို့၊ ယန်းလူး၊ အလက၊ သတ္တမတန်းမှ မမိုးမြင့်ရွှေနှင့် မောင်လှရွှေ တို့၏ မိဘအမည်မှန်မှာ ဦးညီခမ်းနှင့် ဒေါ်အမ်ပျှန်း ဖြစ်ပါကြောင်း။

ဦးညီခမ်း-ဒေါ်အမ်ပျှန်း

အမည်မှန်

ဦးယာဖန်း၏သား ကျိုင်းတုံမြို့၊ ပန်ဟုန်း၊ အလကခွဲ၊ ပဥ္စမတန်းမှ မောင်အားလွေ၏ အမည်မှန်မှာ မောင်အားဌွေ ဖြစ်ပါကြောင်း။

မောင်အားဌွေ

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

ကျွန်မ ဒေါ်မိုးမိုးလွင် (ဘ) ဦးခင်လတ် ၆/ကစန(နိုင်)၀၅၁၅၀၇ နှင့် ကျွန်တော် ဦးမြင့်ဝေ (ဘ) ဦးအောင်စိန် ၆/မမန(နိုင်)၁၃၅၂၀၃တို့သည် ၇-၇-၂၀၁၄ရက်က တရားရုံးတွင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲကြောင်း လက်မှတ်ရေးထိုးပြီးဖြစ်ပါသည်။

ဒေါ်မိုးမိုးလွင်

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၆ယ/၃၆၄၄၆၊ Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးစန္ဒာကျော် ၉/မတရ(နိုင်)၁၅၆၇၇၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

လူပျောက်ကြော်ငြာ

မန္တလေးတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ယန္တရားတပ်ခွဲ (မြောက်) လက်ထောက်အင်ဂျင်နီယာ(စက်မှု)၊ အခြေစိုက်တပ်စု လက်အောက်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ကိုယ်ပိုင်အမှတ် ပညသ/၄၁၀၈၅၁ ဦးသန်းဝင်း အသက်(၄၇)နှစ်သည် ၁၂-၄-၂၀၁၄ ရက်တွင် နေအိမ်မှထွက်ခွာသွားပြီး ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်များသို့ အကြောင်းကြားပေးပါရန်။

ဦးကြည်
ဖုန်း-၀၉-၄၉၅၇၇၇၆၉၊ ၀၉-၂၅၀၂၃၈၂၃၄

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၇ယ/၈၈၇၅၇၊ KENBO 125 ယာဉ်လက်ဝယ်ရှိသူ ဦးသာအောင် ၁/ဗမန(နိုင်)၀၂၁၁၅၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(ဗန်းမော်)၊ဗန်းမော်မြို့**

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဇ/၁၇၄၃၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မန္တလေးလမ်း၊ (၁၄)ရပ်ကွက်၊ အိမ်အမှတ် ၉-က/ခ၊ မြေအကျယ်(အလျားပေ ၄၀×အနံပေ ၆၀)မြေနှင့် မြေပေါ်ရှိ အဆောက်အအုံ၊ သီးပင်စားပင်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်ကို နှစ် ၆၀ ဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်သက်သက်သိန်း ၁၂/ဥကမ(နိုင်)၀၂၅၄၄၃ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မာနွယ် ၅/မရန(နိုင်)၁၃၈၆၂၂က တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ၆-၇-၂၀၁၄ရက်က ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါမြေနှင့် မြေပေါ်ရှိ အဆောက်အအုံပိုင်ဆိုင်ခွင့်ရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိခဲ့ပါက မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများ တစ်ပါတည်းယူဆောင်၍ လူကိုယ်တိုင် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါမြေကွက်နှင့် အဆောက်အအုံရောင်းချမှုကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းရွှေ LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၀၀၆)
အမှတ်(၄)၊ ပန်းချောင်လမ်း၊ စမ်းချောင်း၊
ဖုန်း-၅၀၅၄၄၂၊ ၀၉-၅၀၁၈၂၃၀

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

နယ်လှည့်ဈေးသည်များ အိမ်တိုင်ရာရောက် အကြွေးစနစ်ဖြင့်ရောင်းချပေးမှု ရောင်းအားကောင်း

သာစည် ဇူလိုင် ၁၁

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်းရှိ ကျေးရွာများသို့ နယ်လှည့်ဈေးသည်များသည် မိုးကာ၊ ခြင်ထောင်၊ ကော်ဇောများကို အကြွေးစနစ်ဖြင့် အိမ်တိုင်ရာရောက် ရောင်းချပေးလျက်ရှိရာ ရောင်းအားကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"နယ်လှည့်ဈေးသည်တွေက မော်တော်ဆိုင်ကယ်တွေနဲ့ ကျေးရွာတွေဆီကွင်းဆင်းပြီး တစ်ရွာဝင်တစ်ရွာထွက် မိုးကာ၊ ခြင်ထောင်၊ ကော်ဇောတွေကို နတ်တော်လပေး အကြွေးစနစ်နဲ့ ရောင်းချပေးပါတယ်။ မိုးကာတစ်ခု ၁၈ ပေ၊ ၁၅ပေကို ငွေကျပ် ၃၅၀၀၀ နှုန်း၊ နှစ်ယောက်အိပ်ဇာခြင်ထောင်တစ်လုံးကို ငွေကျပ် ၂၅၀၀၀နှုန်းဖြင့် ရောင်းချပေးပြီး နတ်တော်လ တောင်သူလုပ်ငန်းသိမ်းချိန် ငွေပေါ်ချိန်မှ ပေးရမှာဆိုတော့ ဝယ်ယူသူတွေများပါတယ်။ မော်တော်ဆိုင်ကယ်များဖြင့် အိမ်တိုင်ရာရောက် အကြွေးစနစ်ဆိုတော့ ဈေးနှုန်းကတော့ နည်းနည်းများပါတယ်။ မိုးတွင်းကာလ တောင်သူလုပ်ငန်းမှာ မိုးကာဆိုတာ မရှိမဖြစ်လိုပါတယ်။ ခြင်ထောင်ကလည်း မိုးရာသီမှာ သွေးလွန်တုပ်ကွေးရောဂါဖြစ်မှာကြောက်တော့ မဖြစ်မနေ ဝယ်ယူကြပါတယ်။ မိုးဦးကာလ သီးနှံမပေါ်သေးတော့ တောင်သူတွေလက်ထဲ ငွေမရှိပါဘူး။ ဒါ့ကြောင့် နတ်တော်လပေးအကြွေးစနစ်ကို ဝယ်ယူကြပါတယ်။ နယ်လှည့်ဈေးသည်များမှာ အကြွေးစနစ်ဖြင့် ရောင်းချပေးတော့ အတိုးနှုန်းနဲ့ကိုက်အောင်ရယ်၊ မော်တော်ဆိုင်ကယ် ဆီဖိုးရယ်တွက်ပြီး ဈေးတင်ရောင်းချကြပါတယ်။ ဝယ်ယူသူတွေရဲ့ အိမ်ရှင်အမည်နှင့် နေရပ်ကို ဘောက်ချာဖြင့်ရေးမှတ်ပြီး နတ်တော်လမှ ငွေလာတောင်းမှာဖြစ်ကြောင်း သာစည်မြို့နယ် ဒေသခံတစ်ဦးက ပြောပြ၍ သိရသည်။

မျိုးမင်း(သာစည်)

ကျွန်းလှမြို့နယ်ကျေးရွာများလျှပ်စစ်မီးလင်းရေးအခမ်းအနားကျင်းပ

မုံရွာ ဇူလိုင် ၁၁

ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် သဖန်းဆိပ်အရှေ့ဘက်ခြမ်းရှိ ကန်ပေါက်ကျေးရွာ၊ တင်ငုတ်ကြီးကျေးရွာ၊ ကုလားကုန်းကျေးရွာ၊ ဆားကျင်းကျေးရွာ၊ သရက်တောကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး အခမ်းအနားကို ဇူလိုင် ၄ ရက် နံနက်ပိုင်းက ကန်ပေါက်ကျေးရွာ၌ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးလျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးကျော်ဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးကျော်နိုင်၊ တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာမှူး ဦးစိန်ကျော်တင့်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက ကျေးလက်မီးလင်းရေးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ထရန်စဖော်မာအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ဒုတိယပိုင်းအခမ်းအနားကိုကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးသာအေးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာမှူး ဦးစိန်ကျော်တင့်က လျှပ်စစ်မီးလင်းရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိသူများက ကျေးရွာအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ ဂျာနယ်စာစောင်များ၊ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ ကျေးရွာရပ်မိရပ်ဖ ဦးလှငွေးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် တာဝန်ရှိသူများသည် သဖန်းဆိပ်ဆည်ပင်မရေပိုလွှဲ တံတားဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ရာ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစောမြင့်ဦး၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးစိုးကျော်နိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးအဖွဲ့(၂)အင်ဂျင်နီယာမှူးကြီး ဦးပိုင်တို့က သဖန်းဆိပ်ဆည်ပင်မရေပိုလွှဲတံတား ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များပက်ဖျန်းပေးကာ တံတားသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက်ဝန်ကြီးချုပ် ဦးသာအေးနှင့်တာဝန်ရှိသူများသည် သဖန်းဆိပ်တံတား(၁) ဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစောမြင့်ဦး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်ထွန်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးအဖွဲ့(၂) အင်ဂျင်နီယာမှူးကြီး ဦးပိုင်တို့က ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက သဖန်းဆိပ်တံတား (၁)မှပ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တံတားသစ်ကြီးပေါ်သို့ ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ပင်မရေပိုလွှဲတံတားသည် အရှည်ပေ ၄၄၀၊ အကျယ် ၂၃ ပေ၊ သံကူကွန်ကရစ် တံတားဖြစ်ပြီး စုစုပေါင်း ကုန်ကျငွေကျပ် သိန်း ၈၈၀၀၊ သဖန်းဆိပ်(၁)တံတားသည် အရှည် ပေ ၃၆၀၊ အကျယ် ၂၃ ပေ၊ သံကူကွန်ကရစ်တံတားဖြစ်ပြီး စုစုပေါင်း ကုန်ကျငွေကျပ် သိန်း ၈၀၅၀ ဖြစ်ကြောင်း သိရသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

လောက်ကိုင်မြို့၌ အခြေခံအိမ်တွင်းမှုသင်တန်းဆင်း

လောက်ကိုင် ဇူလိုင် ၁၁

ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့၌ အခြေခံအိမ်တွင်းမှု သင်တန်းအမှတ်စဉ် (၁/၂၀၁၄) သင်တန်းဆင်းပွဲအခမ်းအနားကို ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီက လောက်ကိုင်မြို့နယ် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ခန်းမဆောင်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးပယ်စောက်ချိန်က ကိုးကန့်ဘာသာဖြင့် အမှာစကားပြောကြားပြီးနောက် အတွင်းရေးမှူး (ခရိုင်အုပ်ချုပ်ရေးမှူး) ဦးကျော်ဆွေက မြန်မာဘာသာဖြင့် အမှာစကားပြောကြားသည်။

ထို့နောက် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးပယ်စောက်ချိန်က ထူးချွန်ဆုရသင်တန်းသူတစ်ဦးကို ဆုချီးမြှင့် ပေးခဲ့ပြီး ဦးစီးအဖွဲ့ အလုပ်အမှုဆောင် ဦးမြီရှောက်ချန်းက သင်တန်းသူ ၄၆ ဦးအတွက် ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာနကချီးမြှင့်သည့် အပ်ချုပ်စက်များကို ပေးအပ်ရာ သင်တန်းသူများ ကိုယ်စား သင်တန်းသူနှစ်ဦးက လက်ခံယူခဲ့သည်။ ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး (ဒုတိယညွှန်ကြားရေးမှူး)ဦးကျော်ဆွေက သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်ပေးအပ်ရာ သင်တန်းသူများကိုယ်စားသင်တန်းသူနှစ်ဦးက လက်ခံယူခဲ့သည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဦးစီးအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာန ဆိုင်ရာဝန်ထမ်းများ၊ မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် သင်တန်းသူများ စုစုပေါင်း ၁၃၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများ တစ်နှစ်စာလှူဒါန်း

ငါန်းဇွန် ဇူလိုင် ၁၁

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်ရှိ ကျေးရွာများသို့ မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာများတစ်နှစ်စာ လှူဒါန်းခြင်းကို ဇူလိုင် ၉ ရက် နံနက် ၉ နာရီခွဲက မြို့သာစက်မှုမြို့တော်ရှိ စက်မှုဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်(MMID)ခန်းမ၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

အခမ်းအနားတွင် အလှူရှင် ဦးအောင်ဝင်းခိုင် ဥက္ကဋ္ဌ၊ မန္တလေး-မြို့သာ စက်မှုဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက် (MMID)က သတင်းစာများ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး နေ့စဉ် မြန်မာ့အလင်းသတင်းစာ စောင်ရေ ၁၅၀ နှင့် ကြေးမုံသတင်းစာ စောင်ရေ ၁၅၀ အတွက် တစ်နှစ်စာလှူဒါန်းငွေကျပ် ၅၄ သိန်းကို ပေးအပ်လှူဒါန်းရာ နဝရတ်ကျေးရွာမှ ဦးစိုးညွှန့်က လက်ခံယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ သတင်းစာများကို တစ်နှစ်စာလှူဒါန်းရခြင်းအတွက် ကျေးဇူးတင်ဝမ်းမြောက်ကြောင်းကို နဝရတ်ကျေးရွာမှ ဦးစိုးညွှန့်၊ ကွေ့ကြီးကျေးရွာမှ ဦးအုန်းမြင့်နှင့် မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်သန်းထွန်းတို့က ပြန်လည်ပြောကြားခဲ့သည်။ ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာစောင်ရေ ၃၀၀ ကို ငါန်းဇွန်မြို့နယ်ရှိ ကျေးရွာ ၂၅ ရွာနှင့် မြင်းခြံမြို့နယ်ရှိ ကျေးရွာငါးရွာသို့ နေ့စဉ်ပို့ဆောင်ပေးသွားမည်ဖြစ်ပြီး ကျေးရွာများရှိ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာစာကြည့်တိုက်၊ ဘုန်းတော်ကြီးကျောင်း၊အခြေခံပညာကျောင်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးလက်ဆေးပေးခန်းနှင့် အများပြည်သူနှင့် သက်ဆိုင်သောနေရာများသို့ ပေးပို့ထားရှိပေးသွားမည်ဖြစ်သည်။

သတင်းစာများ တစ်နှစ်စာလှူဒါန်းပွဲသို့ ဦးအောင်ဝင်းခိုင်(ဥက္ကဋ္ဌ)၊ မန္တလေး-မြို့သာစက်မှုဖွံ့ဖြိုးတိုးတက်ရေးအများပိုင် ကုမ္ပဏီလီမိတက် (MMID)နှင့် ဝန်ထမ်းများ၊ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူးဦးကျော်သန်းထွန်း၊ မန္တလေးတိုင်း ကိုယ်ပွားသတင်းစာတိုက် စာတည်းမှူး ဦးညွှန့်ဇော်၊ မြင်းခြံခရိုင်ပြန်/ဆက်ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နှင်းရည်၊ ငါန်းဇွန်ပြန်/ဆက် ဦးစီးမှူး ဒေါ်နီလာစိုးနှင့် ဝန်ထမ်းများ၊ မြို့သာစက်မှုဇုန်ပတ်ဝန်းကျင်ရှိ ကျေးရွာများမှ အထောက်အကူပြုအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဇော်မင်းနိုင် (မြင်းခြံ)

ကျိုက္ကလော့ပရိယတ္တိစာသင်တိုက် ဝါဆိုသင်္ကန်းကပ်ပွဲ

ကျိုက္ကလော့ပရိယတ္တိစာသင်တိုက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲကို ၂၀၁၄ခုနှစ် ဇူလိုင် ၁၉ရက် နံနက် ၈း၀၀နာရီတွင် ပြုလုပ်မည်ဖြစ်ကြောင်း အလှူရှင်အပေါင်းတို့အား သိစေအပ်ပါသည်။

ဖုန်း-၀၁-၆၃၆၅၈၀

အမှုဆောင်အဖွဲ့

သဲအင်းဂူခုနစ်ရက် အဓိဋ္ဌာန်တရားစခန်းပွဲ

ရန်ကင်းမြို့နယ်၊ မိုးကောင်းဘုရားဝင်းအတွင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ ၂၀၁၄ခုနှစ် ဇူလိုင် ၂၀ရက်မှ ၂၇ရက်အထိ ခုနစ်ရက် အဓိဋ္ဌာန်တရားစခန်းပွဲကို မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမှုနှင့်အညီ ကျင်းပသွားမည်ဖြစ်ပါသည်။ တရားစခန်းပွဲတွင် အဖွဲ့၏ ဩဝါဒါစရိယ၊ ကမ္မဋ္ဌာနာစရိယဆရာတော် ဦးမုနိန္ဒ(ကျိုက်ဝိုင်း)အရှင်သူမြတ်က သမထဝိပဿနာတရားတော်များကို ချီးမြှင့်ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ဇူလိုင် ၁၉ရက် (စနေနေ့)ညနေ ၅နာရီ အရောက် မှတ်ပုံတင်ကတ်ပြားဖြင့် စာရင်းပေးသွင်းရန်နှင့် နေ့ဆွမ်း၊ အရုဏ်ဆွမ်းလှူဒါန်းလိုသူများနှင့် အရိယာလိုက်ဂူပြုပြင်ရန် အလှူရှင်များ ဖုန်း-၀၉-၈၆၂၃၉၉၇သို့ ဆက်သွယ်ပါရန် နိုးဆော်အပ်ပါသည်။

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာလမ်း ကျိုက္ကစံ-ဓမ္မပိယသာသနာ့ရိပ်သာ
(၂၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ ဖိတ်ကြားလွှာ

(၁၃၇၆ ခုနှစ် ဝါဆိုလပြည့်ကျော် ၉ ရက်)

၂၀-၇-၂၀၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီ

ချောက်မြို့ သခင်ဘိုးလှကြီးစက်မှုလက်မှုသိပ္ပံ ကျောင်းဆင်းအင်ဂျင်နီယာမိသားစု (နေပြည်တော်)
ပဉ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲဖိတ်ကြားလွှာ

၂၆-၇-၂၀၁၄ ရက် (စနေနေ့)

ပျဉ်းမနားမြို့ မဟာစည်သာသနာ့ရိပ်သာ ကန်ဦးကျောင်းတိုက်တွင် နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းဆင်းကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ **(ဖိတ်စာသီးခြားမပို့ပါ။)**

ငါးလိုက်ချောင်းတံတားထိပ်ကျောင်းတိုက်(ပျဉ်းမနားမြို့)

အောက်ပါပုဂ္ဂိုလ်များနှင့်ဆက်သွယ်နိုင်ပါသည်။

၁။ ဦးတင်ထွေး ဖုန်း-၀၉-၂၅၀၀၉၂၀၂၃
၂။ ဦးဇော်မင်းလွင် ဖုန်း-၀၉-၄၉၂၀၄၄၂၈
၃။ ဒေါ်ခင်ဆွေဦး ဖုန်း-၀၉-၈၆၂၂၇၀၉
၄။ ဦးခင်မောင်ဆွေ ဖုန်း-၀၉-၈၆၂၁၅၄၅
၅။ ဦးဆန်းမင်းညီ ဖုန်း-၀၉-၂၅၀၉၀၉၀၀၂
၆။ ဦးမောင်မောင်စိုး ဖုန်း-၀၉-၄၄၄၀၃၇၃၄၈

ညနေ ၆း၀၀နာရီတွင် ကျောင်းသား ကျောင်းသူဟောင်းများ မိတ်ဆုံစားပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ထပ်မံဖိတ်ကြားအပ်ပါသည်။

မန္တလေးအသင်း(ရန်ကုန်)
ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲဖိတ်ကြားလွှာ

မန္တလေးအသင်း(ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၂၀-၇-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အမှတ် ၆၂၈/၆၃၂ ပထမထပ်၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ အသင်းတိုက်ခန်းမဆောင်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူ အသင်းသားများ ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

လှူဒါန်းလိုသော အသင်းသူ အသင်းသားများ၊ အလှူရှင်များ အတွင်းရေးမှူး ဖုန်း-၀၉-၅၁၉၂၉၈၀၊ တွဲဖက်အတွင်းရေးမှူး(၂) ဖုန်း-၀၉-၇၃၃၃၁၃၈၈နှင့် အသင်းရုံးဖုန်း-၃၈၈၆၀၃၊ ၃၇၅၅၉၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အမှုဆောင်အဖွဲ့
မန္တလေးအသင်း(ရန်ကုန်)

မြန်မာနိုင်ငံတောင်တန်းဒေသ ဗုဒ္ဓဘာသာသာသနာပြုအဖွဲ့ အဏ္ဏဝါမိသားစု
(၄၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း

နှစ်စဉ် ပြည်နယ်/တိုင်းဒေသကြီးအသီးသီးရှိ တောင်တန်းသာသနာပြုဆရာတော်များထံ ပို့လှူဆက်ကပ်မြဲဖြစ်သော အဏ္ဏဝါမိသားစုများ၏ (၄၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မပျက်မကွက်ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

အချိန် - နံနက် ၉နာရီ
နေ့ရက် - ၂၀၁၄ ခုနှစ် ဇူလိုင် ၁၉ ရက် (စနေနေ့)
နေရာ - "အဏ္ဏဝါဓမ္မာဗိမာန်"
အမှတ် ၁၄/ခ၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဝါဆိုသင်္ကန်းများကိုယ်တိုင်ကပ်လှူနိုင်ပါသည်။

အမှုဆောင်အဖွဲ့

ပြင်ဆင်ဖတ်ရှုပါရန်

၇-၇-၂၀၁၄ရက်ထုတ် ဤသတင်းစာပါ စာမျက်နှာ ၁၅၊ အများသိစေရန် ဦးတိုးသောင် ကြော်ငြာမှ ဧရိယာ ဝဒသမ ၈၇ဧကအစား ၁ဒသမ ၈၇ဧကဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးထုတ်လုပ်၍ ခိုင်မာသော စီးပွားရေးတည်ဆောက်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ ကျေးလက်နေပြည်သူများ၏ ၇၀ ရာခိုင်နှုန်းသည် လယ်ယာစိုက်ပျိုးရေးကို အဓိကအခြေခံသော စီးပွားရေးနှင့် ဆက်စပ်သည့် လုပ်ငန်းများကိုသာ အားထားမှီခို လုပ်ကိုင်လျက်ရှိကြသည်။

လယ်ယာကဏ္ဍ အခြေခံစီးပွားရေးသည် တောင့်တင်းခိုင်မာမှုမရှိ တိုးတက်ကြီးပွားမှုမရှိပါက အဆိုပါလုပ်ငန်းများကို အဓိကလုပ်ကိုင်နေကြသည့် လယ်ယာလုပ်သားများ၊ တောင်သူလယ်သမားမိသားစုများ၏ လူနေမှုဘဝ မြင့်မားတိုးတက်ရန်မှာ အလှမ်းကွာဝေးနေပါဦးမည်။

ယနေ့နိုင်ငံတော်တွင် စိုက်ပျိုးမြေ ၁၀ ဧက ဝန်းကျင်အောက်သာရှိသည့် လုပ်ကွက်ငယ် တောင်သူများအား ဝင်ငွေရ၊ တွက်ခြေကိုက်စေသည့် ဆန်စပါးအပါအဝင် သီးနှံအမယ်များကို ရွေးချယ်၍ စိုက်ပျိုးနိုင်ကြရန် သက်ဆိုင်ရာပညာရှင်များက စဉ်ဆက်မပြတ် တိုက်တွန်းအကြံပြုလျက် စံနမူနာပြစိုက်ကွင်းများ စိုက်ပျိုးပြသနေသည်။

ပထမဦးစားပေး ဆောင်ရွက်ရမည်မှာ မိမိဒေသ၊ ရေမြေ၊ ရာသီဥတုနှင့် ကိုက်ညီ၍ ဈေးကွက်ဝယ်လိုအားရှိသည့် သီးနှံများကို ရွေးချယ်ပြီး အစုလိုက်၊ အဖွဲ့လိုက်၊ တစ်ဆက်တစ်စပ်တည်း စီးပွားဖြစ်စိုက်ပျိုးကြရမည်ဖြစ်သည်။

ဝယ်ယူသုံးစွဲသူများ နှစ်သက်သည့် ဒေသအလိုက် အားသာချက်ရှိသည့် သီးနှံများကို တစ်ရွာလျှင် ထုတ်ကုန်တစ်မျိုးစနစ်ဖြင့် ဦးစားပေးရွေးချယ်စိုက်ပျိုးသင့်ပါသည်။ ဖျာပုံပေါ်ဆန်းမွှေး၊ သုံးခွပဲတီစိမ်း၊ ယောနယ်မှ ထောပတ်ပဲ၊ ပင်းတယဂျုံးမြစ်၊ မြစ်သားငရုတ်၊ ဆိပ်ဖြူကြက်သွန်၊ မကွေးမြေပဲ၊ ပခုက္ကူပဲကြီး၊ မြင်းမူဂျုံ၊ သီပေါလိမ္မော်၊ တံတားဦးပဲမြစ် အစရှိသဖြင့် ပြည်တွင်းပြည်ပ ဈေးကွက်ရှိပြီး သီးနှံထွက်ကုန်များအပြင် မကွေးတိုင်းဒေသကြီး၏ ဆီထွက်သီးနှံ၊ ဧရာဝတီတိုင်းဒေသကြီး၏ ဆန်စပါး၊ မွန်ပြည်နယ်၏ ရော်ဘာ၊ ရှမ်းပြည်နယ်၏ အစေ့ထုတ်ပြောင်းတို့သည် သီးနှံထုတ်လုပ်နိုင်စွမ်း ပမာဏအရ ပြည်တွင်းပြည်ပ ဈေးကွက်သို့ တင်ပို့ရောင်းချနေသည်မှာ လက်တွေ့သာဓကဖြစ်ပါသည်။

ဒုတိယဦးစားပေးအဖြစ် စီးပွားဖြစ်စိုက်ပျိုးနိုင်ရန် မျိုးကောင်းမျိုးသန့်များ စုဆောင်းပြီး ရာသီအချိန်မီ အချိန်ကိုက် စိုက်ပျိုးလုပ်ကိုင်ကြရမည်ဖြစ်သည်။ မိမိတို့၏ရှိပြီး ဒေသမူရင်းမျိုးကောင်းများကို မျိုးပွားဆောင်ရွက်ရေးနှင့် မျိုးထား၍မရသော ခေတ်မီစပ်မျိုးများအတွက် သက်ဆိုင်ရာမျိုးစေ့ကုမ္ပဏီဝန်ထမ်းများ၊ ဝန်ကြီးဌာနမှပညာရှင်များနှင့် ပူးပေါင်း၍ မျိုးစေ့ရရှိရေး ဆောင်ရွက်ရမည်ဖြစ်သည်။

တတိယအဆင့်၌ စတင်စိုက်ပျိုးချိန်မှ ဈေးကွက်သို့ တင်ပို့ရောင်းချသည့် အစ အလယ် အဆုံးလုပ်ငန်းအဆင့်များကို တောင်သူလယ်သမားများ ကိုယ်တိုင်ကိုယ်ကျ ဂရုတစိုက် ကျားကုတ်ကျားခဲ ကြိုးစားဆောင်ရွက်ရန်ဖြစ်ပါသည်။ ရာသီဥတုသတင်းအခြေအနေ နားစွင့်ခြင်း၊ ရေရရှိရေးနှင့် ရေကြီးရေလွှမ်းမှုမှ ကာကွယ်ခြင်း၊ ကျရောက်နိုင်သည့် ပိုးမွှားရောဂါကာကွယ်ခြင်း၊ အသုံးပြုသင့်သည့် မြေဩဇာအမျိုးမျိုးနှင့် သုံးစွဲရန်လိုအပ်သည့် ပိုးသတ်ဆေးအဖုံဖုံတို့ကို တတ်ကျွမ်းနားလည်သော ပညာရှင်ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးပြီး လုပ်ဆောင်သင့်သည်များကို အချိန်နှင့် တစ်ပြေးညီဆောင်ရွက်ရပါမည်။

စတုတ္ထအဆင့်မှာ ခူးဆွတ်၊ ရိတ်သိမ်းပြီးဈေးသို့ ဒိုင်သို့ပို့ဆောင်တော့မည့် ထွက်ကုန်များကို သတ်မှတ်ထားသည့် စံချိန်စံညွှန်းမီအောင် ပြုလုပ်ခြင်း၊ ဖုန်၊ သဲ ၊ခဲ၊အဖျင်းအမှော်၊ အစိုဓာတ်ပမာဏနှင့် ထုပ်ပိုးသယ်ယူမှုများကို စနစ်တကျဆောင်ရွက်ရေးသည်လည်း လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။

နည်းပါးလှသော အရင်းအနှီး၊ ချို့တဲ့လှသော နည်းပညာ၊ ညံ့ဖျင်းသောမျိုး၊ ခေါင်သောမိုးတို့ဖြင့်သာ ရင်ဆိုင်ရုန်းကန်နေကြရပါသည်ဟု ညည်းတွားလက်မှိုင်မချသင့်။ ကမ်းမမြင်လမ်းမမြင် ပင်လယ်ပြင်ကို မလျှော့သော ဇွဲ၊ လုံ့လဖြင့် ကူးခတ်ကျော်ဖြတ်ဝံ့သော မဟာဇနကမင်းသားကို မေခလာနတ်သမီးခမျာ လက်ပိုက်ကြည့်မနေနိုင်ဘဲ ကူညီကယ်ဆယ်ခဲ့ရသည်။ ရိုးသားသော၊ ကြိုးစားသော တောင်သူလယ်သမားကြီးများကို နိုင်ငံတော်အစိုးရက ဆင်းရဲမှုလျှော့ချရေးနှင့် လူနေမှုဘဝ တိုးတက်ရေးအတွက် ဘက်ပေါင်းစုံ ထောင့်ပေါင်းစုံမှ လက်တွေ့ဖြည့်ဆည်းပေးနေပါသည်။

တောင်သူလယ်သမားများ၏ ဝင်ငွေတိုးတက်ရရှိလာပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးမြင့်မားရေးသည် နိုင်ငံတော်၏ ရည်မှန်းချက်လုပ်ငန်းတာဝန်ဖြစ်သလို ကျေးလက်ပြည်သူများ၏ဆန္ဒလည်း ဖြစ်သည်။

လယ်ယာကဏ္ဍနှင့် ဆက်နွှယ်သူတိုင်း မှန်မြတ်သည့်ရည်မှန်းချက်ကို အလျင်မြန်ဆုံး အောင်မြင်ရေးအတွက် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည့် အချိန်ကာလသို့ ရောက်ရှိနေပါပြီ။ တောင်သူလယ်သမားထု၏ စီးပွားရေး ရေရှည်ခိုင်ခံ့ တည်မြဲတိုးတက်ရန် ဈေးကွက်ဝင်သီးနှံများကို ရွေးချယ်စိုက်ပျိုးနိုင်ကြစေရေး ဝိုင်းဝန်းကူညီပေးကြပါစို့ဟု တိုက်တွန်းအပ်ပါသည်။ **သတင်းမှတ်စု-ဝင်းလှိုင်ဦး**

သီးနှံများကို တစ်ရွာလျှင် ထုတ်ကုန် တစ်မျိုးစနစ်ဖြင့် ဦးစားပေးရွေးချယ် စိုက်ပျိုးသင့်ပါသည်။

မြန်အောင်မြို့နယ် မြန်မာ့စိုက်ပျိုးရေးဘဏ်မှ ထန်းသုံးပင်အုပ်စု၊ ညောင်တုံးလဲအုပ်စု၊ ကပ်နိအုပ်စုနှင့် အင်ပင်ကျေးရွာအုပ်စုတို့မှ တောင်သူများအား ၂၀၁၄ ခုနှစ် မိုးစပါးချေးငွေကို ဇူလိုင် ၈ ရက်က ဒုတိယအကြိမ်အဖြစ် ထုတ်ချေးပေးစဉ်။
နေဝင်းဇော်(မြန်အောင်)

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

မြစိမ်းရောင် ကျေးလက်ဒေသဖွံ့ဖြိုးရေး မတည်ငွေထုတ်ချေး

လောင်းလုံး ဇူလိုင် ၁၁

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် ဇူလိုင် ၈ ရက်က ရုံးချိန်အတွင်း အရင်းမပျောက်မတည်ငွေများထုတ်ချေးပေးရာ ဒေါင်းရှောင်ကျေးရွာ၊ ဖွားဘုတ်ပြင်ကျေးရွာ၊ အင်းဝန်းကျေးရွာ၊ ပန်းဒလဲကျေးရွာ၊ ဟင်းချိုတောကျေးရွာ၊ ကျောက်မတ္တာပ်ကျေးရွာများသို့ တစ်ရွာလျှင် ငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးခဲ့သည်။

အဆိုပါ ငွေများကို ကျေးရွာမြစိမ်းရောင်ကော်မတီ၏ တင်ပြချက်များနှင့် အညီ ကျေးရွာနေပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျေးလက်ထုတ်ကုန်ပစ္စည်းများ အထောက်အပံ့ဖြစ်စေရေးအတွက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ဆိတ်နှင့် ဝက်များ ဘီးလင်း၌ မွေးမြူလုပ်ကိုင်သူများထံ ဖြန့်ဖြူး

ဘီးလင်း ဇူလိုင် ၁၁

ကျေးလက်နေပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘီးလင်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်မှ မွေးမြူရေး ချေးငွေဖြင့်ဝယ်ယူထားသည့် ဆိတ်နှင့်ဝက်များကို ဇူလိုင် ၇ ရက်က ရွှေလှေကျေးရွာ၊ ကော့ကဒွတ်ကျေးရွာနှင့် တောင်စွန်းကျေးရွာများရှိ မွေးမြူရေးလုပ်ကိုင်သူများထံ ဖြန့်ဖြူးပေးခဲ့သည်။

ထိုသို့ ဆိတ်နှင့်ဝက်များ ဖြန့်ဖြူးပေးခြင်းနှင့်စပ်လျဉ်း၍ ဘီးလင်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဥမ္မာနှင်းက မွေးမြူရေး လုပ်ကိုင်သူများအား ပွင့်လင်းမြင်သာစွာဖြင့် လုပ်ကိုင်ဆောင်ရွက်ထားရှိမှုများကို ချပြရှင်းလင်းပြီး အစုအဖွဲ့ ၁၂ ဖွဲ့မှ အဖွဲ့ဝင် ၁၄၄ ဦးထံသို့ ဆိတ်ကောင်ရေ ၃၀၀ နှင့် ဝက်ကောင်ရေ ၃၀၀ ၏ စာရင်းကတ်ပြားများကို အဖွဲ့ခေါင်းဆောင်များထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ရွှေပြည်သာမြို့နယ်၌ ဝက်ဝမ်းကျကာကွယ်ဆေးထိုးနှံ

ရွှေပြည်သာ ဇူလိုင် ၁၁

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ရွှေပြည်သာမြို့နယ်မှ ဒုတိယဦးစီးမှူး ဒေါက်တာဝင်းနန္ဒာခိုင် ဦးဆောင်သောအဖွဲ့သည် ဇူလိုင် ၉ ရက်က ရွှေပြည်သာမြို့နယ် လှော်ကားကျေးရွာ၊ စမ်းချောင်းကျေးရွာ၊ ပြည်တော်သာကျေးရွာ၊ တောရွာလေးကျေးရွာများ၌ တစ်နိုင်တစ်ပိုင် မွေးမြူထားသော ဝက်ခြံ ၁၅ ခြံရှိ ဝက်အကောင် ၇၀ ကို ဝက်ဝမ်းကျ ကာကွယ်ဆေးထိုးနှံပေးပြီး ဇီဝလုံခြုံမှုအတွက် ပိုးသတ်ဆေးဖျန်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

မတူပီမြို့နယ်၌ အခြေခံပညာ မူလတန်းလွန်ကျောင်း အဆင့်တိုးမြှင့်

မတူပီ ဇူလိုင် ၁၁

ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်ခရိုင် မတူပီမြို့နယ်၌ ပညာရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားသည့် အခြေခံပညာမူလတန်းကျောင်းကို အခြေခံပညာ မူလတန်း(လွန်)ကျောင်းအဖြစ် အဆင့်တိုးမြှင့်ခြင်းအခမ်းအနားကို ဇူလိုင် ၉ ရက် နံနက် ၁၁ နာရီက အရှေ့ခိုဘွေကျောင်း၌ ကျင်းပသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်သက်မောင်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်စီလိုတို့က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ပညာရေးမှူးရုံးမှ ကျောင်းအတွက် လှူဒါန်းသော ဗလာစာအုပ်ဒါဇင် ၂၀ ကို ဒုတိယမြို့နယ်ပညာရေးမှူး ဒေါ်ဒူမဟာကပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးလျန်ဘိခ်က လက်ခံယူခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်
စက်ပစ္စည်းများဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် လိုအပ်သော အောက်ဖော်ပြပါစက်ပစ္စည်းများကို နိုင်ငံခြားသုံးငွေ (USD)နှင့် ပြည်တွင်းသုံးငွေ (ကျပ်)တို့ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

(က) Small TV Studio Equipment (USD) 2 Sets
(ခ) Large TV Studio Equipment (ကျပ်) 1 Set

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၉-၇-၂၀၁၄ရက်မှ ၈-၈-၂၀၁၄ရက်အထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက်အမှတ် ၃၄၉၊ ဦးပိုင်အမှတ် ၃၈၊ ကမ်းနားလမ်းနှင့်ဝါဆိုလမ်းကြား၊ ၄၁လမ်းနှင့် တာရိန်လမ်းကြားရှိ ဒေါ်သိန်းခင်အမည်ပေါက် ဂရန်မြေကွက်အား ဒေါ်သန်းသန်းထူး ၉/မနတ(နိုင်) ၀၅၈၈၁၆က ဂရန်မူရင်းပျောက်ဆုံးနေပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်ပျောက်သက်တမ်းတိုးအမည်ပြောင်းအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊တရားရုံးဒီကရီများဖြင့်၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် (ဆဆ-၅)၊ ဦးပိုင်အမှတ် (၁၆၂/က)၊ ၅၅×၅၆ကြား၊ အောင်ဇေယျာ×အောင်ဆန်းလမ်းကြားရှိ ဒေါ်တင်ညိမ်း အမည်ဖြင့်ချထားပေးသော မြေကွက်အား ဦးကျော်လွင် ၉/မနတ(နိုင်) ၀၆၉၂၄၇ နှင့် ဒေါ်သန်းဌေး ၉/ခမခ(နိုင်)၀၂၃၉၂၄တို့က မြေစလစ်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ဥက္ကလာပမြို့နယ်တရားရုံး
၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၀

ဒေါ်ဝင်းကြည်	**နှင့်**	ဒေါ်ခင်မေဝင်း (ခ)ရိုဂျီဘီ
တရားလို		**တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိဂသီလမ်း၊ အမှတ် ၂၆၁/က နေ တရားပြိုင်ဖြစ်သော ဒေါ်ခင်မေဝင်း(ခ)ရိုဂျီဘီ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားဝင်အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇူလိုင် ၁၅ရက် (၁၃၇၆ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၄င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဇူလိုင် ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မြင့်ထွေး
မြို့နယ်တရားသူကြီး
တောင်ဥက္ကလာပမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀
မြောက်ဥက္ကလာပမြို့နယ်တရားရုံး
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၇၀

ဒေါ်ခိုင်ဇာဝင့်	**နှင့်**	ဦးနေဝင်း
တရားလို		**တရားပြိုင်**

ဦးနေဝင်း အမှတ် ၅၇၊ မြို့ပတ်လမ်း၊ (၄)ရပ်ကွက်၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်နေသူ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း မြေအရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်တရားရုံးတော်၏ အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၁၄ ခုနှစ် ဇူလိုင် ၂၂ရက် (၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင်ယင်းနေ့ရက်တွင် ရုံးရှေ့သို့လာရောက်ရန်ပျက်ကွက်ပါက သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇူလိုင်၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဇော်ဇော်သန်း
တွဲဖက်မြို့နယ်တရားသူကြီး(၂)
မြောက်ဥက္ကလာပမြို့နယ်တရားရုံး

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ဃ/၂၄၁၄၊ Toyota Corolla 99103 SW 4x2 ယာဉ်လက်ဝယ်ရှိသူ ဦးတင်ထွန်းမင်း ၁၂/အစန(နိုင်) ၀၃၀၃၀၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)အင်းစိန်မြို့**

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ မြေကွက်အမှတ် ၃၉၉၊ မြေကွက်တည်နေရာအမှတ် ၃၉၉၊ မာဃ ၁၄လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်မြကြည်-ဦးခင်မောင်ကြီး အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်မြကြည်ကွယ်လွန်သဖြင့် ဦးလှရွှေ ၁၂/ဥကတ(နိုင်)၁၃၄၄၁၉ က တစ်ဦးတည်းသော ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန် ကျန်အမည်ပေါက်တစ်ဦး ဦးခင်မောင်ကြီးထံမှ အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ် ၁၅၄၃၈(၆-၆-၂၀၁၄)ဖြင့် လွှဲအပ်ခံရသူ ဦးဝင်းကျော်မြင့် ၁၂/ပဘတ(နိုင်)၀၁၉၈၇၄ က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၄၅၂၂ လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ် ဥယျာဉ်တန်း(ခ)၊ ဦးပိုင်အမှတ် ၇၊ ၃၆×၃၇ လမ်းကြား၊ ၆၅×၆၆ လမ်းကြားရှိ ဦးဆယ်ရှင်နှင့်ဦးဇော်မြင့်တို့ အမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်အေးအေး ၈/မကန(နိုင်)၁၂၁၉၄၂က မြို့ကွက်သစ်ဖော်ထုတ်ရေးငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ (အခွန်)ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေး
ကော်မတီ



ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

ဗုဒ္ဓဂယာမြေမြတ်မဟာဥ် သာသနာရေးဝင်ပါ လှူဒါန်းလင်းမေတ္တာ သာသနိက အဆောက်အအုံ လှူကြမည်

Visiting Professor/New Age International University (USA)

Email-...@gmail.com/web-www....net

M.O.M

ရွှေပြည်ဟိန်း ကုသိုလ်ဖြစ် ဆေးရုံ ဇူလိုင်လ၊ ၁၉-၂၀၊ (၃၇)ကြိမ်မြောက် မျက်စိခွဲစိတ်ကုသခြင်း အလင်းဒါနပါဝင်လှူဒါန်းနိုင်

ဇူလိုင်လ(၁၉၊ ၂၀)ရက်တွင် ဦးရေ(၄၀၀)ကြွည် ၃၇-ကြိမ်မြောက် မျက်စိခွဲစိတ် အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင်(၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူငွေကျပ် ၄၀၀၀၀/-ကို အလင်းဒါန အလှူရှင်အဖြစ်ပံ့ပိုးပါက ကိုယ်တိုင်လာရောက်ဖူးမြော်၍ ... ကုသိုလ်ယူနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းလိုသူများ - ... ရွှေပြည်ဟိန်းဆေးရုံ ... ဖုန်း-၀၉ ၅၁၀ ၂၃၇၇၊ ၀၁-၅၅၃၅၅၇ သို့လည်းကောင်း

ငွေလွှဲလိုက KBZBank(AccountNo.00730200701690301)နှင့် ... သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

မဇ္ဈိမဒေသ၊ သာဝတ္ထိမြို့ မဟာသံဃိကဒါန ကျောင်းအလှူ နှိုးဆော်ခြင်း

အိန္ဒိယနိုင်ငံ၊ သာဝတ္ထိမြို့ရှိ မြတ်စွာဘုရားရှင် (၂၅)ဝါ သီတင်းသုံးတော်မူခဲ့သည့် မူလဂန္ဓကုဋိ (အဝိဇေတဝနာ) နှင့် တာဝတိံသာနတ်ပြည်သို့ကြွလမ်းတော်မူခဲ့သည့် သရက်ဖြူကုန်းအနီးတွင် မြန်မာနိုင်ငံမှ ပြည်ပသာသနာပြု ဆရာတော် ဘဒ္ဒန္တ ဒေါက်တာနရိန္ဒာဓိပတိ (မဟွာစရိယ) သည် မြေတစ်ဧက ဝယ်ယူပြီးစီး၍ မဟာဗောဓိသုခ သုံးထပ်ကျောင်းတိုက်ကြီး အား ဆောက်လုပ်လျက်ရှိရာ ဒုတိယထပ်ကြမ်းခင်းစလက်(SLAB) လောင်းပြီးဖြစ်၍ တတိယထပ် အမိုးမိုးပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ "ဝိဟာရဒါန သံဃသာအဂ္ဂံ ဗုဒ္ဓေဟိ ဝဏ္ဏိတံ" (ဝိဟာရဟူ ကျောင်းအလှူကို ဆုဆုဗုဒ္ဓ ချီးမွမ်းကြ၏)ဟူသော ဒေသနာတော်မြတ်နှင့်အညီ ဘုရားရှင်တိုင်းချီးမွမ်းအပ်သော မဟာသံဃိကဒါန ကျောင်းအလှူ ကုသိုလ်ထူးကြီးကို တစ်ထောင့်ရုံးပေလျှင်(၂၀,၀၀၀)ကျပ်နှုန်းဖြင့်ရှိနိုင်အတွက်အောက်ပါအတိုင်းဆက်သွယ်၍ရက်ရောကြည်ဖြူစွာကုသိုလ်ပါဝင်လှူဒါန်းနိုင်ကြပါပြီ -

၁။ ဆရာတော်ဘဒ္ဒန္တဒေါက်တာနရိန္ဒာဓိပတိ၊ မဟာဗောဓိသုခကျောင်း၊ သာဝတ္ထိမြို့၊ ယူပီပြည်နယ်၊ အိန္ဒိယနိုင်ငံ၊
ဖုန်း - ၀၀၉၁-၈၄၀၀ ၃၈၀ ၁၄၂၊ ၈၈၉၆ ၇၅၂၉၇၇၊ unarinda08@gmail.com

၂။ ဒေါ်တင်တင်ကြည်၊ ခင်နန္ဒာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ မရမ်းကုန်း။	၀၁-၆၅၅၅၂၀၊ ၆၅၅၈၈၅၊ ၆၅၇၇၉၄
၃။ ဒေါ်သီတာ၊ မဇ္ဈိမဂုဏ်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ မင်္ဂလာတောင်ညွန့်။	၀၁-၂၉၆၄၄၆၊ ၀၉-၅၀၁၃၅၂၂
၄။ ဒေါ်မေသူမောင်၊ မေသူမောင်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ ကမာရွတ်။	၀၉-၅၁၉၂၄၄၈၊ ၀၉-၇၃၂၄၁၆၈၇၊ ၀၉-၅၀၁၂၄၇၀
၅။ ဒေါ်ကြည်ကြည်မြင့်၊ ရွှေမဟာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ စမ်းချောင်း။	၀၁-၅၃၂၀၈၆၊ ၀၉-၅၁၁၃၄၀၄၄၊ ၀၉-၅၁၈၈၃၇၆
၆။ ဒေါ်နီနီဝင်း၊ ရွှေမိုဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ တာမွေ။	၀၁-၅၄၆၈၂၀၊ ၀၉-၅၀၂၁၁၉၂
၇။ တိုးတိုးရတနာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၊ လှည်းတန်း၊ ကမာရွတ်။	၀၁-၅၀၁၉၂၅၊ ၀၁-၅၂၇၅၃၉
၈။ ဒေါ်တင်မိုးအေး၊ ကျော်ကျော်ကားပစ္စည်းဆိုင်၊ ခင်နန္ဒာရုံးခွဲ(၁)၊ မန္တလေး။	၀၂-၅၁၅၄၀၅၀၊ ၀၉-၅၁၁၆၈၀၄

SEVEN စံ

မြေကွက်ရောင်းဝယ်ရေး

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလို ဝယ်လိုပါသလား?
SEVEN စံနဲ့ ဆက်သွယ်လိုက်ပါ။
အိမ်အရောက်ငွေပေးချေသည်။
ပွဲခလုံးဝ မယူပါ
ဖုန်း-၀၁-၂၀၅၇၄၈၊ ၀၉-၃၃၃၃၃၅၁၄၊ ၀၉-၃၁၆၅၈၆၅၈

ပျောက်ဆုံးကြောင်း

ကျွန်တော် အောင်နိုင်ထွန်း ၈/ရနခ(နိုင်)၁၁၈၆၂၂ ၏ (မနလ)မှတ်ပုံတင်မိမှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၀၄၂၀၉၁

ပျောက်ဆုံးကြောင်း

ကျွန်တော် အောင်ဆန်းမိုး ၈/ခမန(နိုင်)၁၄၈၂၁၂ ၏ (မနလ)မှတ်ပုံတင်မိမှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၀၄၂၀၉၁

ယောနယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပွဲ

ယောနယ်အသင်း(ရန်ကုန်)၏ (၂၉)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ... ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ... တွင် ဝါဆိုလပြည့်ကျော်(၂)ရက်၊ (၁၃-၇-၂၀၁၄) တနင်္ဂနွေနေ့ နံနက်(၉း၀၀)နာရီအချိန်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ... ယောနယ်သူ/သားများ အားလုံး ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အလုပ်အမှုဆောင်ကော်မတီ

စင်္ကာပူနိုင်ငံ PSA တွင် Container-ယာဉ်မောင်း

လုပ်ကိုင်လိုသူများအတွက် "ဒုတိယအကြိမ်" သင်တန်းပေးနေပြီ

သူရစက်ယန္တရား- ...

Phone : 377 343-377 344 -38 57 58 -38 68 77-39 22 33

Driver အလိုရှိသည်

အခြေခံ အင်္ဂလိပ်စကားပြောဆိုနိုင်ရမည်။
အခြေခံလစာ ကျပ် ၂၀၀၀၀၀+ OT

Tastech Myanmar Co., Ltd.

တိုက်အမှတ် ၉/၄-၀၁၊ ရန်ငြိမ်းအိမ်ရာ၊ ရန်ရှင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၀၂၆၁၀၇၆၀၅၊ ၀၉-၅၀၅၈၂၈၉

ဆရာကျော် "ဝါရင့်ကျွမ်းကျင်ယာဉ်မောင်း"

ကားတစ်စီးအား ယုံကြည်စိတ်ချစွာ မောင်းနှင်နိုင်ရန် သင်ကြားပေးသည်။ လိုင်စင်ကိစ္စဆောင်ရွက်ပေးမည်။
Ph:09-512-1284, 09-420-707802

L.M.A KOREAN LANGUAGE CENTRE

ကိုရီးယား E.P.S (TOPIK) စာမေးပွဲ

ကိုရီးယား အခြေခံ စကားပြော

အင်္ဂလိပ် ကွန်ပျူတာ (Graphic)

အမှတ် ... ကျောက်တံတားမြို့နယ်၊ ဖုန်း - ...

နှစ်ဘီးတပ်ဝယ်ပြီး T ရှပ်ယူပါ

095 095 095, ☎ 01-682944
09 730 77711, ☎ 01-682844

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂၊ သခင်အုန်းဖေကြီးလမ်း၊ မြေကွက်အမှတ် ၁၀၅၄၊ အလျားပေ ၆၀×အနံပေ၄၀ရှိ မြေနှင့်အိမ်အား(ပါမစ်) အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်ခင်သိန်းထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ထွေးထွေးခိုင် ၁၂/ဒဂမ(နိုင်)၀၂၃၈၇၆ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် အပြီးအပိုင် လက်ရောက်ဝယ်ယူရန် စရန်ငွေ(တန်ဖိုး၏တစ်စိတ်တစ်ဒေသငွေ)ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော(စာရွက်စာတမ်းမူရင်းများ)အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုရက်ထက်ကျော်လွန်သည့်တိုင် လာရောက်ကန့်ကွက်မှုများမရှိပါက ဤမြေနှင့်အိမ်အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအာကာလင်း
အထက်တန်းရှေ့နေ(စဉ်-၂၅၁၃၄)
အမှတ် ၈၅၈၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၄၆၇၈၂၆၅၇

မြေကွက်ရောင်းမည်။ ဖုန်း ၀၉-၇၃၁၈၄၈၂၆

မ/ဥက္ကလာ	သုဓမ္မာလမ်းမကြီးဘေးတွင်ရှိ ...	20' x 50'	=6000 သိန်း
မ/ဒဂုံ	...	80' x 100'	=8000 သိန်း
မ/ဒဂုံ	...	42' x 60'	=2850 သိန်း

ဥယျာဉ်ခြံမြေ ရောင်းရန်ရှိသည်

ဆက်သွယ်ရန်ဖုန်း-၀၉၄ ၂၀၆၀၁၈၀

ရောင်းမည်

၁။ လက်ရှိလည်ပတ်လျက်ရှိသော Internet & Game ဆိုင် Computer (၁၈)စုံ+Server (၂)လုံး+ပစ္စည်းစုံ
၂။ ဂျပန် Denyo မီးစက် 13KVA

ဆက်သွယ်ရန်
ဖုန်း-၀၉-၂၅၀၀၅၁၁၄၁၊ ၀၉-၅၆၀၂၂၄၈၊ ၀၉-၅၀၀၉၈၃၅

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BB/8175 Toyota Succeed NCP 5၊ S/W 4x2 ® ယာဉ်လက်ဝယ်ရှိသူ ရွှန်းလဲ့သာရောင်းဝယ်ရေးကုမ္ပဏီက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့

ပျောက်ဆုံးကြောင်း

ကျွန်တော် အောင်ကြည်ခိုင် ၈/ရနခ(နိုင်)၀၈၂၁၈၂၈၏ (မနလ)မှတ်ပုံတင်မိမှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၃၀၄၂၀၉၁

အမည်ပြောင်း

(ဦးတင်လှ-ဒေါ်မြသန်း) တို့၏ သမီး မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ခမော ၆ လမ်း၊ အမှတ် ၄၁၀ နေ မတင်တင်အေးအား မလှလှထွေးဟု ပြောင်းလဲခေါ်ပါရန်။

TAXI ယာဉ်မောင်းအလိုရှိသည်

(၂၀၀၈) SUCCEED BB/---- (1.5)
နေ့မောင်း ကျပ်တစ်သောင်း၊ စပေါ် ကျပ်သုံးသိန်း၊ သုခမှတ်တိုင်အနီး၊ အင်းစိန်လမ်းမ၊ (၉)ရပ်ကွက်၊ လှိုင်မြို့နယ်
ဆက်သွယ်ရန်-
ဖုန်း-၀၉-၃၁၂၃၀၅၂၊ ၀၁-၅၃၈၇၉၉

ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၆-၂၀၁၄ရက်ထုတ် ဤသတင်းစာ ကြော်ငြာစာမျက်နှာ(၃) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ အမှတ်စဉ်(၈) ဦးဇော်မင်း၏ ဂရန်သစ်တွင် အမည်ပေါက် ဒေါ်တင်ဆိုင်အစား ဦးတင်ဆိုင်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၆-၂၀၁၄ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၅) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအမှတ်စဉ်(၅) ဦးအာယုအလီ ၁၂/တမန(နိုင်)၁၀၁၉၂၈အစား ဒေါ်မြသီ+ ၁၂/ဥကတ(နိုင်)၁၁၁၀၃၀ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကြော်ငြာကဏ္ဍ

မဟာခိုး ဗုဒ္ဓဂယာဘုရားဖူးအကျိုးဆောင်လုပ်ငန်း

2014 ခုနှစ်အောက်တိုဘာလမှစ၍ ဗုဒ္ဓဂယာဘုရားဖူး (၇)ရက်ခရီး (၁၄) ရက်ခရီး

- 2014 Sep -27,28
- OCT -4,5,11,12,18,19,25,26
- Nov -1,2,8,9,15,16,22,23,29,30
- Dec -6,7,13,14,20,21,27,28

စက်သုံးဆီအရောင်းဆိုင်ဆောက်လုပ်ရေး လုပ်ငန်းများကိုအလျှော်ဆောက်လုပ်ပေးပါသည်

(၁) ကွင်းဆင်းတိုင်းတာပေးခြင်း(Survey)/မြေတိုင်းမြေပုံထုတ်ပေးခြင်း

(၂) ဆိုင်အခင်းအကျင်းပုံစံထုတ်ပေးခြင်း (Lay Out Plan)

(၃) ဆိုင်သိုလှောင်ကန်ရုံးခန်းထမ်းနားခိုနေရာဝင်လမ်း/ထွက်လမ်းနှင့် ပလက်ဖောင်းလမ်းရေမြောင်းတစ်ခုချင်းအတွက်ပုံစံထုတ်ခြင်း(Drawing)(BOQ)(Estimate)တွက်ချက်ပေးခြင်းဆောက်လုပ်ပေးခြင်းများနှင့်စက်သုံးဆီ အရောင်းဆိုင်ဆောက်လုပ်ရေးဆိုင်ရာဆွေးနွေး/ အကြံပေးခြင်းများပြုလုပ်လိုပါက အောက်ပါလိပ်စာ အတိုင်းဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

AG Construction Co., Ltd. Ph: 09-5501504,09-73140819,09-73171137

အမှတ်J-69၊ရွှေနှင်းဆီ(၃)လမ်း၊FMI ဥယျာဉ်မြို့တော်၊လှိုင်သာယာမြို့နယ်၊ရန်ကုန်မြို့။

တက္ကသိုလ်ဝင်တန်း ဖြေဆို၊ အောင်မြင်ပြီးသူများအတွက် UK ပညာရေးလမ်းကြောင်းများနှင့် ITအလုပ်အကိုင်အခွင့်အလမ်းများ

ပညာရေး ဆွေးနွေးပွဲ

- တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများအတွက် British Technology Education Council (BTEC, Edexcel) မှချီးမြှင့်မည့် QCF Level 5 အဆင့်ရှိ Higher National Diploma in Computing (UK) အကြောင်း။
- တက္ကသိုလ်ဝင်တန်း မအောင်မြင်သေးသူများအနေဖြင့် QCF Level 3 အဆင့်ရှိ National Diploma in Computing (UK) မှတဆင့် ဆက်လက်လေ့လာနိုင်မည့် ပညာရေးလမ်းကြောင်းများ။
- နိုင်ငံတကာအဆင့် IT အင်ဂျင်နီယာတစ်ယောက်ဖြစ်လာစေရန် လေ့လာရမည့်ဘာသာရပ်များ အကြောင်းနှင့် တတ်မြောက်မှုကိုသေချာစေမည့် စစ်ဆေးအကဲဖြတ်မှုပုံစံများ။
- တတ်မြောက်အောင်မြင်ပါက ဆက်လက်ပညာသင်ယူနိုင်မည့် နိုင်ငံတကာတက္ကသိုလ်ကြီးများနှင့် ဝင်ရောက်လုပ်ကိုင်နိုင်မည့် IT အလုပ်အကိုင်အခွင့်အလမ်းများ။

နေ့ရက် : ၁၃ ရက် ဇူလိုင်လ ၂၀၁၄ (တနင်္ဂနွေ)

အချိန် : နံနက် ၁၀:၀၀ နာရီ မှ ၁၂:၀၀ နာရီထိ

နေရာ : GUSTO - Institute of IT

\# 289 (A), Pyay Road (Near Myay Ni Gone Bus-stop), Sanchaung Tsp, Yangon.

လူဦးရေ ကန့်သတ်ထားပါသဖြင့် မိမိတို့၏ နေရာ သေချာစေရန် ကြိုတင် စာရင်းသွင်းပေးပါရန်။

Call Now : 09 - 86 288 06 | 09 - 4500 56104

MPDC EDUCATION

Study ABAC Certificate in Myanmar

International Business Management Certificate Program

Class Begin in July,2014

Contact Us

Assumption @ Myanmar Offshore Campus, Yangon

MICT Park, Building (15),Ground Floor

t : 95 1 507043, 507047

m : 95 9420114501,256146919,421013792

e : sandra@newklink.com

w : www.myanmarpdc.net, www.grad.au.edu

Enroll Now

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1H/4988 Mitsubishi. EK Wagon SW 4x2 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မာချို ၁၂/ဥကမ(နိုင်)၀၈၆၀၂၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့

Gusto

IT Professional Institute

SQL Server 2008

Database Design & Development Course



\# 289 (A), Pyay Road, Sanchaung Township, Ygn. Ph: 09- 73031302, 01- 504632, 01-503715

ဦးသန့်ဇော် B.Sc,IC,Q,DA, DMP, MBA, ACCA (BPP)

LCCI I & II (၃)လမြတ်

14 July 2014 စမည်/နိုင်တာသေချာ

Sec (F): Mon to Wed 3:30 - 5:30 pm

Sec (G): Sat - Sun 7:00 - 8:45 am

ORION 09 5115997

အမည်ပြောင်း

FAME

Nephrotec®

For healthy kidney

ကျောက်ကပ်ဆေး

TMR 012138 (0616)

ISO 9001 : 2008

ISO 14001 : 2004

OHSAS 18001 : 2007

GMP Certified

Organic Certified

FAME

Rejuvir®

Phytoestrogen supplement

မျိုးမအားဆေး

TMR 007907 (1214)

ISO 9001 : 2008

ISO 14001 : 2004

OHSAS 18001 : 2007

GMP Certified

Organic Certified

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈/၈၈၀၈ Hyundai Porter 3G Pu 4x2 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုဦး ၉/ပသက(နိုင်)၀၈၅၅၀၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်မြို့

"စအောင်ချမ္းသာ" ကုမ္ပဏီလီမိတက်နှင့်ပတ်သက်၍ အများသိစေရန် အသိပေးအကြောင်းကြားခြင်း

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ ကမ္ဘောဇလမ်း၊ နယ်မြေ(၁၁) အမှတ်(၈/၁၁) နေ ဦးစိုးဝေ(၁၃/တကန(နိုင်)၂၀၅၇၂၉) နှင့် ဇနီး ဒေါ်သန်းနု(၁၃/တကန(နိုင်)၀၂၅၉၅၁) တို့က အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေငြာအပ်ပါသည်။

၁။ ယခင်ရန်ကုန်မြို့၊ 23/C တန်ဆိုင်သာလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ စအောင်ချမ္းသာကုမ္ပဏီလီမိတက်ကို မတ်လ ၂၀၁၀ ခုနှစ် (၁၅)ရက်နေ့တွင် ကုမ္ပဏီများ မှတ်ပုံတင်ရုံးတွင် စာချုပ်မှတ်ပုံတင်အမှတ် (၁၈၆၇/၂၀၀၉-၂၀၁၀)ဖြင့် ကျွန်ုပ်တို့နှစ်ဦး အမည်များနှင့် ကုမ္ပဏီဒါရိုက်တာအဖြစ် ကိုယ်တိုင်တရားဝင်မှတ်ပုံတင် ပြုလုပ်ပိုင်ဆိုင်ထားသော ကုမ္ပဏီတစ်ခုဖြစ်ပါသည်။

၂။ ဖြေဂုတ်လ ၂၀၁၁ ခုနှစ် (၁၁)ရက်နေ့တွင် ကျွန်ုပ်တို့၏သားဖြစ်သူ ဦးဇော်လင်း၊ မှတ်ပုံတင်အမှတ်(၁၃/တကန(နိုင်)၀၀၃၂၃၂)အမည်ကိုလည်းကောင်း၊ ဇန်နဝါရီလ ၂၀၁၂ ခုနှစ် (၆)ရက်နေ့တွင် ကျွန်ုပ်တို့၏သမီးဖြစ်သူ ဒေါ်လတ်လတ်စိုး မှတ်ပုံတင်အမှတ်(၁၃/တကန(နိုင်)၀၂၅၀၈၈) အမည်ကိုလည်းကောင်း ကျွန်ုပ်တို့ကုမ္ပဏီတွင် အမည်များ ထပ်မံဖြည့်စွက်မှတ်ပုံတင်လျက် ကျွန်ုပ်တို့ကိုယ်တိုင် အသိအမှတ်ပြုမှတ်ပုံတင် ထားခြင်းဖြစ်ပါသည်။ အခြားတစ်စုံတစ်ဦး၏ အမည်ကို ဖြည့်စွက်ပြုလုပ်ထားခြင်းမရှိ ပါကြောင်း အများသိစေရန် ကြေငြာပါသည်။

၃။ ကျွန်ုပ်တို့မှ တရားဝင်အသိအမှတ်ပြု မှတ်ပုံတင်ပြုလုပ်ထားခြင်းမရှိဘဲ ကျွန်ုပ်တို့ မသိရှိသဘောမတူဘဲ အခြားမည်သူတစ်ဦးတစ်ယောက်မှ အခြားနည်းနည်းဖြင့် စီမံခန့်ခွဲ ဆောင်ရွက်ခြင်းကို ခွင့်မပြုပါကြောင်း၊ ပြုလုပ်ခွင့်လည်းမရှိကြောင်းနှင့် ခွင့်မပြုရန် အများသိစေရန် အသိပေး ကြေငြာအပ်ပါသည်။

ဦးစိုးဝေ
၁၃/တကန(နိုင်)၂၀၅၇၂၉
ဒါရိုက်တာ
(စအောင်ချမ္းသာကုမ္ပဏီလီမိတက်)
အမှတ်(၈/၁၁) ကမ္ဘောဇလမ်း နယ်မြေ(၁၁)
တောင်ကြီးမြို့။

ဒေါ်သန်းနု
၁၃/တကန(နိုင်)၀၂၅၉၅၁
ဒါရိုက်တာ
(စအောင်ချမ္းသာကုမ္ပဏီလီမိတက်)
အမှတ်(၈/၁၁) ကမ္ဘောဇလမ်း နယ်မြေ(၁၁)
တောင်ကြီးမြို့။

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

Fashion Euphoria ဆိုင်နေရာသစ်သို့ ပြောင်းရွှေ့ဖွင့်လှစ်ခြင်းနှင့် အထူးဈေးရောင်းပွဲအစီအစဉ်

Fashion Euphoria ၏ မူလဆိုင်နေရာဖြစ်သော အမှတ်(110)A၊ ကမ္ဘာအေးဘုရားလမ်းမှ ဆိုင်နေရာသစ် အမှတ်(502)၊ ဝေဇယန္တာလမ်းမကြီး၊ ပါရမီမီးပွိုင့်အနီးသို့ ပြောင်းရွှေ့ဖွင့်လှစ်ခြင်းအထိမ်းအမှတ်အဖြစ်လည်းကောင်း၊ ဆိုင်နေရာသစ်မှ Fashion Euphoria ၏ မိတ်ဆွေဟောင်း၊ မိတ်ဆွေသစ်များကို ကြိုဆိုသောအားဖြင့်လည်းကောင်း၊ ပွဲထိုင်ဇာများ၊ ပိုးအမျိုးမျိုး၊ ကွန်ပျူတာပန်းထိုးချိတ်နှင့် ပန်းဒီဇိုင်းအမျိုးမျိုးတို့ကို အံ့သြဖွယ်အထူးဈေးနှုန်းဖြင့် ၁၂-၇-၂၀၁၄ရက် မှ ၁၄-၇-၂၀၁၄ရက်အထိ သုံးရက်တိုင်တိုင် နံနက် ၁၀ နာရီမှ ညနေ ၆ နာရီအထိ ရောင်းချပေးသွားမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း- ၀၉-၅၄၀၆၃၁၇၊ ၀၉-၃၃၄၇၉၀၄၂၊ ၀၁-၅၇၀၀၂၁

ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ ရွှေကူမြို့၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အဋ္ဌမတန်း(C)မှ မောင်ကျော်ဇောဟိန်းနှင့် ရွှေကူမြို့၊ ဘောဂဗလ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) တတိယတန်းမှ မောင်ဇင်ကိုကိုဟိန်းတို့၏ ဖခင်အမည်မှန်မှာ ဦးဖြိုးဝေ ၅/ဝလန(နိုင်)၀၉၅၅၅၉ ဖြစ်ပါကြောင်း။

Sweet Angel

NAIL ART & BEAUTY TRAINING SCHOOL

အသင်တန်း	သင်တန်းကြေး	သင်တန်းကာလ
ဆံပင်ညှပ်	250,000	2 Months
ဆံထုံး	250,000	2 Months
မိတ်ကပ်	250,000	1 Month
	250,000	2 Months
	250,000	1 Month

အခန်း(406)၊ ... မြောက်ဒဂုံ၊ ... ရန်ကုန်မြို့။

Ph: 01-538510, 09-5107347, 09-33546597

ဦးစော်ဝင်းနိုင်(၁၄ ၅၀၁၈၅၇၃)ဟုအမည်ခံထားသူ သိစေရန်ကြေငြာခြင်း

... ဦးမြမောင် ... (၂၈-၀၂-၂၀၁၃) ... (၂၈-၀၂-၂၀၁၀) ...

ဦးမြင့်ဦး(LL.B) တရားလွှတ်တော်ရှေ့နေ

ဖခင်အမည်မှန်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မဘိမ်းမြို့နယ်၊ ငါးအိုးကျေးရွာ၊ အထက တက္ကသိုလ်ဝင်တန်း(A)မှ မခိုင်ဇာလင်း၏ ဖခင်အမည်မှန်မှာ ဦးနေလင်း ၁၃/မဘန(နိုင်)၀၂၆၆၉၃ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါသည်

...

LL.B, LL.M

LawPlus Myanmar Ltd.

MCC.i

Microsoft

မြန်မာနိုင်ငံ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး
အတွက်သုံးနှစ်အတွင်းမြန်မာလူငယ် (၁၀၀,၀၀၀) လုပ်ငန်းခွင်
အသင့်ဝင်နိုင်မည့် နည်းပညာကျွမ်းကျင်မှုများကို MCC နှင့် Microsoft တို့
ပူးပေါင်းသင်ကြားပေးတော့မည်။

(အင်္ဂလန်နိုင်ငံ University of Greenwich မှ ချီးမြှင့်မည့်)

B.Sc (Hons) Business IT

ကွန်ပျူတာ သိပ္ပံဘွဲ့

the UNIVERSITY of GREENWICH

Academic

- Year(1) - Level (4) Diploma in Computing
- Year(2) - Level (5) Diploma in Computing
- Year(3) - B.Sc (Hons) Business IT

Microsoft Skills

- MCSA (Microsoft Certified Solutions Associate)
- MCSD (Microsoft Certified Solutions Developer)
- MCSE (Microsoft Certified Solutions Expert)

- July Intake Enroll Now! -

Hot Line - 246634, 2304156

Yangon Campus Ph - 01-245762, 249152, 395512
Mandalay Campus Ph - 02-77930, 09-91034062, 09-402671562
Naypyitaw Campus Ph - 09-31354842, 09-254148940
Yatanarpon Campus Ph - 02-5178112, 02-5178113, 02-5178132

မြန်မာ့အလင်း
Brasil 2014
ကမ္ဘာ့ဖလားအထူးကဏ္ဍ
၂၀၁၄ ခုနှစ်၊ ဇူလိုင် ၁၂ ရက်၊ စနေနေ့။

AIR KBZ

စောင့်ကြည့်မှုများကြားက ၂၀၁၄ ရဲ့ ဂိုးသွင်းဘုရင်

ဝေမိုးဆက်

ဂျိမ်းရိုဒရီဂွက်ဇ်

သောမတ်မူလာ

၂၀၁၄ ကမ္ဘာ့ဖလားကြီးက ပြီးတော့မယ်။ တတိယလုပွဲနဲ့ ဗိုလ်လုပွဲ နှစ်ပွဲတည်းကျန်တယ်။ အဲဒီမှာ တွေးစရာတွေကလည်း တော်တော်ဖြစ်တယ်။ ရေးစရာတွေကလည်း တော်တော်များတယ်။ ချန်ပီယံ ဘယ်သူဖြစ်မလဲ။ တောင်အမေရိကလား။ ဥရောပလား။ တောင်အမေရိကမှာကျင်းပတိုင်း တောင်အမေရိကအသင်းသာ ဗိုလ်စွဲတတ်မှုဟာ ဒီတစ်ကြိမ်ရော အသက်ဝင်လေမလား။ ဥရောပရဲ့ ဗိုလ်စွဲနိုင်မှု အသာရထားခြင်းကို ဒီတစ်ကြိမ်မှာ တောင်အမေရိကအနေနဲ့ အမီလိုက်နိုင်မှာလားဆိုတာတွေက အစ ဘရာဇီး သိက္ခာဘယ်လိုဆယ်မလဲ။ ဟော်လန်ကရော ဘရာဇီးရဲ့တင်းခံကြိုးစားမှုကို အန်တုနိုင်မှာလားအဆုံး စိတ်ဝင်စားစရာတွေ တော်တော်ဖြစ်တယ်။ ချင့်တွက်ချင်စရာအကြောင်းအရာတော်တော်စုံတယ်။ တစ်နည်းပြောရရင် ၂၀၁၄ ကမ္ဘာ့ဖလားဟာ အပိတ်နှစ်ပွဲတည်းရဲ့ အခြေအနေအရနဲ့တင် အားလုံးရဲ့စိတ်ကို ကိုင်လှုပ်နိုင်တယ်။ အားလုံးရဲ့စိတ်ကို ညှို့ငင်ဆွဲယူနိုင်တယ်။ ရိုက်ချက်ပြင်းတယ်။

ဒါပေမယ့် အဲဒီအထဲမှာ အားလုံး အပေါ်ယံရှုပ်ပြီးကျော်လွှားနေကြတဲ့ အကြောင်းအခြင်းအရာတစ်ခုရှိတယ်။ အဲဒါကတော့ ၂၀၁၄ ကမ္ဘာ့ဖလားရဲ့ ဂိုးသွင်းဘုရင် ဘယ်သူဖြစ်မလဲဆိုတာပဲ။ အရှင်းဆုံးပြောရရင် ဘောလုံးအားကစားနည်းဆိုတာက အစုအဖွဲ့အားကစားနည်း။ အဲဒီလို အစုအဖွဲ့အားကစားနည်းဖြစ်တာနဲ့အမျှ တစ်ဦးချင်းဆုတံဆိပ်ဆိုတာက အသင်းလိုက်အင်အားနဲ့ရတဲ့ဆုတံဆိပ်ထက် အရေးမပါနိုင်ဘူးဆိုပေမယ့် အဲဒီလို ဆုတံဆိပ်မျိုးဟာ ကစားသမား

စာမျက်နှာ ၂ သို့

အသင်းဟာ တိုးတက်မှုတွေနဲ့အတူ ဆုဖလားရယူဖို့ရှိနေတယ်လို့ ဂျာမနီခံစစ်မှူး မာတီဆက်ကာပြော

■ အောင်က

မာတီဆက်ကာ

ဂျာမနီအသင်းရဲ့အဓိကအားကိုးရတဲ့ ခံစစ်မှူးဖြစ်တဲ့ မာတီဆက်ကာက တော့ ဗိုလ်လုပွဲအထိတက်ရောက်နိုင်ခဲ့တဲ့ ဂျာမနီအသင်းဟာ နည်းပြ ဂျိုအာချင်လိုရဲ့လက်အောက်မှာ အကောင်းဆုံးတိုးတက်မှုတွေနဲ့ ဆုဖလားရယူဖို့ရှိနေတယ်လို့ ပြောဆိုလိုက်ပါတယ်။

ဂျာမနီအသင်းဟာ ပြီးခဲ့တဲ့ဆီမီးဖိုင်နယ်ပွဲစဉ်မှာတော့ အိမ်ရှင်ဖြစ်တဲ့ ဘရာဇီးအသင်းကို ၇-၁နဲ့ အံ့သြဖွယ်ရာကောင်းလောက်တဲ့အောင်မြင်မှုနဲ့ အတူ ဗိုလ်ပွဲကို တက်နိုင်ခဲ့တာဖြစ်ပြီး တောင်အမေရိကရဲ့ အကောင်းဆုံးအသင်းတစ်သင်းဖြစ်တဲ့ အာဂျင်တီးနားအသင်းနဲ့ တွေ့ဆုံကစားရမှာလည်းဖြစ်ပါတယ်။

ဂျာမနီခံစစ်မှူး မာတီဆက်ကာဟာ ဘရာဇီးအသင်းကိုနိုင်ခဲ့တဲ့ပွဲမှာတော့ အသင်းအတွက် ခံစစ်တံတိုင်းအဖြစ် အကောင်းဆုံးကစားခဲ့ပြီး အသင်းအတွက် ဂိုးမပေးရရေးအတွက် အကောင်းဆုံးကာကွယ်ပေးနိုင်ခဲ့တဲ့ ကစားသမားတစ်ဦး လည်းဖြစ်ပါတယ်။

မာတီဆက်ကာဟာ ၂၀၀၉ခုနှစ် ဂျာမနီယူ-၂၁အသင်းမှာ အိုဇေးလ်၊ နူအာ၊ ဘိုတန်၊ ခီဒီယာ၊ ဟမ်မဲလ်တို့နဲ့အတူကစားခဲ့တဲ့ ကစားသမားတစ်ဦးဖြစ်ပြီး အဲဒီအချိန်တုန်းကတော့ သူတို့ထဲမှာတော့ အိုဇေးလ်ဟာ အကောင်းဆုံး ကစားသမားတစ်ဦးအဖြစ် နာမည်ကြီးတဲ့သူတစ်ဦးလည်းဖြစ်ပါတယ်။

အဲဒါတွေနဲ့ပတ်သက်ပြီးလည်း ခံစစ်မှူးမာတီဆက်ကာက "၂၀၀၉ခုနှစ်မှာ ကျွန်တော်တို့အခုကစားနေတဲ့အသင်းက လူတော်တော်များများဟာ ဥရောပယူ-၂၁ပြိုင်ပွဲကို အနိုင်ရရှိအောင် ကစားနိုင်ခဲ့ပါတယ်။ အဲဒီတုန်းက အင်္ဂလန်အသင်းကို ဗိုလ်လုပွဲမှာ ၄-၀နဲ့နိုင်ခဲ့တာပါ။ အဲဒီပြိုင်ပွဲတုန်းက ဗိုလ်စွဲနိုင်ခဲ့တဲ့ အကျိုးဟာ အခုအခါမှာတော့ အနည်းငယ်သက်ရောက်မှုတွေရှိနေခဲ့တယ်လို့ ပြောနိုင်ပါတယ်။ အဲဒီတုန်းက ယူ-၂၁မှာကစားခဲ့ကြတဲ့ ကျွန်တော်တို့ လူငယ်ကစားသမားတွေဟာအခု လေးနှစ်၊ ငါးနှစ်အတွင်း အကောင်းဆုံးတိုးတက်မှုရှိလာတယ်လို့လည်း ပြောရမှာပါ"လို့ ပြောဆိုခဲ့ပါတယ်။

ဂျာမနီအသင်းနဲ့ အာဂျင်တီနားအသင်းတို့ဟာ ၂၀၀၆ခုနှစ်နဲ့ ၂၀၁၀ခုနှစ်တို့မှာတွေ့ဆုံကစားခဲ့ကြဖူးတဲ့ အသင်းတွေဖြစ်ပါတယ်။

ဒါပေမယ့် မာတီဆက်ကာကတော့ ဒီနှစ်ကမ္ဘာ့ဖလားမှာ ဂျာမနီအသင်းဟာ နည်းပြဂျိုအာချင်လိုရဲ့လက်အောက်မှာ အကောင်းဆုံးအောင်မြင်မှုတွေ ရယူနိုင်လိမ့်မယ်လို့လည်း ယုံကြည်မှုရှိနေပါတယ်။

"ကျွန်တော်ကစားခဲ့ဖူးတဲ့ ဂျာမနီအသင်းတွေမှာတော့ ဒီနှစ် ဂျာမနီအသင်းဟာ အင်အားအတောင့်တင်းဆုံးအသင်းလို့လည်း ပြောနိုင်ပါတယ်။ ကျွန်တော်တို့အသင်းဟာ နေရာတိုင်းအတွက် အကောင်းဆုံးကစားသမား နှစ်ဦးစီရှိနေပါတယ်။ ဒါ့အပြင်ပြိုင်ပွဲတိုင်းမှာလည်း အသင်းချစ်စိတ်တွေနဲ့အတူ အကောင်းဆုံးကစားနိုင်ခဲ့ပါတယ်"လို့ ပြောဆိုခဲ့ပါတယ်။

ဗိုလ်လုပွဲ၌ ဟမ်မဲလ်ပါဝင်နိုင်မည်ဟု ဂျာမနီအသင်းမန်နေဂျာ ဘီယာဟော့ဖ် ယုံကြည်ထား

ဂျာမနီအသင်း၏ အဓိက ဗဟိုခံစစ်မှူးဟမ်မဲလ်သည် အာဂျင်တီးနားနှင့်ရင်ဆိုင်ရမည့် ကမ္ဘာ့ဖလားဗိုလ်လုပွဲ၌ ပါဝင်ကစားနိုင်လိမ့်မည်ဟု ယုံကြည်ထားကြောင်း ဂျာမနီအသင်း၏ မန်နေဂျာဖြစ်သူ အိုလီဗာဘီယာဟော့ဖ်က ထုတ်ဖော်ပြောဆိုလိုက်သည်။

ဒေါ့မွန်ကစားသမား ဟမ်မဲလ်သည် ဂျာမနီအသင်းကစားခဲ့သည့် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ ပွဲစဉ်များအနက် ငါးပွဲတွင် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခွင့်ရရှိခဲ့သူဖြစ်သည်။ ခံစစ်မှူးဟမ်မဲလ်သည် ဘရာဇီးနှင့်ကစားခဲ့သော ဆီမီးဖိုင်နယ်ပွဲစဉ်၌ ပွဲထွက်ကစားသမားစာရင်းတွင် ပါဝင်ခဲ့သော်လည်း ပြီးခဲ့သည့်ရက်များအတွင်းက ဒူးဒဏ်ရာခံစားခဲ့ရသူ ဟမ်မဲလ်အား နည်းပြ ဂျိုအာချင်လိုက ပထမပိုင်းအပြီးတွင် မာတီဆက်ကာနှင့် လူစားလဲခဲ့သည်။

"ဗိုလ်လုပွဲမှာ ဟမ်မဲလ် ပါဝင်ကစားနိုင်ဖို့ လူတိုင်းမျှော်လင့်ထားပါတယ်။ သူဟာ ဒူးဒဏ်ရာအတွက် ဆေးကုသမှုတွေ ခံယူနေတယ်။ ဗိုလ်လုပွဲမှာ ဟမ်မဲလ် ပါဝင်နိုင်မယ်လို့ ကျွန်တော်တို့ ယူဆထားတယ်"ဟု ဂျာမနီတိုက်စစ်မှူးဟောင်း ဘီယာဟော့ဖ်က ပြောသွားသည်။

ဂျာမနီအသင်းသည် ဗိုလ်လုပွဲတွင် အာဂျင်တီးနားအသင်းကို ကျော်ဖြတ်ကာ ကမ္ဘာ့ဖလားချန်ပီယံဆုဖလားကို ရယူနိုင်လိမ့်မည်ဖြစ်ကြောင်း ဟော်လန်ကွင်းလယ်ကစားသမား အာဂျန်ရော်ဘင်က ပြောဆိုလိုက်သည်။

"ဂျာမနီအသင်းက ကမ္ဘာ့ဖလား ချန်ပီယံဖြစ်လာမှာပါ။ ဒါက သံသယရှိစရာမလိုတဲ့အချက်ပါပဲ။ အာဂျင်တီးနားအသင်းမှာတော့ ချန်ပီယံဖြစ်လာဖို့ အခွင့်အရေးမရှိပါဘူး"ဟု ရော်ဘင်က ပြောသွားသည်။

ဖြိုးဒေါ်လာ

မက်ဆီနှင့် အာဂျင်တီးနားကို ဘရာဇီးကစားသမား နေမာ ထောက်ခံစကားဆို

၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ ကွာတားဖိုင်နယ်အဆင့်အဖြစ် ကိုလံဘီယာအသင်းနှင့် ကစားခဲ့သည့် ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တွင် ရရှိခဲ့သော ကျောဒဏ်ရာရရှိခဲ့သူ ဘရာဇီးကစားသမား နေမာက သူ၏ကလပ်အသင်းဖော် မက်ဆီအား အာဂျင်တီးနားအသင်းနှင့်အတူ ၂၀၁၄ ကမ္ဘာ့ဖလား ချန်ပီယံဖြစ်လာစေလိုကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

ဘရာဇီးနှင့် အာဂျင်တီးနားအသင်းတို့သည် တောင်အမေရိကဒေသ၏ အဓိကပြိုင်ဘက်အသင်းများဖြစ်သော်လည်း အာဂျင်တီးနားအသင်း၌ နေမာ၏ ဘာစီလိုနာအသင်း ကစားဖော်များဖြစ်သော မက်ဆီ၊ မာရှေးယာနိုတို့ ပါဝင်နေသည်။

နေမာက "ဘောလုံးအားကစားမှာ မက်ဆီရဲ့သမိုင်းကြောင်းက အလွန်အရေးပါပါတယ်။ သူဟာ ဆုဖလားပေါင်းများစွာ ရရှိထားပြီးသူဖြစ်တယ်။ အခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ မက်ဆီအတွက် ကျွန်တော် ဂုဏ်ယူပျော်ရွှင်ချင်ပါတယ်။ မက်ဆီက ကျွန်တော့်ရဲ့ သူငယ်ချင်းတစ်ဦးဖြစ်သလို ကျွန်တော့်ရဲ့ အသင်းဖော်လည်းဖြစ်တယ်။ ကမ္ဘာ့ဖလားဗိုလ်လုပွဲမှာ သူကံကောင်းပါစေလို့ ဆန္ဒပြုပါတယ်။ မက်ဆီဟာ ကမ္ဘာ့ဖလားချန်ပီယံဆု ရရှိဖို့ ထိုက်တန်သူပါ" ဟု ပြောသွားသည်။

အာဂျင်တီးနားအသင်းပရိသတ်ပေါင်း ၁၀၀၀၀၀ ကျော်ခန့်သည် ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပမည့် ရီယိုဒီဂျနေးရိုးသို့ ရောက်ရှိလာဖွယ်ရှိနေခြင်းကြောင့် ဗိုလ်လုပွဲယှဉ်ပြိုင်ကစားစဉ်အတွင်း လုံခြုံရေးအတွက် လက်နက်ကိုင်လုံခြုံရေး ၂၆၀၀၀ ဦးကို ရီယိုဒီဂျနေးရိုးမြို့တွင် တပ်ဖြန့်ချထားမည်ဖြစ်ကြောင်း ဘရာဇီးနိုင်ငံအစိုးရက သတင်းထုတ်ပြန်ခဲ့သည်။

ဘရာဇီးနိုင်ငံမှ တာဝန်ရှိသူများနှင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)မှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးပြီးနောက် ယခုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ဖြိုးဒေါ်လာ

၂၀၁၄ ရဲ့ ဂိုးသွင်းဘုရင်မှအဆက်

တစ်ဦးတစ်ယောက်အတွက်တော့ တန်ဖိုးမဖြတ်နိုင်တဲ့အရာပဲ။ တစ်နည်းပြောရရင် အောင်မြင်မှုရရှိရေးကို ပိုမိုအလေးထားကြတာ မှန်ပေမယ့် လူဆိုတာဟာ အစဉ်အမြဲ ကျော်ကြားလိုစိတ်ရှိတယ်။ အစဉ်အဆက် ထင်ရှားလိုမှုရှိတယ်။ အထူးသဖြင့် ပြိုင်ပွဲကြီးတစ်ခုမှာ ထူးထွေတဲ့ဆုတစ်ခုရရှိခြင်းဟာ အဲဒီကစားသမားရဲ့ ရပ်တည်မှု၊ အဲဒီကစားသမားရဲ့ အဆင့်အတန်းနဲ့ သူ့အပေါ်အာရုံစိုက်နိုင်မှုတွေမှာ အပြောင်းအလဲကြီးကြီးမားမားဖြစ်မယ်။ အဆင့်ကပိုမြင့်မယ်ဆိုတော့ တစ်ဦးချင်းဆုဆိုတာကလည်း ကစားသမားတွေ စိတ်ကူးယဉ်ကြတဲ့အထဲမှာ ထိပ်ဆုံးကပါတယ်။

တခြားမကြည့်နဲ့။ ဘရာဇီးနဲ့ ဂျာမနီက ၇-၁နဲ့ နိုင်တဲ့ပွဲကိုပဲကြည့်။ အဲဒီမှာ ဂိုးပြတ်နိုင်နေပြီးတဲ့နောက် ဂျာမနီကစားသမားတွေအားလုံး အေးအေးဆေးဆေးနဲ့ သက်သောင့်သက်သာ ကစားနေကြတဲ့အချိန်မျိုးမှာ ဂျာမနီတိုက်စစ်မှူး မူလာက အေးအေးသက်သာမရှိဘူး။ သူ့ရဲ့ကစားဟန်နဲ့ အားထုတ်မှုက အကြိတ်အနယ်ယှဉ်ပြိုင်နေရတဲ့ပွဲမျိုးမှာ အားထုတ်မှုမျိုးနဲ့ လုံးဝမခြားဘူး။ ဒါဟာ ဘာကြောင့်လဲ။ အဖြေက ရှင်းရှင်းလေး။ အဲဒီပွဲမတိုင်ခင်မှာ မူလာဟာ ပြိုင်ပွဲတစ်လျှောက် စုစုပေါင်းလေးဂိုးသွင်းခဲ့တယ်။ ပြီးတော့ အဲဒီပွဲမှာ အဖွင့်ဂိုးကို သူကထပ်သွင်းပေးနိုင်လို့ စုစုပေါင်း ငါးဂိုးဖြစ်တယ်။ လက်ရှိအချိန်မှာ ဒီ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲအတွင်း ဂိုးအများဆုံးသွင်းထားတာက ဂျိမ်းစ်ရိုဒရီဂွက်ဇ်။ သူက စုစုပေါင်း ခြောက်ဂိုးသွင်းထားတယ်။ ဒါပေမယ့် သူက ပွဲကုန်ပြီ၊ ခြောက်ဂိုးအပြင် ပိုရနိုင်စရာအကြောင်းမရှိတော့ဘူး။ ဒီတော့ ပွဲချိန်အစောပိုင်းမှာတင် ငါးဂိုးဖြစ်သွားတဲ့ မူလာအတွက် အခွင့်အရေးရမှုက လမ်းပွင့်သွားတယ်။ တကယ်လို့ အဲဒီပွဲမှာသာ မူလာအနေနဲ့ တစ်ဂိုးလောက်ထပ်ရရင်တောင် ဂျိမ်းစ်ရိုဒရီဂွက်ဇ်နဲ့ သွင်းဂိုးအရေအတွက်ချင်းတူသွားတယ်။ တကယ်လို့ သူသာ နောက်ဆုံးပွဲမှာ တစ်ဂိုးလောက်ထပ်ရနိုင်ရုံနဲ့ မူလာအနေနဲ့ ဂိုးသွင်းဘုရင်ဆုကို လွတ်လွတ်လပ်လပ် မျှော်လင့်နိုင်မယ်။ ပြီးတော့အဲဒီပွဲက ဂိုးရဖို့အတွက် အခွင့်အရေးအရှိဆုံးပွဲ။ ပထမပိုင်းတစ်ချိန်လုံးမှာ ဘရာဇီးက စိတ်ဓာတ်ပိုင်းယိုယွင်းပျက်စီးမှုနဲ့အတူ ခြေစွမ်းပိုင်းအဆိုးဆုံးအခြေအနေကို ရောက်နေတဲ့အသင်း။ ဒုတိယပိုင်းမှာဆိုရင်လည်း ချေပဂိုးတွေရဖို့ ထိုးစစ်ကို အလွန်အကျွံလိုက်ပါနေကြရင်းက ခံစစ်ပိုင်းပွင့်ထွက်နေတဲ့အသင်း။ ဒါ့ကြောင့်ပဲ ဂျာမနီဟာ လွယ်လွယ်ကူကူနဲ့ ခုနစ်ဂိုးရခဲ့သလို သူ့အတွက်လည်း ဂိုးထပ်ရနိုင်ခွင့်အများအပြားရှိတယ်။ ဒါကြောင့်ပဲ မူလာဟာ ဂိုးထပ်ရဖို့ အကြိတ်အနယ်ကစားရတဲ့ပွဲမျိုးမှာလို အားထုတ်ခဲ့တာ။

ဒါပေမယ့် ခက်တာက အဲဒီပွဲမှာ မူလာ ဂိုးထပ်မရခဲ့ဘူး။ အဲဒီလို ဂိုးထပ်မရခြင်းဟာ သူ့ရဲ့အိပ်မက်အတွက် အကြီးမားဆုံး အဟန့်အတားပဲလို့မြင်ကြတယ်။ အထူးသဖြင့် မူလာဟာ လက်ရှိအချိန်မှာ စုစုပေါင်း ငါးဂိုးရထားတာမှန်တယ်။ ဒီအတွက် လက်ရှိ ဂိုးအများဆုံးသွင်းထားတဲ့ ဂျိမ်းစ်ရိုဒရီဂွက်ဇ်ကိုမီဖို့ တစ်ဂိုးသာလိုတာမှန်တယ်။ ပြီးတော့ သူ့မှာလည်း ကစားဖို့က တစ်ပွဲကျန်သေးတယ်။ ဒီတော့ သူ့အနေနဲ့ ဂိုးထပ်မရဘူးလို့ ယတိပြတ်ပြောလို့မရနိုင်တာမှန်ပေမယ့် အတော်တော့ခက်မယ်လို့ တွက်ကြတယ်။ အထူးသဖြင့် သူကစားဖို့ ကျန်တာက ရိုးရိုးပွဲမဟုတ်ဘူး။ ပြိုင်ပွဲတစ်ခုလုံးရဲ့ အရေးအကြီးဆုံးဖြစ်တဲ့ ဗိုလ်လုပွဲ။ အဲဒီလို ပွဲမျိုးဆိုတာက နှစ်သင်းစလုံး အားသွန်ခွန်စိုက်နဲ့ အမှားမခံစတမ်းကြိုးစားကြတဲ့ပွဲမျိုး။ ဒီလိုပွဲမျိုးဆိုတာက သူဂိုးသွင်းနိုင်ဖို့ဆိုတာထက် အသင်းအနေနဲ့ ဂိုးရဖို့တောင် အတော်လေးရုန်းကန်ကြရတဲ့ပွဲမျိုး။ ပိုဆိုးတာက ဘရာဇီးနဲ့ပွဲတုန်းကလို ဂိုးပြတ်နိုင်နေချိန်မှာ သူ့ရဲ့တစ်ဦးချင်းအောင်မြင်လိုစိတ်အတွက် တစ်ကိုယ်ကောင်းဆန်မှုမျိုးတွေလုပ်ဖို့ အခွင့်အရေးက အတော်နည်းတယ်။ သူ့အနေနဲ့ သူ့ရဲ့တစ်ဦးချင်းအောင်မြင်မှုအတွက် ဂိုးသွင်းဘုရင်ဆုရဖို့ဆိုတာထက် အသင်းလိုက်အောင်မြင်မှုရရှိရေးကိုပါ ပိုပြီးအလေးထားရဦးမှာဆိုတော့၊ မူလာအနေနဲ့ ဂျိမ်းစ်ရိုဒရီဂွက်ဇ်ရဲ့စံချိန်ကို နောက်ဆုံးဗိုလ်လုပွဲမှာ အကောင်းဆုံးခြေစွမ်း၊ စိတ်ဓာတ်နဲ့ ကျော်ဖြတ်နိုင်ပါ့မလား။

တကယ်တော့ ဒီတစ်ကြိမ်ကမ္ဘာ့ဖလားမှာ ဂျိမ်းစ်ရိုဒရီဂွက်ဇ်ရဲ့ ခြောက်ဂိုးဆိုတဲ့စံချိန်ကို မီနိုင်တာဆိုလို့လည်း အနီးစပ်ဆုံးက သူပဲရှိတယ်။ သူက ငါးဂိုး။ မက်ဆီက လေးဂိုးသာရထားလို့ ဗိုလ်လုပွဲမှာ နှစ်ဂိုးသွင်းနိုင်မှ မျှော်လင့်နိုင်မယ့်အခြေအနေဆိုတော့ မက်ဆီက မူလာလောက်တောင် အခွင့်အရေးမရှိဘူး။ လေးဂိုးသွင်းထားတဲ့နေမာကျတော့ ဒဏ်ရာကြောင့် ပွဲထပ်မကစားရတော့ဘူး။ သုံးဂိုးစီသွင်းထားတဲ့ ဗန်ပါစီနဲ့ ရော်ဘင်တို့ကရော တတိယလုပွဲမှာ ဟတ်ထရစ်သွင်းနိုင်ပါ့မလား။ ဒီတော့ ဂိုးသွင်းဘုရင်ဆုနဲ့ပတ်သက်ရင် မူလာက အခရာအကျဆုံးပဲ။ ပြီးတော့ မူလာကပြီးခဲ့တဲ့ ၂၀၁၀ တုန်းက ဂိုးသွင်းဘုရင်။ ဒါကြောင့် ဂျိမ်းစ်ရိုဒရီဂွက်ဇ် လက်ထဲရောက်စပြုနေတဲ့ ဂိုးသွင်းဘုရင်ဆုကို မူလာ ပြန်ယူနိုင်၊ ပြန်မယူနိုင် အားလုံးက စောင့်ကြည့်နေကြတယ်လို့ပဲ ပြောချင်တယ်။ ။

ဝေဖန်မှုတွေကို အကောင်းဆုံး တုံ့ပြန်နိုင်ခဲ့ပြီလို့ဆိုတဲ့ အာဂျင်တီးနား တိုက်စစ်မှူး အဂူရို

အောင်က

အဂူရို

အာဂျင်တီးနားအသင်းဟာ ဆီမီးဖိုင်နယ်ကို အကောင်းဆုံးဖြတ်ကျော်ပြီး ဗိုလ်လုပွဲကို တက်ရောက်နိုင်ခဲ့ပြီဖြစ်တာကြောင့် အားလုံးရဲ့ဝေဖန်မှုတွေကို အလှပဆုံးတုံ့ပြန်နိုင်ခဲ့ပြီလို့ တိုက်စစ်မှူးအဂူရိုကတော့ ဖွင့်ဟပြောဆိုလိုက်ပါတယ်။

အာဂျင်တီးနားအသင်းဟာ ဟော်လန်အသင်းနဲ့ ကစားခဲ့တဲ့ ဆီမီးဖိုင်နယ်ပွဲစဉ်မှာတော့ အချိန်ပိုအထိ ဂိုးမရှိသရေကျခဲ့တာကြောင့် ပယ်နယ်တီအဆုံးအဖြတ်နဲ့ ကစားခဲ့ရတာဖြစ်ပြီးပယ်နယ်တီမှာတော့ အာဂျင်တီးနားအသင်းဟာ ဟော်လန်အသင်းကို ၄-၂နဲ့အနိုင်ရရှိကာ ဗိုလ်လုပွဲကိုတက်ရောက်နိုင်ခဲ့တာလည်းဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာတော့ တိုက်စစ်မှူး အဂူရိုဟာ ဒုတိယပိုင်းမှသာ အသင်းမှာ လူစားလဲပါဝင်ကစားနိုင်ခဲ့တာလည်းဖြစ်ပါတယ်။ အသင်းနဲ့ပတ်သက်ပြီး တိုက်စစ်မှူး အဂူရိုက "လူတော်တော်များများက အာဂျင်တီးနားအသင်းဟာ ဒီနှစ်ကမ္ဘာ့ဖလားမှာ ဗိုလ်လုပွဲကိုရောက်လိမ့်မယ်လို့ လုံးဝမထင်ထားကြပါဘူး။ ဒါပေမယ့် ကျွန်တော်တို့အသင်းမှာက တစ်ဦးကောင်းကစားသမားတွေအများကြီးရှိတယ်ဆိုတာကိုတော့ ကျွန်တော်တို့က ကောင်းကောင်းသိထားပါတယ်။ အဲဒါကြောင့်လည်း အခုလို ရလဒ်ကောင်းတွေရရှိတယ်လို့ ဆိုရမှာပါ"လို့ ပြောဆိုခဲ့ပါတယ်။ ဒါ့အပြင်အဲဒီပွဲမှာတော့ မိနစ် ၉၀ ကစားပြီးလို့ အချိန်ပိုဆက်ကစားတဲ့အချိန်မှာမှ အသင်းကို လူစားလဲဝင်ရောက်လာခဲ့တဲ့ အသက်၂၄နှစ်အရွယ်ရှိတဲ့ကွင်းလယ်ကစားသမား မာဇီရိုဒရီဂေးဇ်က "အခုအခါမှာတော့ ကျွန်တော်တို့အသင်းဟာ ဗိုလ်လုပွဲကိုကစားရတော့မှာပါ။ ဒါပေမယ့်အဲဒါဟာ အာဂျင်တီးနားနိုင်ငံကနေ ထွက်လာခဲ့စဉ်ကတည်းက ရည်ရွယ်ထားတဲ့ ရည်ရွယ်ချက်လည်းဖြစ်ပါတယ်။ နောက်ဆုံးဗိုလ်လုပွဲမှာတော့ အကောင်းဆုံးကစားရမှာလည်းဖြစ်ပါတယ်။ ကျွန်တော့်ကို အခုလို နိုင်ငံအသင်းမှာ အကောင်းဆုံးကစားနိုင်ဖို့အတွက် အားပေးခဲ့ကြတဲ့ မိသားစုနဲ့ အာဂျင်တီးနားပရိသတ်တွေကို အလွန်ပဲ ကျေးဇူးတင်ရှိပါတယ်။ အခုအချိန်မှာတော့ သူတို့ရဲ့အားပေးမှုကို တုံ့ပြန်တဲ့အနေနဲ့ ဆုဖလားရယူပြီး သူတို့ရဲ့ဆန္ဒကို ဖြည့်ဆည်းပေးသွားမှာပါ"လို့လည်းပြောဆိုခဲ့ပါတယ်။

အာဂျင်တီးနားအသင်းဟာ ဗိုလ်လုပွဲစဉ်မှာတော့ အိမ်ရှင်ဘရာဇီးကိုဖြတ်ကျော်ပြီး ဗိုလ်လုပွဲကိုတက်ရောက်လာခဲ့တဲ့ ဂျာမနီအသင်းနဲ့ တွေ့ဆုံကစားရမှာ ဖြစ်ပါတယ်။

အကောင်းဆုံးကြိုးစားခဲ့ဟု စကိုလာရီပြောဆို

"ကျွန်တော်တို့ အကောင်းဆုံး ကြိုးစားခဲ့ပေမယ့် ထိုက်သင့်တဲ့နေရာနဲ့ပဲ ကျေနပ်ရမယ့် အနေအထားဖြစ်ခဲ့ပါတယ်"လို့ ဘရာဇီးနည်းပြ စကိုလာရီက ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

ဘရာဇီးအသင်းဟာ အိမ်ရှင်ဖြစ်တဲ့အပြင် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ခြေစွမ်းပြနိုင်ခဲ့ပေမယ့် အကြိုဗိုလ်လုပွဲမှာ အံ့အားသင့်စာရာ ၇-၁ နဲ့ရှုံးပွဲကြုံခဲ့တာမို့ နည်းပြ စကိုလာရီလည်း မျက်နှာပျက်စရာဖြစ်တဲ့အပြင် ဂုဏ်သိက္ခာပါကျဆင်းခဲ့ရပါတယ်။

"အဓိကတိုက်စစ်မှူး နေမာ မပါတာကြောင့်လို့ဆိုတဲ့ ဆင်ခြေကိုတော့ ကျွန်တော်မပြောတော့ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဘရာဇီးအသင်းဟာ နေမာတစ်ဦးတည်းနဲ့ ဖွဲ့စည်းထားတာမဟုတ်ပါဘူး၊ ဒီပွဲရဲ့ ရှုံးနိမ့်မှုမှာ ကျွန်တော့်ဘဝအတွက် မေ့ပျောက်လို့မရတဲ့ အမည်းစက်တစ်ခုလို့ထင်ပါတယ်" လို့ ဘရာဇီးနည်းပြ စကိုလာရီက ပြောပါတယ်။

စကိုလာရီဟာ ဘရာဇီးအသင်းကို နှစ်ကြိမ်ကိုင်တွယ်ခဲ့ဖူးပြီး ၂၀၀၂ ခုနှစ်က ပထမဆုံးကိုင်တွယ်ခဲ့စဉ်က ဘရာဇီးအသင်း ချန်ပီယံရယူနိုင်ခဲ့ပါတယ်။ အခုလည်း ဘရာဇီးအသင်းကို ချန်ပီယံဖြစ်စေလိုတဲ့ ကြီးမားတဲ့ဆန္ဒနဲ့ နည်းပြတာဝန်ယူခဲ့ပေမယ့် တတိယနေရာအတွက်တောင် ကြိုးစားရုန်းကန်ရမယ့် အခြေအနေဖြစ်ပါတယ်။ အသက် ၆၅ နှစ်ရှိပြီးဖြစ်တဲ့ နည်းပြ စကိုလာရီဟာ ယခုကမ္ဘာ့ဖလားပွဲပြီးရင်တော့ ဘရာဇီးနည်းပြတာဝန်က နုတ်ထွက်မယ်လို့ သတင်းတွေထွက်ပေါ်နေပါတယ်၊ ဒါ့အပြင် ဂျာမနီအသင်းကို ခုနစ်ဂိုးအထိ အသွင်းခံရမှုအပေါ် သံသယဖြစ်စရာကောင်းတယ်လို့ ဝေဖန်မှုတွေကိုတော့ ဘရာဇီးဘောလုံးအဖွဲ့ချုပ်က ပယ်ချထားပါတယ်။

"ဘရာဇီးအသင်း ချန်ပီယံဖြစ်ရေးဟာ ကျွန်တော့်အိပ်မက်ဖြစ်ပါတယ်။ မျှော်မှန်းတဲ့အတိုင်း ဖြစ်မလာတာကတော့ ကျွန်တော့်ရဲ့တာဝန်လို့ပဲမှတ်ယူပါတယ်။ ဘရာဇီးဘောလုံးသမားတွေအားလုံး ကြိုးစားကြတာ အမြင်ပါ။ ဂျာမနီအသင်းက ကျွန်တော်တို့ထက်ပိုကောင်းလို့ အနိုင်ရရှိသွားတာဖြစ်ပါတယ်" လို့ နည်းပြ စကိုလာရီကပြောပါတယ်။

ဘရာဇီးအသင်းဟာ တတိယနေရာလုပွဲအဖြစ် ဟော်လန်နဲ့ ကစားရမှာဖြစ်ပြီး အကြိတ်အနယ်ကစားရမယ့် အနေအထားရှိနေပါတယ်။

စကိုလာရီ

ကိုဝ

သာမန်ပွဲချိန်အတွင်း အပြေပေါ်ဖို့ခက်တဲ့ ကမ္ဘာ့ဖလား တတိယနေရာလုပွဲ

ထက်အောင်

ဘရာဇီးအသင်းဟာ အိမ်ရှင်အခွင့်အရေးနဲ့ ကမ္ဘာ့ဖလားချန်ပီယံဖြစ်ဖို့အထိ ရေပန်းစားခဲ့ပေမယ့် ဆီမီးဖိုင်နယ်မှာ ကြီးမားတဲ့အရှုံးနဲ့ရင်ဆိုင်ခဲ့ရသလို ဟော်လန်ကလည်း ဆီမီးအဆင့်မှာ အကောင်းဆုံးခြေစွမ်းမပြနိုင်ခဲ့တာကြောင့် အခုပွဲမှာ ဒီနှစ်သင်းရဲ့ ရှုန်းအားက စိတ်ဝင်စားဖို့ကောင်းနေတယ်။

ဘရာဇီး Vs ဟော်လန်	
ကစားမည့် ရက်၊ အချိန်နှင့် ကွင်း	၁၃-၇-၂၀၁၄၊ နံနက် ၂း၃၀ Nacional Mane Garrincha
နောက်ဆုံးဆုံတွေ့မှုရလဒ်	ဘရာဇီး ၀-၀ ဟော်လန် (၅-၆-၂၀၁၁)

၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အိမ်ရှင်ဖြစ်တဲ့ ဘရာဇီးအသင်းဟာ ဆီမီးဖိုင်နယ်အဆင့်မှာ ဂျာမနီအသင်းကို အရှက်ရဖွယ်ရလဒ်နဲ့ အရေးနိမ့်ခဲ့ရတာမို့ အသင်းရဲ့ ဂုဏ်သိက္ခာကို ပြန်လည်မြှင့်တင်နိုင်ဖို့အတွက် တတိယနေရာလုပွဲမှာ အားထည့်ကစားလာမှာပါ။ ဒါပေမယ့် ဘရာဇီးအသင်းရဲ့ တိုက်စစ်မှူးတွေ ဂိုးသွင်းခြေပျောက်ဆုံးနေတာမို့ အခုပွဲမှာ ဘရာဇီးအသင်း ဂိုးရရှိရေးခက်ခဲမှာပါ။ ဘရာဇီးအသင်းရဲ့ကွင်းလယ်မှာ ခြေစွမ်းပိုင်းကောင်းမွန်တဲ့ ကစားသမားတွေရှိနေတာကြောင့် ဟော်လန်အသင်းကွင်းလယ်ကို အကောင်းဆုံးရင်ဆိုင်နိုင်စွမ်းရှိတယ်။ ဘရာဇီးအသင်းခံစစ်ကတော့ နောက်ဆုံးကစားခဲ့တဲ့ ကမ္ဘာ့ဖလားပွဲ လေးပွဲဆက် ဂိုးပေးခဲ့ရသလို ဂျာမနီနဲ့ပွဲမှာလည်း ခုနစ်ဂိုးအထိ ပေးခဲ့ရတယ်။ ဘရာဇီးအသင်းနည်းပြ စကိုလာရီအနေနဲ့ ဟော်လန်နဲ့ပွဲမှာ မာဆယ်လို၊ ဒေးဗစ်လူးဝစ်ဇ်၊ မိုင်ကွန်တို့ကိုသာ အသုံးပြုလာဖွယ်ရှိပြီး အသင်းရဲ့ အဓိကခံစစ်မှူး သီယာဂိုဆေးလ်ဗားလည်း ပြန်လည်ပါဝင်လာမှာဖြစ်တာမို့ ဘရာဇီးခံစစ်ပိုင်း ပိုမိုတောင့်တင်းလာနိုင်တယ်။ ဒါ့အပြင် နည်းပြ စကိုလာရီက ခံစစ်နဲ့ပတ်သက်ပြီး အထူးပြင်ဆင်မှုတွေ ပြုလုပ်နိုင်တာကြောင့် ဟော်လန်အသင်း ဂိုးရရှိဖို့လည်း ခက်ခဲနိုင်တာကို သတိပြုရမယ်။ ဆီမီးဖိုင်နယ်အဆင့်မှာ အာဂျင်တီးနားကို သရေကစားနိုင်ခဲ့တဲ့ ဟော်လန်ရဲ့ခြေစွမ်းက မဆိုးဘူး။ ဟော်လန်ရဲ့ အသင်းလိုက်ကစားပုံ ကောင်းမွန်မှုရှိသလို ဝီလ်နာလ်ဒန်၊ စနိုက်ဒါ၊ ဒီဂျောင်တို့လို ကစားသမားတွေ ပါဝင်လာမယ့် ဟော်လန်ကွင်းလယ်ကလည်း ဘရာဇီးကွင်းလယ်ထက် သိသိသာသာအားနည်းမှုမရှိတာမို့ ဟော်လန်အနေနဲ့ ဘရာဇီးရဲ့ တစ်ဖက်သတ် ဖိအားပေးကစားမှုကိုခံရဖို့ အလားအလာနည်းတယ်။ ဗန်ပါစီ၊ စနိုက်ဒါတို့ ဦးဆောင်တဲ့ ဟော်လန်အသင်းတိုက်စစ်ကတော့ နောက်ဆုံးကစားခဲ့တဲ့ ကမ္ဘာ့ဖလားပွဲနှစ်ပွဲမှာ သာမန်ပွဲချိန် မိနစ် ၉၀ အတွင်းသာမက အချိန်ပိုပြီးဆုံးချိန်အထိ ဂိုးသွင်းယူနိုင်မှု မရှိခဲ့တာကြောင့် ပြင်ဆင်မှုတွေ ပြုလုပ်လာမယ့် ဘရာဇီးခံစစ်ကို ဖိအားပေးနိုင်ဖို့ ခက်ခဲနိုင်တယ်။ ဒါ့အပြင် ဟော်လန်ကစားသမားတွေရဲ့ စွမ်းဆောင်နိုင်မှုကလည်း အနည်းငယ် အကျပိုင်းရောက်နေတာကြောင့် ဘရာဇီးနဲ့ပွဲမှာ ရလဒ်ကောင်းရရှိဖို့ ဟော်လန်ရုန်းကန်ရမှာပါ။ ဟော်လန်အသင်းဟာ ဘရာဇီးနဲ့ ကိုးကြိမ် ဆုံတွေ့ခဲ့ဖူးရာမှာ နှစ်ပွဲသာအနိုင်ရပြီး လေးပွဲသရေကျကာ သုံးပွဲရှုံးနိမ့်ခဲ့ရတဲ့အသင်းဖြစ်တယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ ၂၀၁၀ ပြည့်နှစ်ကစပြီး ဘရာဇီးအသင်းနဲ့ နှစ်ပွဲကစားခဲ့ရာမှာ တစ်ပွဲသရေ၊ တစ်ပွဲနိုင်ရလဒ် ရယူနိုင်ခဲ့တာမို့ ဟော်လန်အနေနဲ့ ဘရာဇီးနဲ့ ရင်ဆိုင်ရမှုတွေမှာ ရုန်းအားပိုကောင်းလာတယ်လို့ဆိုရမယ်။ ဟော်လန်အသင်းနည်းပြ ဗန်ဟားလ်ကလည်း ချန်ပီယံဆုရယူပေးနိုင်ခြင်းမရှိပေမယ့် ယခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဟော်လန်အတွက် အမြင့်ဆုံးအောင်မြင်မှုဖြစ်တဲ့ တတိယနေရာကိုရယူနိုင်ဖို့ စီစဉ်မှုတွေ ပြုလုပ်လာမှာပါ။ ဒါပေမယ့် ဟော်လန်ဟာ ဘရာဇီးမြေမှာ ဘရာဇီးအသင်းနဲ့ လေးကြိမ်ဆုံတွေ့မှုတွေမှာတော့ နိုင်ပွဲမရှိခဲ့တာကြောင့် အခုပွဲက ဟော်လန်အတွက်လည်း ခက်ခဲလွန်းတဲ့ပွဲဖြစ်လာမှာပါ။ နှစ်သင်းစလုံး ရလဒ်ကောင်းရရှိဖို့ အားစိုက်လာမှာဖြစ်ပေမယ့် ကစားသမားတွေရဲ့ ပွဲပန်းနွမ်းနယ်မှုကြောင့် အကောင်းဆုံးခြေစွမ်းပြသနိုင်ဖို့ခက်ပြီး သာမန်ပွဲချိန်အတွင်း သရေရလဒ်နဲ့သာ အဆုံးသတ်သွားဖို့ များတယ်။

ဖြစ်နိုင်ဖွယ်ရလဒ် ၁-၁


ဗန်ပါစီ

ဘရာဇီး၏ ကမ္ဘာ့ဖလားခြေစွမ်း		
ဘရာဇီး	၃-၁	ခရိုအေးရှား
ဘရာဇီး	၀-၀	မက္ကဆီကို
ကင်မရွန်း	၁-၄	ဘရာဇီး
ဘရာဇီး(p)	၁-၁	ချီလီ
ဘရာဇီး	၂-၁	ကိုလံဘီယာ
ဘရာဇီး	၁-၇	ဂျာမနီ

ဟော်လန်၏ ကမ္ဘာ့ဖလားခြေစွမ်း		
စပိန်	၁-၅	ဟော်လန်
ဩစတြေးလျ	၂-၃	ဟော်လန်
ဟော်လန်	၂-၀	ချီလီ
ဟော်လန်	၂-၁	မက္ကဆီကို
ဟော်လန်(p)	၀-၀	ကော်စတာရီကာ
ဟော်လန်	၀-၀	(p)အာဂျင်တီးနား

ဘရာဇီး၏ ကမ္ဘာ့ဖလားနောက်ဆုံးသုံးပွဲ ခြေစွမ်း

ဘရာဇီး - ချီလီ		
ဘရာဇီး	ရလဒ်(၁-၁)	ချီလီ
၉	ထောင့်ကန်ဘော	၅
၇	ဂိုးပေါက်တည့်မှု	၃
၁၂	ဂိုးပေါက်လွဲမှု	၆
၅၄	ဘောလုံးပိုင်ဆိုင်မှု	၄၆

ဘရာဇီး - ကိုလံဘီယာ		
ဘရာဇီး	ရလဒ်(၂-၁)	ကိုလံဘီယာ
၄	ထောင့်ကန်ဘော	၆
၄	ဂိုးပေါက်တည့်မှု	၃
၇	ဂိုးပေါက်လွဲမှု	၅
၄၅	ဘောလုံးပိုင်ဆိုင်မှု	၅၅

ဘရာဇီး - ဂျာမနီ		
ဘရာဇီး	ရလဒ်(၁-၇)	ဂျာမနီ
၇	ထောင့်ကန်ဘော	၅
၈	ဂိုးပေါက်တည့်မှု	၂
၅	ဂိုးပေါက်လွဲမှု	၃
၅၄	ဘောလုံးပိုင်ဆိုင်မှု	၄၆

ဟော်လန်၏ ကမ္ဘာ့ဖလားနောက်ဆုံးသုံးပွဲ ခြေစွမ်း

ဟော်လန် - မက္ကဆီကို		
ဟော်လန်	ရလဒ်(၂-၁)	မက္ကဆီကို
၁၀	ထောင့်ကန်ဘော	၂
၄	ဂိုးပေါက်တည့်မှု	၅
၇	ဂိုးပေါက်လွဲမှု	၆
၅၈	ဘောလုံးပိုင်ဆိုင်မှု	၄၂

ဟော်လန် - ကော်စတာရီကာ		
ဟော်လန်	ရလဒ်(၀-၀)	ကော်စတာ
၁၁	ထောင့်ကန်ဘော	၁
၈	ဂိုးပေါက်တည့်မှု	၁
၃	ဂိုးပေါက်လွဲမှု	၃
၆၉	ဘောလုံးပိုင်ဆိုင်မှု	၃၁

ဟော်လန် - အာဂျင်တီးနား		
ဟော်လန်	ရလဒ်(၀-၀)	အာဂျင်
၄	ထောင့်ကန်ဘော	၄
၂	ဂိုးပေါက်တည့်မှု	၄
၄	ဂိုးပေါက်လွဲမှု	၃
၅၀	ဘောလုံးပိုင်ဆိုင်မှု	၅၀